မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၄)၊ အမှတ်(၁၀၉)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပုလဲမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ကမ္ဘာ့ပုလဲဈေးကွက်တွင် အခြားနိုင်ငံများ၏ ပုလဲများထက် အရည်အသွေးကောင်းပြီး လူကြိုက်များသောပုလဲများ တီထွင်ထုတ်လုပ် ခေတ်မီပုလဲမွေးမြူရေးလုပ်ငန်း၌ တိုင်းရင်းသားလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာအောင် အားပေးပျိုးထောင်ရန် မှာကြား

ရန်ကုန် ဇန်နဝါရီ ၁၆

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ***စာမျက်နှာ ၃ ကော်လံ ၁*** ✡

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပုလဲကျွန်းရှိ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပုလဲမွေးမြူရေးစခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

ဝင်ငွေကောင်းမည့် ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းသာမက ခြံစည်းရိုးကြက်ဆူပင်များပါ တိုးချဲ့စိုက်ပျိုး

နိုင်ငံတော် အစိုးရသည် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်နေရမည့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကိုချမှတ်ကာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန် စနစ်တကျ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် နိုင်ငံတော်အဆင့်မှ တာဝန်ရှိသူများသည် အောက်ခြေအထိ မပြတ်ကွင်းဆင်း ထိတွေ့၍ အားနည်းချက်များကိုပြုပြင်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးတည်ချက်ရှိရှိ၊ ရည်မှန်းချက်ရှိရှိ ရှေ့ဆောင်ရှေ့ရွက်ပြု၍ အကောင်အထည်ဖော်ပေးနေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ တနင်္သာရီတိုင်းသို့ သွားရောက်ခဲ့သည့် ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါခဲ့သည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ဇန်နဝါရီလ ၁၃ရက်နေ့ မွန်းလွဲပိုင်းက ဘုတ်ပြင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သပြေခန်းမ၌ ဘုတ်ပြင်းမြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာ၌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘုတ်ပြင်းမြို့နယ်၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင်–

"တနင်္သာရီတိုင်းအနေဖြင့် ဒေသဝမ်းစာ ဆန်ဖူလုံအောင် စိုက်ပျိုးထုတ်လုပ်သွားကြရမှာဖြစ်ကြောင်း၊ ရေမြေရာသီဥတု အခြေအနေပေးမှုအပေါ် ဝင်ငွေကောင်းရရှိစေမည့် ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းတို့ကို ဖြစ်ထွန်းအောင်မြင်အောင် တိုးချဲ့စိုက်ပျိုးသွားရမည်ဖြစ်သကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို ထိရောက်စွာ အထောက်အကူပြုမည့် ခြံစည်းရိုးကြက်ဆူပင်များ အောင်မြင်ဖြစ်ထွန်းအောင်လည်း စိုက်ပျိုးသွားကြရန် ဖြစ်ကြောင်း"

ပြောကြားသွားခဲ့သည်။

တနင်္သာရီတိုင်းကိုကြည့်ပါက ကော့သောင်း–မြိတ်–ထားဝယ်–မော်လမြိုင်– ရန်ကုန် ပြည်ထောင်စုလမ်းမကြီးသည် ထင်ထင်ရှားရှားပေါ်ထွက်လာခဲ့ပြီ ဖြစ်သကဲ့သို့ ရထားလမ်းအနေဖြင့်လည်း ရန်ကုန်–မော်လမြိုင်–ရေး–ထားဝယ် ဆက်ကြောင်းသစ် ပေါ်ပေါက်ခဲ့ပြီ ဖြစ်သည်။ ကော့သောင်း၊ ဘုတ်ပြင်း၊ မြိတ်၊ ထားဝယ်တို့၌လည်း လေယာဉ်ကွင်းကြီးများကို တိုးချဲ့တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တနင်္သာရီတိုင်းအပါအဝင် ပြည်နယ်၊ တိုင်း ဒေသအသီးသီး ဖြစ်နိုင်သမျှ တစ်ပြေးညီ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

တနင်္သာရီတိုင်းကို နိုင်ငံတော်၏ ဆီအိုးကြီးဖြစ်လာစေရန် ဆီအုန်းကို ဧကေါ်သိန်း စိုက်ပျိုးနိုင်ရေးအတွက် ပုဂ္ဂလိက လုပ်ငန်းရှင်များအား လိုအပ်သည်များကို ပံ့ပိုးကူညီပေးလျက်ရှိသကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် စပါးတင်းသန်း ၁၅၀၀ထွက်ရှိရေးကိုလည်း အားပေးဆောင်ရွက်လျက်ရှိသည်။

တနင်္သာရီတိုင်းသည် ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်း၊ ငါး၊ ပုစွန်လုပ်ငန်းနှင့် ဓာတ်သတ္တုလုပ်ငန်းများ ဖြစ်ထွန်းနိုင်သည့် အခြေခံကောင်းများ ရှိသည့်အပြင် ရေမြေသယံဇာတများ ပေါကြွယ်ဝမှုတို့ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများ ရှိသည့် တိုင်းတစ်တိုင်းဖြစ်သည်။

ယင်းအခြေခံကောင်းများပေါ်တွင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများသည် တစ်စည်းတလုံးတည်းသောစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်နှင့် မျိုးချစ်စိတ်ဓာတ်တို့ကို အခြေခံ၍ မိမိနိုင်ငံ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်အောင် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းသွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တနင်္သာရီတိုင်းအနေဖြင့် ဒေသဝမ်းစာ ဆန်ဖူလုံအောင် စိုက်ပျိုးထုတ်လုပ်သွားကြရမည်ဖြစ်သကဲ့သို့ ရေမြေရာသီဥတု အခြေအနေပေးမှုအပေါ် ဝင်ငွေကောင်းရရှိစေမည့် ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်း တို့ကိုသာမက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးကို ထိရောက်စွာ အထောက်အကူပြုမည့် ဇီဝဒီဇယ်ဆီများ ရရှိနိုင်သည့် ခြံစည်းရိုးကြက်ဆူပင်များကိုပါ တိုးချဲ့စိုက်ပျိုးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

မြဝတီရုပ်မြင်သံကြား

၁၇-၁-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၃၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
- ၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၅၀ ၇။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၈။ ပညာခေတ်
- ၅:၄၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၁)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ ကျန်းမာသုတ
- ၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားရှင်"** (အပိုင်း-၄၄) ဇာတ်သိမ်း

ပြည်သူ့သဘောထား

- * ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- * နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- * ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမျိုးသားညီလာခံကိုကြိုဆိုထောက်ခံ

ညောင်တုန်းမြို့နယ်အနော်ရထာလမ်း ကတ္တရာလမ်းသစ်နှင့် ပန်းတနော်မြို့နယ် ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်ပွဲများကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် ဧရာဝတီတိုင်း ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသွားသော ညောင်တုန်းမြို့ အနော်ရထာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက် ၇ နာရီက ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ် ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်က လမ်းနှင့်ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြ၍ လမ်းသစ်ကို ရပ်မိရပ်ဖ ဦးအောင်ခိုင်၊ ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့် တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြကာ ဝန်ကြီးနှင့်အဖွဲ့သည် အရှည်ပေ ၂၁၂၀ အကျယ်၁၂ပေရှိ လမ်းသစ်ကို လှည့်လည် ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ကျေးလက်ကျောက်ချောလမ်းသစ်ဖွင့်

ဆက်လက်၍ ဝန်ကြီးသည် အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသွားသော ဒေါင့်ကြီး–တောကျောင်း–ပျဉ်တုံးကြီး–ဂုံမင်း ကျေးလက် ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

အမှာစကားပြောကြား

ရှေးဦးစွာ ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်က ကျောက်ချောခင်းလမ်း ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ ပန်းတနော်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးသန်းအေးက လမ်း ဖြစ်မြောက်အောင်မြင်အောင် အသင်းမှပါဝင်ပူးပေါင်းကူညီ ဆောင်ရွက်ခဲ့မှုများနှင့် လမ်းဖောက်လုပ်ခဲ့မှုကြောင့် ရရှိခံစားရသည့် အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်က အမှာစကားပြောကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် ကျောက်ချောလမ်းသစ်ကို မအူပင်ခရိုင် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိန်မောင်၊ မအူပင်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဝင်းသိန်းနှင့် ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သန်းလွင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးနှင့်အဖွဲ့သည် လမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ကျေးလက် ကျောက်ချော လမ်းမှာ အရှည် ၆ မိုင် ၄ ဒသမ ၅ ဖာလုံရှိသည်။

ယင်းနောက် ဝန်ကြီးသည် ပန်းတနော်မြို့နယ် ချောင်းကလေးကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခွဲနှင့် ကျောင်းဆိုင်ဘုတ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာကြီး ဦးခင်လှိုင်နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌဦးလှဝင်းတို့က ချောင်းကလေး ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးက ကျောင်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးက အမှာစကား ပြောကြားပြီး ချောင်းကလေးကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲ တိုးချဲ့နှစ်ထပ်ကျောင်းဆောင် ဆောက်လုပ်ရန်အတွက် ဦးကျင်ညိမ်း၊ ဒေါ်အေးမြင့် (ဖိုးလမင်းကုမ္ပဏီ)မိသားစုနှင့် ဦးငြိမ်းမြိုင်၊ ဒေါ်ခင်ရီ (ဖိုးလမင်း ကုမ္ပဏီ)မိသားစုတို့က အလှူငွေကျပ် ၂၅ သိန်း စုစုပေါင်းငွေကျပ်သိန်း ၅၀ ကို ပေးအပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

✡ ရှေ့ဖုံးမှ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဇန်နဝါရီ ၁၄ရက် နံနက် ၁၀နာရီခွဲတွင် ရဟတ်ယာဉ်များဖြင့် ဘုတ်ပြင်းမြို့နယ် တောင်ဒဂုံ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်း ဆီကြိမ်းစက်ရုံမှ ဘုတ်ပြင်းမြို့နယ် ပုလဲကျွန်းသို့ရောက်ရှိကြရာ ဗိုလ်မှူးချုပ်ဝင်းရှိန်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပုလဲမွေးမြူရေးစခန်း

ထို့နောက် ပုလဲကျွန်းရှိ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ပုလဲမွေးမြူရေးစခန်းသို့ ရောက်ရှိကြရာ ပုလဲရတနာခန်းမ၌ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ပုလဲကျွန်း၌ ပုလဲမွေးမြူခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့သည့် သမိုင်းအကျဉ်း၊ ကမ္ဘာပေါ်ရှိ ပုလဲအမျိုးအစားများ၊ မြန်မာနိုင်ငံကထွက်ရှိသည့် တောင်ပင်လယ်ပုလဲဆိုင်ရာ အချက်အလက်များ၊ ပုလဲမွေးမြူခြင်းလုပ်ငန်းတွင် ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီများနှင့် ဖက်စပ်လုပ်ငန်းဆောင်ရွက်နေမှုများ၊ မုတ်ကောင်သားဖောက်လုပ်ငန်း အောင်မြင်လာမှုများ၊ ပုလဲထွက်ရှိမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ပုလဲကျွန်းရှိ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားပြီး လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပုလဲကျွန်း၏ သာယာလှပမှုများနှင့် ကမ်းခြေနေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များသည် မွန်းလွဲ၁နာရီတွင် ရဟတ်ယာဉ်များဖြင့် ကျွန်းစုမြို့သို့ ရောက်ရှိကြသည်။

လိုအပ်သည်များမှာကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ကျွန်းစုတပ်နယ် ညွှန့်ရိပ်သာ၌ တပ်နယ်မှ ဗိုလ်မှူးချုပ်ဝင်းရှိန်က ကျွန်းစုမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများ၊ ရော်ဘာ၊ ငရုတ်ကောင်း စိုက်ပျိုးဖြစ်ထွန်းမှုများ၊ ကြက်ဆူပင်စိုက်ပျိုးရန် ပျိုးထောင်ထားမှုများ၊ ကျွန်းစုမြို့နယ်တည်ရှိသည့် ကတန်ကျွန်း ကျွန်းပတ်လမ်း ဖောက်လုပ်ပြီးစီးမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံ မှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ကျွန်းစုတပ်နယ်ခန်းမ၌ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

ဒေသအလိုက်ဝမ်းစာစပါးဖူလုံရန်နှင့် ဝင်ငွေကောင်းသော နှစ်ရှည်သီးနှံပင်များစိုက်ပျိုး ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်အကျိုးစီးပွား ဆက်စပ်အကောင်အထည်ဖော်

ဆက်လက်၍ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်တိုးက ပုလဲကျွန်းရှိ နိုင်ငံပိုင် ပုလဲမွေးမြူရေးလုပ်ငန်းနှင့် ကုမ္ပဏီများ၏ ပုလဲမွေးမြူရေးလုပ်ငန်း အခြေအနေများ၊ သားဖောက်မုတ်ကောင်မွေးမြူ၍ ပုလဲထုတ်လုပ်ပုံများကို ရှင်းလင်းတင်ပြသည်။

အားပေးပျိုးထောင်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ကမ္ဘာ့ပုလဲဈေးကွက်တွင် အခြားနိုင်ငံများ၏ ပုလဲများထက် အရည်အသွေးကောင်းပြီး လူကြိုက်များသော ပုလဲများကို တီထွင်ကြံဆ ကြိုးပမ်းထုတ်လုပ်ရန်၊ ခေတ်မီပုလဲမွေးမြူရေးလုပ်ငန်း၌ တိုင်းရင်းသား လုပ်ငန်းရှင်များအပိုင်းက စိတ်ဝင်စားလာပြီး ရင်းနှီးမြှုပ်နှံလုပ်ကိုင်လာအောင် အားပေးပျိုးထောင်ရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မုတ်ကောင်သားဖောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ သားပေါက်မုတ်ကောင်များကို ဝတ်ဆံသွင်းပြီး ဝတ်ဆံမြဲ မမြဲ ဓာတ်မှန်စက်ဖြင့် စစ်ဆေးခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးကြသည်။

ရှင်းလင်းပြသ

ထို့နောက် မုတ်ကောင်များ၌ ဝတ်ဆံသွင်းခြင်းလုပ်ငန်းဆောင်ရွက်မှုများကိုလည်းကောင်း၊ မုတ်ကောင်များမှ ပုလဲဖော်ယူခြင်းလုပ်ငန်းများကိုလည်းကောင်း တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပုလဲကျွန်း ပုလဲမွေးမြူရေးစခန်းက ထွက်ရှိသည့် ငွေရောင်၊ ရွှေရောင် မြန်မာ့ပုလဲများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တစ်လခွဲသား သားလောင်းမုတ်ကောင်မွေးမြူထားမှု၊ နှစ်လခွဲသားနှင့်အထက် သားပေါက်မုတ်ကောင်များ မွေးမြူထားမှုတို့ကို ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တာဝန်ရှိသူများအား လိုအပ်သည်များကို ထပ်မံမှာကြားသည်။

ပုလဲလေးမျိုး

နိုင်ငံတကာပုလဲဈေးကွက်တွင် စီးပွားဖြစ်ထုတ်လုပ်ရောင်းချသော ပုလဲလေးမျိုးရှိပြီး ဂျပန်ပုလဲ (Akoya Pearl)၊ ပုလဲနက် (Tahitian Pearl)၊ တောင်ပင်လယ်ပုလဲ (South Sea Pearl)နှင့် ရေချိုပုလဲတို့ဖြစ်သည်။

မြန်မာနိုင်ငံမှထွက်သော ပုလဲမှာ တောင်ပင်လယ်ပုလဲ အမျိုးအစားဖြစ်ပြီး အရွယ်အစားကြီးမားခြင်း၊ ရတနာတန်းဝင် ပွင့်ရည်ရှိခြင်းတို့ကြောင့် တန်ဖိုးအမြင့်မားဆုံး ပုလဲများဖြစ်ကြောင်း သိရသည်။

တွေ့ဆုံမှာကြားနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် တပ်နယ်ခန်းမ၌ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား တွေ့ဆုံမှာကြား နှုတ်ဆက်သည်။

ဆက်လက်၍ ကျွန်းစုမြို့ကိုလည်းကောင်း၊ ကတန်ကျွန်း ကျွန်းပတ်လမ်း ဖောက်လုပ်ပြီးစီးမှုများကိုလည်းကောင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကျွန်းစုမြို့မှ မြိတ်မြို့သို့ ညနေပိုင်းတွင် ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဟုန်းငိုင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ကျွန်းစုမြို့ရောက်ရှိစဉ် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များသည် ကျွန်းစုမြို့ ကျွန်းရတနာခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံသည်။

လက်ဆောင်ပစ္စည်းပေးအပ်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပုလဲကျွန်းရှိ တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအတွက် လက်ဆောင်ပစ္စည်းများပေးအပ်စဉ်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ကျွန်းစုမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းညွှန့်က မြို့နယ်၏ အကျယ်အဝန်းနှင့် လူဦးရေ၊ စပါးစိုက်ပျိုးမှုနှင့် ဆန်ဖူလုံမှုရာခိုင်နှုန်း၊ ဆီအုန်း၊ ရော်ဘာ၊ ငရုတ်ကောင်းစိုက်ပျိုးမှုများ၊ သားငါးကဏ္ဍအခြေအနေများ၊ ၄၄မိုင် ငါးဖာလုံရှိ ကတန်ကျွန်း ကျွန်းပတ်လမ်း ဖောက်လုပ်ပြီးစီးမှုများ၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးကိစ္စများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၆ ကော်လံ ၁

စင်ကာပူ ဆိပ် ကမ်း ရှိ ကုန် သေတ္တာ တင် ကရိန်း များကို ဇန်န ဝါရီ ၁၄ ရက် က တွေ့ရ စဉ်။ (ဓာတ်ပုံ- အင်တာနက်)

နျူကလီးယားအစီအစဉ်များနှင့် ပတ်သက်ပြီးအငြင်းပွားနေသော်လည်း အီရန်သို့ လေကြောင်းကာကွယ်ရေးဒုံးပျံများ ရုရှားရောင်းချမည်

မော်စကို ဇန်နဝါရီ ၁၆

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်သည် အငြင်းပွားဖွယ်ရာ ဖြစ်နေသော်လည်း အီရန်နိုင်ငံသို့ တာတိုပစ်ဒုံးပျံများ ရောင်းချမှုကို ရုရှားက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီး ဆာဂီအိုင်ဗင်နော့က ဇန်နဝါရီ ၁၃ရက်၌ ပြောကြားလိုက်သည်။

ရုရှားနိုင်ငံအနေဖြင့် အီရန်နိုင်ငံသို့ တာတိုပစ်ဒုံးပျံများအား အမေရိကန်ဒေါ်လာ တစ်ဘီလီယံဖိုး ရောင်းချရန် ၂၀၀၅ခုနှစ် နိုဝင်ဘာလက သဘောတူညီမှုကို ရယ်ဆိုင်းထားခဲ့သည်။ ရုရှားအရာရှိများက အဆိုပါဒုံးပျံများသည် လေကြောင်းကာကွယ်ရေးစနစ်အတွက် အသုံးပြုရန်ဖြစ်ပြီး မြေပြင်ပစ်မှတ်များကို တိုက်ခိုက်နိုင်မည်မဟုတ်ကြောင်း ပြောကြားသည်။

ထို့အပြင် ယခုရောင်းချမည့် ဒုံးပျံများသည် အခြားစနစ်များနှင့် ပေါင်းစပ်အသုံးပြု၍ မရသလို အီရန်နိုင်ငံ၏ နျူကလီးယားစနစ်များဖြင့်လည်း ဆက်စပ်အသုံးပြု၍ မရကြောင်း မစ္စတာအိုင်ဗင်နော့က ပြောကြားသည်ဟု အင်တာဖက် သတင်းဌာနက ဖော်ပြသည်။

ပြောကြား

တစ်ဖန်အီရန်သို့ ရုရှားဒုံးပျံများရောင်းချခြင်းသည် အပြည်ပြည်ဆိုင်ရာ ဥပဒေ၊ ရုရှားနိုင်ငံ ဥပဒေနှင့် အီရန်နိုင်ငံဥပဒေဘောင်များအတွင်းက ဖြစ်ကြောင်း၊ လေကြောင်းကာကွယ်ရေးသက်သက်သာ အသုံးပြု၍ရသည့် ဒုံးပျံများဖြစ်ကြောင်း အိုင်ဗင်နော့က ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကျောက်ကပ်အစားထိုးကုသမှု အအောင်မြင်ဆုံးနိုင်ငံ ကမ္ဘာပေါ်တွင် ဆိုက်ပရပ်(စ်)နိုင်ငံဖြစ်လာ

နီကိုးရှား ဇန်နဝါရီ ၁၆

ဆိုက်ပရပ်(စ်)နိုင်ငံ နီကိုးရှားမြို့ရှိ ဗဟိုခွဲစိတ်အစားထိုးဆေးရုံသည် ကမ္ဘာပေါ်တွင် ကျောက်ကပ်အစားထိုး ခွဲစိတ်ပေးနိုင်သည့် နိုင်ငံဖြစ်လာကြောင်း အဆိုပါဆေးရုံက ဇန်နဝါရီ ၁၂ရက်၌ ပြောကြားသည်။

အဆိုပါဆေးရုံသည် ၂၀၀၅ ခုနှစ်တွင် ကျောက်ကပ်အစားထိုး ကုသမှု၅၃ခု ခွဲစိတ်ကုသပေးနိုင်ခဲ့ကြောင်း၊ ၉၀ရာခိုင်နှုန်း အောင်မြင်မှုရရှိခဲ့သောကြောင့်၊ ကမ္ဘာပေါ်တွင် ကျောက်ကပ်အစားထိုးကုသမှု အများဆုံး ခွဲစိတ်ပေးနိုင်သည့် ဆေးရုံဖြစ်ကြောင်း အဆိုပါ ဗဟိုဆေးရုံက ပြောကြားသည်။

အအောင်မြင်ဆုံး

သေဆုံးသူများထံမှ ကျောက်ကပ် ၁၀ခုနှင့် သက်ရှိလှူဒါန်းသူများထံမှ လေးခုလွှဲပြောင်းအစားထိုး ကုသပေးခဲ့ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။ အဆိုပါ ကျောက်ကပ်အစားထိုး ကုသရေးဆေးရုံကို ၁၉၈၆ခုနှစ်က စတင်တည်ထောင်ခဲ့ရာ ကျောက်ကပ်အစားထိုးကုသမှု ၆၆၇ခု ပြုလုပ်ပေးခဲ့ကြောင်း၊ ယင်းမှာ ကမ္ဘာပေါ်တွင် အအောင်မြင်ဆုံးဖြစ်ကြောင်း သိရသည်။

၂၀၀၆ခုနှစ်တွင် အဆိုပါဆေးရုံ၌ ပထမဆုံး အစားထိုးကုသသူမှာ အသက်၁၈နှစ်အရွယ်ရှိ တူရကီလူမျိုး ဆိုက်ပရပ်(စ်)ကျောင်းသားတစ်ဦးဖြစ်ကြောင်း၊ ၎င်းအား ယင်း၏ဖခင်က လှူဒါန်းသော ကျောက်ကပ်ကို အစားထိုးပေးခြင်းဖြစ်ကြောင်း၊ ကျန်းမာရေးအခြေအနေ တိုးတက်လျက်ရှိကြောင်း အဆိုပါဆေးရုံက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကမ္ဘာ့ကုန်သေတ္တာများ အများဆုံးတင်ချသည့် ဆိပ်ကမ်း စင်ကာပူနိုင်ငံ၏ ဆိပ်ကမ်းဖြစ်လာခဲ့

စင်ကာပူ ဇန်နဝါရီ ၁၆

စင်ကာပူဆိပ်ကမ်း အာဏာပိုင်အဖွဲ့ (ပီအက်စ်အေ)သည် ၂၀၀၅ခုနှစ်တွင် ကမ္ဘာတစ်ဝန်းလုံးသို့ ၂၁ပေရှိ ကုန်သေတ္တာအလုံးပေါင်း ၄၁ ဒသမ ၁၈သန်း တင်ချမှုများ ပြုလုပ်ပေးနိုင်ခဲ့ကြောင်း၊ ယမန်နှစ်ကထက် ၂၄ ဒသမ ၄ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဆင်ဟွာသတင်း၌ ဖော်ပြထားသည်။

စင်ကာပူနိုင်ငံသည် ၂၀၀၅ခုနှစ်တွင် ကမ္ဘာပေါ်တွင် ကုန်သေတ္တာများ အများဆုံး တင်ချနိုင်သည့် ကမ္ဘာ့အကြီးဆုံးဆိပ်ကမ်းဖြစ်လာပြီး ခုနစ်နှစ်တာ ကာလအတွင်း ပထမဆုံးအကြိမ် ဟောင်ကောင်၏ ကုန်သေတ္တာအများဆုံး တင်ချပေးနိုင်သည့် ဆိပ်ကမ်းကို ကျော်လွှားမည်ဖြစ်ကြောင်း ပီအက်စ်အေမှ ဇန်နဝါရီ ၁၃ ရက်၌ ကြေညာချက်တစ်ရပ် ထုတ်ပြန်ရာတွင် ဖော်ပြထားသည်။

လောလောဆယ်တွင် ပီအက်စ်အေက နိုင်ငံပေါင်း ၁၁နိုင်ငံနှင့် ဆိပ်ကမ်း စီမံကိန်း ၁၉ခုဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းနိုင်ငံများမှာ စင်ကာပူ၊ တရုတ်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဂျပန်၊ ထိုင်း၊ ဘရူနိုင်း၊ ဘယ်လ်ဂျီယံ၊ အီတလီ၊ နယ်သာလန်နှင့် ပေါ်တူဂီနိုင်ငံတို့နှင့် ဆက်သွယ်လျက် သင်္ဘောများသို့ ကုန်သေတ္တာများ တင်ချပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါ ကြေညာချက်၌ ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်ရဲအရာရှိတစ်ဦး ဘဂ္ဂဒက်မြောက်ပိုင်း၌ ပြန်ပေးဆွဲခံရ

တီကရစ် ဇန်နဝါရီ ၁၆

ဘဂ္ဂဒက်မြောက်ပိုင်း ဘေဂျီမြို့ရှိ ရေနံချက်စက်ရုံအနီး အဝေးပြေးလမ်းမပေါ်တွင် အီရတ်ရဲအရာရှိတစ်ဦးအား ဇန်နဝါရီ ၁၁ ရက်က သေနတ်သမားများ ပြန်ပေးဆွဲသွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ဆင်ဟွာသို့ ပြောကြားသည်။

၎င်းရဲအရာရှိသည် ဘေဂျီမြို့ အနီးရှိ အဝေးပြေးလမ်းမပေါ်မှ ကားမောင်းလာစဉ် ကားနှစ်စီးအတွင်းရှိ သေနတ်သမားများသည် ရုတ်တရက် ဝင်ရောက်တိုက်ခိုက်၍ ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း ရဲမှူးကြီး အာမက်ဟာက်ဆမ်က ပြောကြားသည်။

ယင်းကိစ္စနှင့်ပက်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ၌ နှစ်ပေါင်း ၁၉၀၀ကျော်က ဂူသင်္ချိုင်းတွေ့ရှိ

ချုံကျင်း ဇန်နဝါရီ ၁၆

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကျင်းမြူနီစီပယ်နယ်မြေ အတွင်းရှိ ယန်ယန်စီရင်စုတွင် လွန်ခဲ့သောနှစ်ပေါင်း ၁၉၀၀ကျော်က သင်္ချိုင်းဂူခြောက်ခုကို တရုတ်သုတေသန ပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြကြောင်း ဆင်ဟွာ သတင်းတစ်ရပ်၌ ဖော်ပြသည်။

မွမ်းမံ

အဆိုပါ ရှေးဟောင်းသင်္ချိုင်းဂူများမှာ ဓားပုံသဏ္ဌာန်၊ လေးထောင့်ပုံသဏ္ဌာန်နှင့် တြိဂံပုံသဏ္ဌာန် တည်ဆောက်ထားပြီး အုတ်များဖြင့် သေသပ်စွာ ပြုလုပ်ထားသည်။ ထို့အပြင် အုတ်ဂူများတွင် တိရိစ္ဆာန်ပုံများ၊ မှန်ကူကွက်များ၊ တူရိယာပစ္စည်းများဖြင့် ပုံသဏ္ဌာန်လှပအောင် မွမ်းမံထားသည်။

ထိုအုတ်ဂူများကို သုတေသနပြု လေ့လာချက်အရ ဟန်မင်းဆက် အစောပိုင်းကာလဖြစ်သော ဘီစီ ၄၅နှင့် အေဒီ ၂၃ကာလမှ ဝမ်မင်ခေတ်မှ မိသားစုတစ်စု၏ အုတ်ဂူသင်္ချိုင်းဖြစ်ကြောင်း အဆိုပါ ရှေးဟောင်းသုတေသန လေ့လာရေး လုပ်ကွက်ကို ဦးစီးဆောင်ရွက်ခဲ့သူ ကာရိကန်နန်က ပြောကြားသည်။

သို့သော်လည်း ယင်းအချက်မှာ သေချာမှုမရှိသေးကြောင်း၊ သို့သော် ရှေးဟောင်းသုတေသနပြုမှုနှင့် နယ်မြေလေ့လာမှုများပြုလုပ်ရာတွင် အထောက်အကူ ပြုနိုင်ကြောင်း၊ ဟန်မင်းဆက်ကာလအတွင်း လူတို့၏ လူနေမှုအဆင့်အတန်းကို သိရှိနိုင်ကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကန်သူလျှိုလေယာဉ်ဒုံးကျည်များဖြင့်ပစ်ခတ် ပါကစ္စတန်အရပ်သား ၁၈ဦးသေဆုံး

အစ္စလမ္မာဘတ် ဇန်နဝါရီ ၁၆

အမေရိကန်သူလျှိုလေယာဉ်သည် အရပ်သား လူနေအိမ်များပေါ်သို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် အမျိုးသမီးနှင့် ကလေးများ အပါအဝင် အရပ်သား၁၈ဦး သေဆုံးခဲ့ကြောင်း ပါကစ္စတန်နိုင်ငံ ဘာဂျာဒေသမှ ဥပဒေပြုအမတ်ဖြစ်သူ ရာရှစ်က ဇန်နဝါရီ ၁၃ရက်က ပြောကြားသည်။

အမေရိကန်သူလျှို လေယာဉ်တစ်စင်းသည် သုံးရက်တိုင်တိုင် ဘာဂျာဒေသတွင် ဝဲပျံလျက်ရှိပြီး ပါကစ္စတန်-အာဖဂန်နယ်စပ်မှ ကီလို ၅၀အကွာအဝေးရှိ ဒါမာဒိုလာကျေးရွာ ဒေသခံများ၏ အိမ်သုံးအိမ်ပေါ်သို့ ဒုံးကျည်ရှစ်စင်းဖြင့် ပစ်ခတ်ခဲ့ကြောင်း ရာရှစ်က သတင်းစာဆရာများထံသို့ ဘာဂျာဒေသမှနေ၍ ဖုန်းဖြင့်ဆက်၍ ပြောကြားခဲ့သည်။

ယင်းတိုက်ခိုက်မှုကြောင့် လူ ၁၈ဦး သေဆုံးခဲ့ရကြောင်းနှင့် ကလေး နှစ်ဦးအပါအဝင် အခြားလူလေးဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အခြေအနေသည် ဆိုးရွားလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

သေဆုံးသူများထဲတွင် အကြမ်းဖက်သမားများနှင့် နိုင်ငံခြားသားများ မပါဝင်ကြောင်း၊ နိုင်ငံခြားသား အကြမ်းဖက်သမားများကို တိုက်ခိုက်နှိမ်နင်းသည်ဟု အကြောင်းပြကာ အရပ်သားများကို သတ်ဖြတ်နေခြင်းသည် လူသားမဆန်သော လုပ်ရပ်သာ ဖြစ်ကြောင်း ရာရှစ်က ပြောကြားလိုက်သည်။

ပါကစ္စတန်အစိုးရသည် ယင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ ပြစ်တင်ရှုတ်ချသင့်ကြောင်း ရာရှစ်က တိုက်တွန်းလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

မိုဆူးလ်မြို့၌ အမေရိကန်စစ်ရဟတ်ယာဉ် ပျက်ကျ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၆

အီရတ်နိုင်ငံ မြောက်ပိုင်း၌ ဇန်နဝါရီ ၁၃ ရက် သောကြာနေ့က အမေရိကန်စစ်ဘက်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ အမေရိကန် ရဟတ်ယာဉ်မှူးနှစ်ဦး သေဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက် အစီရင်ခံစာ၌ ဖော်ပြသည်။

အဆိုပါ ရဟတ်ယာဉ်သည် ဘဂ္ဂဒက်မြောက်ပိုင်း ကီလိုမီတာ ၄၀၀ခန့်ဝေးသည့် မိုဆူးလ်မြို့တွင် ပျက်ကျခဲ့ခြင်းဖြစ်ပြီး ကနဦးသတင်းများအရ ဒဏ်ရာရရှိသူ နှစ်ဦးဟု ပြောကြားခဲ့သည်။

ပျက်ကျခဲ့သည့် အိုအိတ်ချ်-၅၈ ကီအိုဝါရဟတ်ယာဉ်သည် အီရတ်လက်နက်ကိုင်တိုက်ခိုက်ရေးသမားများနှင့် ပစ်ခတ်တိုက်ခိုက်နေသော အီရတ်တပ်ဖွဲ့ဝင်များထံ ထောက်ပံ့ကူညီပေးရန် မိုဆူးလ်မြို့သို့ ထွက်ခွာလာသော အမေရိကန်စစ်ဘက်ရဟတ်ယာဉ် ဖြစ်သည်။ ပြီးခဲ့သည့် ဇန်နဝါရီ ၇ ရက် စနေနေ့ကလည်း အမေရိကန်စစ်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ ၁၂ ဦး သေဆုံးခဲ့ရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့၌ လုံခြုံရေးဆောင်ရွက်နေသော အမေရိကန်အပေါင်းပါ တပ်ဖွဲ့ဝင်တစ်ဦးအား ဇန်နဝါရီ ၁၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

လွတ်လပ်သည့် နိုင်ငံတိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရှိရစမြဲ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အသက်ဖြစ်

■ *ကျောဖုံးမှ*

မန္တလေးတိုင်းအတွင်းရှိ မြို့နယ် ၃၁ မြို့နယ်မှ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်း၊ မြန်မာနိုင်ငံသူနာပြုအသင်း၊ ဗီဒီယိုအခြေခံအစည်းအရုံး၊ ဂီတအစည်းအရုံး၊ သဘင်ပညာရှင်များအစည်းအရုံး၊ ရိုးရာပန်းပညာရှင်များအစည်းအရုံး၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီအသင်းနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မန္တလေးတိုင်းအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ မန္တလေး စက်မှုဇုန်(၁)နှင့် (၂)တို့မှ စက်မှုလုပ်ငန်းရှင်များ၊ ရပ်မိ ရပ်ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ စုစုပေါင်းအင်အား ၂၇၂၀၀ တို့ တက်ရောက်ကြသည်။

သဘာပတိ

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် မန္တလေးတက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ ဦးမောင်မောင်လေးက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မန္တလေးတိုင်း ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီး၊ မန္တလေး စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းခိုင်၊ စီးပွားရေးလုပ်ငန်းရှင် ဦးမြမောင်၊ မန္တလေး ဆေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဦးစိုးထွန်း(အငြိမ်းစား)၊ တိုင်းတရားသူကြီး ဦးဟန်ညွန့်(အငြိမ်းစား)နှင့် မကွေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီး ဦးစိန်ဝင်း(အငြိမ်းစား)တို့က ဆောင်ရွက်ကြသည်။

ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းရေးအတွက် ဝိုင်းဝန်းပူးပေါင်း ညှိနှိုင်းဆုံးဖြတ်ကြခြင်းသည် သဘာဝကျပြီး မှန်ကန်သော ဆောင်ရွက်ချက်တစ်ရပ် ဖြစ်ကြောင်း။

ကိုယ်စားလှယ်ပေါင်းများစွာ အလွှာပေါင်းစုံဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းသော အမျိုးသားညီလာခံမျိုးသည် ယနေ့ ဒီမိုကရေစီ စံပြုရပါသည်ဆိုသည့် နိုင်ငံကြီးများ၊ အခြေခံဥပဒေရေးဆွဲခဲ့စဉ်ကတောင် မကျင့်သုံးခဲ့ပါကြောင်း၊ တက်ရောက်နေကြသော ကိုယ်စားလှယ်များကလည်း ဒေသအဖွဲ့အစည်းအသီးသီးက အထင်ကရပုဂ္ဂိုလ်များဖြစ်ကြကြောင်း၊ ယင်းကိုယ်စားလှယ်အားလုံးကလည်း ၎င်းတို့၏ ကိုယ်ရေးကိုယ်တာလုပ်ငန်းများကို ပစ်ပယ်ပြီး နိုင်ငံနှင့် လူမျိုး၊ အကျိုးစီးပွားအတွက် နိုးနိုးကြားကြား တက်တက်ကြွကြွ ဆွေးနွေးညှိနှိုင်းနေကြသည်ကိုလည်း မိမိတို့ မြင်တွေ့နေကြရကြောင်း။

လမ်းညွှန်မိန့်ကြား

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"ဒီမိုကရေစီစနစ်ကို ကျင့်သုံးကြတဲ့အခါ ပညာရည်မြင့်မားမှ စည်းကမ်းပြည့်ဝတဲ့အပြင် အမှားအမှန်ကို ပြတ်ပြတ်သားသား ခွဲခြားသိမြင်နိုင်ကြမှာဖြစ်တယ်"၊ "ပညာရည်နိမ့်ပါးခဲ့ရင် မှားသည် မှန်သည်ကို ဝေခွဲနိုင်စွမ်းအား နည်းတာကြောင့် မဲဆွယ်ဖြားယောင်းမှုနောက် ပါသွားပြီး အဂတိတရားမကင်းတဲ့ ရွေးချယ်မှုတွေကို ပြုမိကြလိမ့်မယ်။ အဲဒီလိုဆိုရင် လွတ်လပ်ရေးရပြီးကာစတုန်းက ပါလီမန်ဒီမိုကရေစီစနစ်လို စည်းမဲ့ကမ်းမဲ့ ပြန်ဖြစ်သွားပြီး ဒီမိုကရေစီစနစ်ဟာ ဆိတ်သုဉ်းသွားနိုင်တယ်"**ဟု လမ်းညွှန်မိန့်ကြားထားပါတယ်။

အရှိန်အဟုန်ဖြင့်အကောင်အထည်ဖော်

တပ်မတော်အစိုးရသည် နိုင်ငံတော်ကို တာဝန်ယူသည့်အချိန်ကစပြီး ပြည်သူများ၏ဆန္ဒကို အလေးထားခဲ့ကြောင်း၊ ပြည်သူများ မလိုလားသော တစ်ပါတီစနစ်ကို ချက်ချင်းဖျက်သိမ်းပေးခဲ့ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်အတွက် အခြေခံလိုအပ်ချက်များကို တစ်ဆင့်ပြီးတစ်ဆင့် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ခဲ့ကြောင်း။

ဒီမိုကရေစီဖြစ်ထွန်းရေးနှင့် တည်တံ့ရေးအတွက် အဓိကလိုအပ်ချက်သည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဖြစ်ကြောင်း။

ယခုအခါ မိမိတို့နိုင်ငံ၌ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကို ဥပဒေဘောင်အတွင်း ဝင်ရောက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခင်က မငြိမ်းချမ်းသောဒေသများ၌ ငြိမ်းငြိမ်းချမ်းချမ်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လက်တွဲဆောင်ရွက်နိုင်ကြပြီဖြစ်ကြောင်း၊ တကယ်တော့ ခေတ်အဆက်ဆက် မဆောင်ကြဉ်းနိုင်ခဲ့သည့် ငြိမ်းချမ်းရေးကို ယခု နိုင်ငံတော်အစိုးရလက်ထက်ကျမှ ဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း။

တစ်ဟုန်ထိုးတိုးတက်ဖြစ်ထွန်း

ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် အခြေခံအဆောက်အအုံများကို အပြောမဟုတ် လက်တွေ့ကျကျ တည်ဆောက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတစ်ဝန်းလုံး၌ လမ်းမကြီးများ၊ တံတားကြီးငယ်များ၊ ဆေးရုံကြီးများ၊ စာသင်ကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်ကျောင်းများ၊ အဆင့်မြင့် မြို့ပြအဆောက်အအုံကြီးများ၊ စက်မှုဇုန်များ၊ ဆည်မြောင်းတာတမံများ ဘက်စုံကဏ္ဍစုံတွင် လက်ညှိုးထိုးမလွဲ တစ်ဟုန်ထိုး တိုးတက်ဖြစ်ထွန်းလာသည်ကို ပြည်သူလူထုကြီးတစ်ရပ်လုံး အကျိုးကျေးဇူးများကို လက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း။

တပ်မတော်အစိုးရသည် တိုင်းပြည် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး အရှိန်အဟုန်ရလာသည်နှင့်အမျှ နိုင်ငံရေးဦးတည်ချက်လေးရပ်၌ ပါရှိသည့်အတိုင်း ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ဆက်လက်၍ အမျိုးသားညီလာခံကြီး ကျင်းပပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ထွန်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို ဖတ်ကြားတင်သွင်းစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီး မြင့်ဆွေ(အငြိမ်းစား) အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ်မှ မြို့မိမြို့ဖ ဒေါက်တာစိုးလင်း အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

မန္တလေးတိုင်း ဒုတိယ တိုင်းဥပဒေအရာရှိ ဒေါ်မီမီသက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်း အမရပူရမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နှင်းရွှေစင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်လပြည့်က ဆောင်ရွက်သည်။

အစီအစဉ်အရ အခမ်းအနားမှူးက လူထုအစည်းအဝေးအစီအစဉ်များကို ဖတ်ကြားကြေညာပြီး လူထုအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

အခိုင်အမာတည်ဆောက်

ရှေးဦးစွာ သဘာပတိ မန္တလေးတက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ ဦးမောင်မောင်လေးက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ဆန္ဒများကို အလေးအနက်ထားပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ၏ဆန္ဒနှင့် မကိုက်ညီသော တစ်ပါတီစနစ်နှင့် ဗဟိုချုပ်ကိုင်သော စီးပွားရေးစနစ်များကို ချက်ချင်းဖျက်သိမ်းပေးပြီး ပြည်သူများ တစ်ခဲနက်တောင်းဆိုခဲ့သည့် ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် အခြေခံအုတ်မြစ်များကို အခိုင်အမာတည်ဆောက်ပေးလျက်ရှိကြောင်း။

ယနေ့တွင် အမျိုးသားညီလာခံကျင်းပပြီး ဒီမိုကရေစီကူးပြောင်းရေးအတွက် ပထမဆင့်အဖြစ် မရှိမဖြစ်လိုအပ်နေသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း။

ကမ္ဘာပေါ်၌ရှိသည့် လွတ်လပ်သောနိုင်ငံတိုင်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရှိရစမြဲဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အသက်၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ ဘဝဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသားများ၏ အနာဂတ်လည်းဖြစ်ကြောင်း၊ ဤမျှအရေးကြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်အောင် ဆောင်ရွက်သည့်နေရာတွင် မိမိတို့အားလုံးကလည်း ကျရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အသေးစိတ်လေ့လာ

ယခုကျင်းပနေသည့် အမျိုးသားညီလာခံကြီးတွင် ယခင်ပေါ်ပေါက်ခဲ့ပြီးဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ကမ္ဘာ့နိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများကို အသေးစိတ် လေ့လာသင်ခန်းစာယူပြီး ညှိနှိုင်းရေးဆွဲလျက်ရှိကြောင်း။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အကျိုးစီးပွားအတွက် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရန် ကြိုးပမ်းရာတွင် အမျိုးသားညီလာခံကျင်းပပြီး ညှိနှိုင်းဆောင်ရွက်ခြင်းသည် တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း၊ ယခုကဲ့သို့ တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်တက်ရောက်သည့် အမျိုးသားညီလာခံကြီးကသာ တိုင်းပြည်၏အနာဂတ်

ထို့ကြောင့် နိုင်ငံတော်အစိုးရသည် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များ ဒေသအလိုက် တိုးပွားပေါ်ထွက်လာအောင် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်ပေးနေခြင်းပင် ဖြစ်ကြောင်း။

တစ်ဆင့်ပြီးတစ်ဆင့်လျှောက်လှမ်း

နိုင်ငံတော်အစိုးရက စိတ်ရင်းစေတနာဖြူစင်စွာဖြင့် နိုင်ငံတော်အာဏာကို ပြည်သူလူထုထံ သိမ်မွေ့ညင်သာစွာ ပြန်လည်အပ်နှံပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်ရေး လမ်းကြောင်းပေါ်သို့ တစ်ဆင့်ပြီးတစ်ဆင့် လျှောက်လှမ်းဆောင်ရွက်နေသည်ကို တွေ့ရှိနေရကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့ ပြည်သူလူထုသည် အမှားနှင့် အမှန်ကို ဆင်ခြင်တုံတရားဖြင့် ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိလာပြီဖြစ်ကြောင်း၊ မိမိတို့တစ်တွေသည် ပြည်ထောင်စုကြီးပြိုကွဲပြီး တိုင်းတစ်ပါးကျွန် ပြန်ဖြစ်မည့် အဖြစ်ဆိုးမျိုးကို လုံးဝလက်မခံနိုင်ကြောင်း၊ မိမိတို့ တိုင်းပြည်၌ ဘက်ပေါင်းစုံက ဖွံ့ဖြိုးတိုးတက်နေမှုများကိုလည်း အားလုံး မြင်တွေ့နေကြရပြီး ဖြစ်ကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသော မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားပြီး ရည်မှန်းချက်အတိုင်း စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ထူထောင်သွားရန်ပင် ဖြစ်ကြောင်း၊ ဤသို့ ထူထောင်နိုင်ရန် အရေးကြီးဆုံးအဆင့်ဖြစ်သော အမျိုးသားညီလာခံကြီး အောင်မြင်ရေးကို ကျရာအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်သွားမည်ဆိုသည့် အကြောင်းဖြင့် အမျိုးသားညီလာခံကြီးကို လေးလေးနက်နက် ကြိုဆိုထောက်ခံကြပါစို့ဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း အဆိုကို မန္တလေးခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်ထွန်းက တင်သွင်းရာတွင် မိမိတို့ နိုင်ငံရေးသမိုင်းကို ပြန်ကြည့်လျှင် လွတ်လပ်ရေးနှင့်အတူ နယ်ချဲ့ဆိုးမွေအဖြစ်ပါလာသော သံသယများ၊ သွေးခွဲမှုများ၊ အမြင်ကျဉ်းမြောင်းမှုများကြောင့် လက်နက်ကိုင် ရောင်စုံသောင်းကျန်းမှုများလည်း တစ်ပါတည်း အမြစ်တွယ်ခဲ့ကြောင်း၊ ဤသောင်းကျန်းမှုဒဏ်ရာဒဏ်ချက်များကို မိမိတို့ပြည်သူများ အလူးအလဲခံခဲ့ရကြောင်း၊ နိုင်ငံရေးပါတီဂိုဏ်းဂဏဝါဒစွဲအမျိုးမျိုးကြောင့် မြေအောက်သောင်းကျန်းမှု ကြာရှည်သကဲ့သို့ မြေပေါ်ဆူပူမှုများ မပြတ်မလပ်ရှိနေခဲ့ကြောင်း၊ ထို့ကြောင့် လွတ်လပ်ရေး၏ အရသာကို မြန်မာတိုင်းရင်းသား ပြည်သူတို့ တည်ငြိမ်အေးချမ်းစွာ အပြည့်အဝ မခံစားခဲ့ရကြောင်း၊ ဤပြည်ပ ပယောဂကြောင့်ပဲ ၁၉၈၈ ခုနှစ်တွင် ပြည်တွင်းဆူပူမှုကြီး ပေါ်ပေါက်လာခဲ့၍ အရေးကြုံတိုင်း ပြည်သူများ၏ အကျိုးကို ကာကွယ်စောင့်ရှောက်သည့် အစဉ်အလာရှိသော တပ်မတော်က တိုင်းပြည်တာဝန်ကို လွှဲပြောင်းယူခဲ့ရကြောင်း။

သိက္ခာသမာဓိရှိရှိ

ထို့ကြောင့် ကျင်းပနေသည့် အမျိုးသားညီလာခံကြီးသည် တစ်မျိုးသားလုံးနှင့် တစ်နိုင်ငံလုံးနှင့် တစ်နိုင်ငံလုံးကို ကိုယ်စားပြုထားသော တိုင်းပြုပြည်ပြုညီလာခံကြီးဖြစ်ပြီး အနာဂတ်ကာလတွင် တိုင်းရင်းသားလူမျိုးအားလုံးအတွက် စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး မုချမသွေ ဖြစ်ထွန်းပေါ်ပေါက်ရေး ရှေးရှုဦးတည်နေသည်ကို ယုံမှားသံသယဖြစ်စရာမရှိကြောင်းကို တင်ပြအပ်ပါကြောင်း၊ မိမိတို့ မန္တလေးတိုင်းက ညီလာခံကိုယ်စားလှယ်များသည်လည်း အလွှာအသီးသီးက ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ပြီး ဒေသခံပြည်သူများက ကြည်ညိုလေးစားသူ၊ ယုံကြည်အားထားသူ၊ အတွေ့အကြုံများ များပြားသူ မြို့မိမြို့ဖများဖြစ်ကြကြောင်း၊ မန္တလေးတိုင်းက အမျိုးသားညီလာခံကိုယ်စားလှယ် ၇၆ ဦး တက်ရောက်လျက်ရှိရာတွင် တစ်တိုင်းလုံးရှိ မြို့နယ်တိုင်းက ပါဝင်ပြီး တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်ပေါင်း ၅၆ ဦး ပါဝင်တက်ရောက်နေကြောင်း၊ ညီလာခံကိုယ်စားလှယ်အားလုံးသည် သိက္ခာသမာဓိရှိသည့် အထင်ကရပုဂ္ဂိုလ်များ ပါဝင်တက်ရောက်နေသော ညီလာခံကြီးဖြစ်ကြောင်း။

နိုင်ငံ တစ်နိုင်ငံလုံး လွှမ်းခြုံဆုံးဖြတ်ရမည့်ကိစ္စကို အမျိုးသားညီလာခံကြီးကသာ ဆုံးဖြတ်နိုင်မည်ဖြစ်၍ အလွှာပေါင်းစုံမှ တိုင်းရင်းသားကိုယ်စားလှယ်ပေါင်းများစွာ၊ အဖွဲ့အစည်းများစွာ ကျယ်ကျယ်ပြန့်ပြန့်တက်ရောက်ပြီး ညှိနှိုင်းဆွေးနွေးနေခြင်းဖြစ်ကြောင်း၊ ဤသို့ မြန်မာတစ်နိုင်ငံလုံး ဒေသအသီးသီး တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ တက်ရောက်ပြီး ကိုယ့်ဒေသအရေးကို ဆွေးနွေးတင်ပြ အကြံပြုနိုင်အောင် တပ်မတော်အစိုးရက နိုင်ငံနှင့်လူမျိုးအပေါ် တကယ့် စေတနာမေတ္တာအရင်းခံဖြင့် ဆောင်ရွက်စီစဉ်ပေးခြင်းဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါကြောင်း။

ကိုယ့်အားကိုယ်ကိုးဝိုင်းဝန်းဆောင်ရွက်

မြန်မာနိုင်ငံ၌ နိုင်ငံသားအားလုံး အေးအေးချမ်းချမ်းဖြင့် သက်ရှင်ရပ်တည်ပြီး ကိုယ်ယုံကြည်ရာ ဘာသာတရားကို လွတ်လပ်စွာကိုးကွယ်ပြီး ပျော်ရွှင်စွာ ဘဝတိုးတက်ရေးအတွက် လွတ်လွတ်လပ်လပ် အားထုတ်ဆောင်ရွက်နေနိုင်သည်များသည် မိမိတို့၏ လူ့အခွင့်အရေးပင်ဖြစ်ကြောင်း၊ မိမိတို့ တိုင်းပြည်နှင့် လူမျိုးတိုးတက်အောင် တစ်ယောက်တစ်လက် ကူညီဆောင်ရွက်နေသည်များသည် အဓမ္မခိုင်းစေခြင်းမဟုတ်ကြောင်း၊ မြန်မာတိုင်းရင်းသားလူမျိုးများ၏ ဓလေ့ထုံးတမ်းအစဉ်အလာအရ ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ဤသို့ ဘိုးဘေးများ ဆောင်ရွက်ခဲ့၍ အနော်ရထာမင်းလက်ထက်ကစပြီး ဆည်မြောင်း၊ ကန်ချောင်းများဖြင့် မိမိတို့ သားစဉ်မြေးဆက် မတောင့်မတ မကြောင့်မကြ နေကြရခြင်းဖြစ်ကြောင်း၊ ယခု မိမိတို့ လက်ထက်တွင်လည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် *စာမျက်နှာ ၇ ကော်လံ ၁*

စာမျက်နှာ ၃ မှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြို့နယ်၏ ပညာရေး၊ ကျန်းမာရေး၊ ကျွန်းပတ်လမ်း အဆင့်မြှင့်ရေးကိစ္စရပ်များကို မေးမြန်းရာ သက်ဆိုင်ရာဌာနတာဝန်ခံများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်အကောင်အထည်ဖော်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းက လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကာလတိုစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်ခဲ့ရာ လျာထားချက်များထက် အောင်မြင်မှုများရရှိခဲ့ပုံ၊ ဒေသအလိုက် ဝမ်းစာစပါးဖူလုံရန်နှင့် ဝင်ငွေကောင်းသောနှစ်ရှည်သီးနှံပင်များ စိုက်ပျိုးရန်လိုအပ်ပုံ၊ ဒေသဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်အကျိုးစီးပွားကို ဆက်စပ်အကောင်အထည်ဖော်ရန်လိုအပ်ပုံ၊ ရေ၊ မြေသယံဇာတအခြေခံကောင်းရှိသည့် တနင်္သာရီတိုင်းကို ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ကျွန်းစုတပ်နယ်ခန်းမဌ် တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်နှင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးအား ပုလဲကျွန်းရှိ ပုလဲရတနာခန်းမဌ် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ပုလဲမွေးမြူရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

တိုးတက်အောင် ကြိုးပမ်းရန်အရေးကြီးပုံတို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား လိုက်လံနှုတ်ဆက်သည်။

အသင်းဝင်များနှင့်တွေ့ဆုံ

အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဝန်ကြီး ဒေါက်တာချမ်းငြိမ်းတို့သည် ဇန်နဝါရီ ၁၄ရက်ညပိုင်းတွင် မြိတ်မြို့ မြိတ်ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်နှင့် မြို့နယ်အသင်းများမှ အသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများနှင့် အသင်းဝင်များအား တွေ့ဆုံမှာကြားကြသည်။

အလားတူ အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ဇန်နဝါရီ ၁၂ရက်တွင် ကော့သောင်းမြို့ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံး၌ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနများမှ ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။

ထောက်ပံ့ငွေပေးအပ်

ဝန်ကြီးသည် ဇန်နဝါရီ ၁၅ရက်တွင် မြိတ်မြို့ ကရက်ကျေးရွာရှိ အမျိုးသမီးများ သက်မွေးအတတ်ပညာသင်တန်းသို့ သွားရောက်၍ ဝန်ထမ်းများအားတွေ့ဆုံမှာကြားပြီး သင်တန်းသူများ၏ နေထိုင်စားသောက်မှုများ၊ သက်မွေးပညာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းသူများအတွက် ထောက်ပံ့ငွေနှင့် အနွေးထည်အင်္ကျီများကို ပေးအပ်သည်။ **(သတင်းစဉ်)**

ကိုယ့်တရား ကိုယ်ရှာ ကိုယ့်ပြည်ရွာ ကိုယ်ပြု

- တရားဆိုတာ၊ မဝေးကွာဘူး
  ကိုယ်မှာဖွေလှစ်၊ တရားစစ်တွေ
  တွေ့ရပေလိမ့်။
- ကိုယ်မှာဖွေလှစ်၊ တရားစစ်သာ
  ငြိမ်းချမ်းရာကို၊ သေချာညွှန်ပြ
  ကိုယ့်ဘဝတွက်၊ ချမ်းမြရိပ်မြုံ
  နိဗ္ဗာန်ဘုံသို့၊ သယ်ဆောင်ပို့တာ
  ပြုနိုင်ပါ၏။
- ကိုယ့်တွက်တရား၊ သူတစ်ပါးမှာ
  သွား၍ရှာသော်၊ ခုတ်ရာတခြား
  ရှရာတစ်လွဲ၊ အလွဲလွဲဖြင့်
  ဖောက်လွှဲတရား၊ အသိမှားဖြင့်
  လမ်းမှားပေါ်မှာ၊ ရောက်တတ်ပါ၏။
- ဗုဒ္ဓဘုရား၊ ဟောညွှန်ထားသည့်
  တရားရှာနည်း၊ နိဿရည်းကို
  လူနည်းတူစွာ၊ ပြည်ရွာအကျိုး
  ဆောင်သယ်ပိုးရာ၊ ကျင့်သုံးပါက
  မှန်စွာကျိုးပြု၊ လူသားထုကို
  ကောင်းမှုဝေဖြာ ဖြစ်လိမ့်တည်း။ ။

နွယ်ချို

အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့တင်ပြ အကြံပြုချက်စာတမ်း (မူကြမ်း) များ ဖတ်ကြားဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၆

အမျိုးသားညီလာခံ အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့ အစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ဆွေးနွေးပွဲခန်းမ(၆)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံနည်းပညာရှင် ပညာရှင်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဦးဘိုးစောနှင့် ပါမောက္ခဌာနမှူးနှင့် ခွဲစိတ်ကုသဆရာဝန်ကြီး ဒေါက်တာသိန်းညွှန့် (ညွှန့်ဝေ-ကသာ)တို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ လုပ်ငန်းအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းမြင့်တို့က ဆောင်ရွက်ကြသည်။

အစည်းအဝေးစတင်

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၅၆ဦး ရှိသည့်အနက် ၅၄ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၄၃ ရာခိုင်နှုန်းရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။ ထို့နောက် အလှည့်ကျသဘာပတိ ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော်က အဖွင့်အမှာစကား ပြောကြားသည်။

(ယာပုံ)

ဖတ်ကြားဆွေးနွေး

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းနှင့် တပ်မတော်၏ အခန်းကဏ္ဍများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့က တင်ပြမည့် အကြံပြုချက် စာတမ်း(မူကြမ်း)များကို ဖတ်ကြားဆွေးနွေးကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ အခန်းကဏ္ဍတွင် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ဂီတစာဆို ဟင်္သာတဦးမြင့်ငွေက လည်းကောင်း၊ တပ်မတော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ် ဦးစန်းတင့်ကလည်းကောင်း ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များက အကြံပြုဖြည့်စွက် ဆွေးနွေးတင်ပြကြသည်။ ထို့နောက် အလှည့်ကျသဘာပတိ ရုပ်ရှင်ဒါရိုက်တာ ဦးခင်ဇော်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

အုပ်ချုပ်ရေးသင်တန်းဖွင့်

ရန်ကုန် ဇန်နဝါရီ ၁၆

ဧရာဝတီတိုင်း ဟင်္သာတခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှ ရပ်ကွက်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေး သင်တန်းအမှတ်စဉ်(၁/၂၀၀၆) ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၉ရက်က ကျင်းပရာ ခရိုင်အဆင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ လူမှုရေးအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများနှင့် သင်တန်းသား ၁၀၄ဦး တက်ရောက်ခဲ့ပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းကြည်က သင်တန်းဖွင့်အမှာစကားပြောကြားသည်။**(က-ပ)**

အမျိုးသားညီလာခံ၌ နိုင်ငံနှင့်လူမျိုးကိုချစ်မြတ်နိုးသည့် မျိုးချစ်စိတ်ရှိသူများ အမျိုးသားနိုင်ငံရေးတာဝန်ကို ကျေကျေပွန်ပွန်ထမ်းဆောင်နေ

စာမျက်နှာ ၅ မှ

ကိုယ့်လူမျိုး၏ အစဉ်အလာအတိုင်း ကိုယ့်အားကိုယ်ကိုး ဝိုင်းဝန်းဆောင်ရွက်နေခြင်းများပင် ဖြစ်ကြောင်း။

မိမိတို့ တပ်မတော်သည် ဗိုဇကောင်းပြီး မိမိတို့ မိဘရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားသော မျိုးချစ်တပ်မတော်ဖြစ်ကြောင်း၊ ကြေးစားတပ်မတော် မဟုတ်ပါကြောင်း၊ သမိုင်းအစဉ်အလာလည်း ကောင်းခဲ့ကြောင်း၊ မြန်မာ့တပ်မတော်သည် အရာရာတွင် စည်းကမ်းရှိသောတပ်မတော်၊ သစ္စာရှိသောတပ်မတော်၊ တိတိကျကျလိုက်နာ ဆောင်ရွက်တတ်သော တပ်မတော် ဖြစ်ကြောင်း။

အများသဘောတူချမှတ်အတည်ပြု

တပ်မတော်အစိုးရသည် အမျိုးသားညီလာခံကြီးကို မိမိသဘောဖြင့် မိမိ ကျင်းပချင်သကဲ့သို့ ကျင်းပခဲ့ခြင်းမဟုတ်ကြောင်း၊ အမျိုးသားညီလာခံ စတင်မကျင်းပမီ တရားဝင်နိုင်ငံရေးပါတီများက ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလနှင့် ပါတီအသီးသီးက ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသည့်သူများဖြင့် အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ကြိုတင်ကျင်းပခဲ့ကြောင်း၊ ယင်းညှိနှိုင်းအစည်းအဝေးကြီးက အမျိုးသားညီလာခံ ဦးတည်ချက်ခြောက်ရပ်ကို အများသဘောတူ ချမှတ်အတည်ပြုပြီး အမျိုးသားညီလာခံကို ဦးတည်ချက်ခြောက်ရပ်နှင့်အညီ ကျင်းပသွားရန် ဆုံးဖြတ်ခဲ့ကြကြောင်း။

ယနေ့ကျင်းပနေသည့် အမျိုးသားညီလာခံကြီးသည် မြန်မာနိုင်ငံ တိုင်းရင်းသားများကို အမှန်တကယ်ကောင်းကျိုးပေးမည့် အမျိုးသားညီလာခံ၊ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်ကို ဖော်ဆောင်ပေးမည့် အမျိုးသားညီလာခံ၊ ငြိမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီသို့ ပို့ဆောင်ပေးမည့် အမျိုးသားညီလာခံကြီးဖြစ်ကြောင်း၊ မိမိတို့ ပြည်သူလူထုကြီးတစ်ရပ်လုံးက အလေးအနက် ယုံကြည်လျက်ရှိကြောင်း။

မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့မှ ဒေါ်ခင်မေမြင့် အမျိုးသား ညီလာခံ အား ကြိုဆို ထောက် ခံ ခြင်း နှင့် စပ်လျဉ်း သည့် အဆိုကို ထောက်ခံ ဆွေး နွေး တင်ပြစဉ်။ (သတင်းစဉ်)

နိဂုံးချုပ်ပြောကြားလိုသည်မှာ နိုင်ငံနှင့်လူမျိုးအတွက် ကောင်းခြင်းမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံသော အမျိုးသားညီလာခံကြီးကို မိမိတို့ပြည်သူအားလုံးက လုံးဝ အပျက်အစီး မခံနိုင်ကြောင်း၊ ခိုင်မာသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် ဦးတည်ရည်ရွယ်ပြီး ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးအောင်မြင်ရန် မိမိတို့ပြည်သူတစ်ရပ်လုံးက ကျရာအခန်းကဏ္ဍက ပါဝင်ကူညီဆောင်ရွက်ကြရေးနှင့် အမျိုးသားညီလာခံကို လေးလေးနက်နက် ကြိုဆိုထောက်ခံပါကြောင်းအဆိုကို တင်သွင်းသွားသည်။

မျက်ခြည်မပြတ်စောင့်ရှောက်

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ခင်မေမြင့်က ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိတို့ မြန်မာနိုင်ငံ၌ လူဦးရေ တစ်ဝက်ကျော်သည် အမျိုးသမီးများဖြစ်ကြကြောင်း၊ ထို့ကြောင့် နိုင်ငံတော်တည်ဆောက်ရာတွင် အမျိုးသမီးများအနေဖြင့် အဓိကအင်အားတစ်ရပ်အဖြစ် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မြန်မာ့သမိုင်းတစ်လျှောက်တွင် အမျိုးသားများနှင့်တန်းသူနီးကြားတက်ကြွစွာ ထမ်းဆောင်ခဲ့သော ပညာ၊ စာဂ၊ သီလ၊ တရားနှင့် ပြည့်စုံသည့် အမျိုးသမီးများ၏ ဆောင်ရွက်ချက်များကို မှတ်တမ်းတင်ပြီးဖြစ်ကြောင်း၊ ယခုအချိန်တွင်လည်း နိုင်ငံတော်အတွင်း၌ အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ အကျိုးစီးပွားကို မျက်ခြည်မပြတ် စောင့်ရှောက်ဖော်ဆောင်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် ယခု ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးတွင်လည်း အစုအဖွဲ့ရှစ်ဖွဲ့၌ထင်ရှားသည့် အမျိုးသမီး အသိပညာရှင်၊ အမျိုးသမီး အတတ်ပညာရှင်များ တိုင်းရင်းသူအမျိုးသမီးကိုယ်စားလှယ်များသည် အလွှာအသီးသီးတွင် အမျိုးသမီးကိုယ်စားလှယ်များအဖြစ် ပါဝင်တက်ရောက်လျက်ရှိကြောင်း၊ ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားများ၏ အခွင့်အရေးကို အပြည့်အဝထည့်သွင်း ချမှတ်ထားသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ အမျိုးသမီးများ အပါအဝင် နိုင်ငံသားတိုင်းသည် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊ တရားမျှတမှုအခွင့်အရေး စသည်တို့ အပြည့်အဝခံစားခွင့် ရရှိမည်ဖြစ်ကြောင်း။

မွေးရာပါအခွင့်အရေးများ

မိမိတို့ မြန်မာနိုင်ငံ၌ အမျိုးသမီးများ၏ လူမှုအခွင့်အရေးနှင့်ပတ်သက်၍ မည်သည့်အရာတစ်ခုမျှ နစ်နာဆုံးရှုံးနေမှု မရှိကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် အမျိုးသမီးများ၏အခန်းကဏ္ဍ အလွန်အရေးပါကြောင်းကို နိုင်ငံတော်အစိုးရက အသိအမှတ်ပြုထားကြောင်း၊ ယနေ့ နိုင်ငံတကာနယ်ပယ်၌ ထိမ်းမြားခြင်း၊ လက်ထပ်ခြင်း၊ ကွာရှင်းခြင်း၊ အမွေဆက်ခံခြင်း အပါအဝင် အခွင့်အရေးများကို တိုက်ပွဲဝင်တောင်းဆိုနေကြသည့်အချိန်တွင် မြန်မာအမျိုးသမီးထုက ယင်းအခွင့်အရေးများကို မတောင်းဆိုရဘဲ မွေးရာပါအခွင့်အရေးများအဖြစ် ရရှိနေကြကြောင်း။

မြန်မာအမျိုးသမီးတိုင်းသည် အမျိုးသားများနှင့်တန်းတူ အလုပ်လုပ်ပိုင်ခွင့်၊ ပညာသင်ကြားပိုင်ခွင့်၊ ဆန္ဒမဲပေးပိုင်ခွင့်၊ အဖွဲ့အစည်းတိုင်း၌ ပါဝင်ဆောင်ရွက်ပိုင်ခွင့်စသည့် အခွင့်အရေးများကို အပြည့်အဝရရှိနေကြကြောင်း၊ ဒီမိုကရေစီနိုင်ငံဟု ဟစ်ကြွေးနေကြသည့် နိုင်ငံကြီးများမှ အမျိုးသမီးများအနေဖြင့် အမျိုးသားများနှင့်တန်းတူ မဲပေးပိုင်ခွင့်ရခဲ့ခြင်းသည် ၂၀ ရာစု တစ်ဝက်ကျိုးခါနီးမှသာ ဖြစ်ပါကြောင်း၊ ယခုအခါ မြန်မာနိုင်ငံတွင် ဇူလိုင် ၃ ရက်ကို မြန်မာအမျိုးသမီးများနေ့ရယ်ဟု သီးသီးခြားခြား ဂုဏ်ပြုသတ်မှတ်ပေးထားသည်မှာ ဂုဏ်ယူစရာဖြစ်ကြောင်း၊ ယနေ့ မိမိတို့ဆီတွင် ၂၇ သန်းကျော်ရှိသော မြန်မာတိုင်းရင်းသူများကို ကိုယ်စားပြုပြီး အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းပြီး ကမ္ဘာ့ကုလသမဂ္ဂ၏ အမျိုးသမီးရေးရာလှုပ်ရှားမှုများတွင်လည်း အမျိုးသမီးများ၏ ဘဝလုံခြုံမှုရှိရေး၊ ဖွံ့ဖြိုးတိုးတက်မှုရှိရေး ရည်မှန်းချက်များဖြင့် နီးကြားတက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

သန္နိဋ္ဌာန်ချမှတ်ပြီးဖြစ်

မြန်မာနိုင်ငံ၏ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်တွင်လည်း မိမိတို့ မြန်မာအမျိုးသမီးထုတစ်ရပ်လုံးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဆက်လက် ရှင်သန်ဖြစ်ပေါ်ရေးအတွက် ကျရာအခန်းကဏ္ဍကနေ ပါဝင်ထမ်းဆောင်ကြရန် သန္နိဋ္ဌာန်ချပြီးဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးထု၏ ဘဝလုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများအခွင့်အရေး ဆက်လက်ရှင်သန်ရေး၊ တိုင်းရင်းသားအားလုံး၏ လူ့အခွင့်အရေးဆိုင်ရာများ အပြည့်အဝရရှိရေးနှင့် တိုင်းပြည်၏အနာဂတ်ရေး ကောင်းမွန်တိုးတက်အောင် ဖော်ဆောင်ပေးမည့် အမျိုးသားညီလာခံကြီး ဖြစ်ကြောင်း။

မန္တလေးစက်မှုဇုန်မှ စက်မှု လုပ်ငန်းရှင် ဦးဝင်းထွန်း အမျိုးသား ညီ လာ ခံ အား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံ ဆွေး နွေး တင်ပြစဉ်။ (သတင်းစဉ်)

နိဂုံးချုပ်အနေဖြင့် မြန်မာနိုင်ငံပြည်သူလူထုတစ်ရပ်လုံး၏ဆန္ဒကို ဖြည့်စွမ်းဖော်ဆောင်ပေးမည့် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်း တင်သွင်းသွားသောအဆိုကို မန္တလေးတိုင်း အမျိုးသမီးထုကြီးက ခြွင်းချက်မရှိထောက်ခံကြောင်း ဆွေးနွေးတင်ပြသည်။

မြန်မာ့အစဉ်အလာကောင်းများ

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို မန္တလေးတိုင်း စစ်မှုထမ်းဟောင်းအဖွဲ့မှ ဗိုလ်ကြီးမြင့်ဆွေ (အငြိမ်းစား)က ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိတို့ တပ်မတော်သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အသက်ပေးမည်ဆိုသည့် အဓိဋ္ဌာန်များဖြင့် တိုင်းရင်းသားလူမျိုးပေါင်းစုံ၏ သားသမီးများဖြင့် ဖွဲ့စည်းထားသော ပြည်သူ့တပ်မတော်ဖြစ်ကြောင်း၊ သမိုင်းကို ပြန်ကြည့်လျှင်လည်း နိုင်ငံတော်က လိုအပ်သည့်အချိန်တွင် ပြည်သူပြည်သားတိုင်း တပ်မတော်သားအဖြစ် တာဝန်ထမ်းဆောင်ပြီး ဤနိုင်ငံကို ထူထောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ မြန်မာဘုရင်များလက်ထက်က ဝန်ကြီး၊ ဝန်ခံအပါအဝင် နိုင်ငံအကြီးအကဲများကိုယ်တိုင် လွတ်တော်တက်လျှင် ယပ်ကိုကိုင်၊ အရေးကြုံလာလျှင် ဓားကိုကိုင်ပြီး တိုင်းပြည်၏ အရေးအရာကိစ္စများကို ယပ်တလှဲ့၊ ဓားတလှဲ့ဆွဲကိုင် စီမံဆောင်ရွက်ခဲ့ကြသည့် မြန်မာ့အစဉ်အလာကောင်းများကို မိမိတို့မမေ့မပျောက်ထိုက်ဘူးဟု မိမိအနေဖြင့် တင်ပြလိုကြောင်း။

လွတ်လပ်ရေးရပြီး သက်တမ်းတစ်လျှောက် ပြန်ပြောင်းကြည့်မည်ဆိုလျှင်လည်း နိုင်ငံရေးမတည်မငြိမ်ဖြစ်ပြီး စီးပွားရေး ဆုတ်ယုတ်ပျက်ပြားသည့် အချိန်မျိုးတွင် တပ်မတော်က နိုင်ငံတော်၏ တာဝန်ယူခဲ့ရသည်ကို တွေ့နေရကြောင်း၊ ယနေ့ကာလတွင်လည်း တပ်မတော်သည် အမျိုးသားနိုင်ငံရေး တာဝန်ကို ဆက်လက် ထမ်းဆောင်နေရသည့် အချိန်ဖြစ်ကြောင်း။

အမျိုးသားပြန်လည်သင့်မြတ်စည်းရုံးရေး

ယနေ့လက်ရှိ တပ်မတော်အစိုးရ၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရရှိရေး ကြိုးပမ်းမှုကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် သဘောထားချင်းညီညွတ်ပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာခဲ့ကြကြောင်း၊ ယခင်အစိုးရအဆက်ဆက်တို့ မဆောင်ရွက်နိုင်ခဲ့သည့် အမျိုးသား ပြန်လည်သင့်မြတ်စည်းရုံးရေးကို ရရှိလာခြင်းဖြစ်ကြောင်း၊ နိုင်ငံထူထောင်ရေးလုပ်ငန်းများလည်း နယ်စပ်ဒေသများပါမကျန် မည်သည့်ခေတ် မည်သည့်အခါနှင့်မျှ မတူအောင် ပြောင်းလဲတိုးတက်လာခဲ့ကြောင်း၊ ထို့ကြောင့်လည်း လက်ရှိတပ်မတော်အစိုးရသည် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်(၇)ရပ်ကို ပီပြင်စွာချမှတ်အကောင်အထည်ဖော်လာနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤညီလာခံကြီးသည် မြန်မာ့သမိုင်းတွင် အမျိုးသားအင်အားစုအသီးသီး အစုံညီဆုံး အမျိုးသားညီလာခံကြီးဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ကပါဝင် ထမ်းဆောင်နိုင်ရေးဆိုသည့် ဦးတည်ချက်နှင့်စပ်လျဉ်းသည့် အခြေခံမူထည့်သွင်းပြဋ္ဌာန်းနိုင်ခြင်းသည် အမျိုးသားညီလာခံက နိုင်ငံနှင့် ပြည်သူအကျိုးအတွက် ပြည်သူလူထုနှင့် တစ်သားတည်း သမိုင်းစဉ်တစ်လျှောက် ထမ်းရွက်ခဲ့သော တပ်မတော်၏ ကြိုးပမ်းအားထုတ်မှုများကို အသိအမှတ်ပြု အားထားရာရောက်သည့်အတွက် မိမိတို့အားလုံး၏အနာဂတ်ကို အမျိုးသားညီလာခံကြီးက အာမခံရာရောက်ကြောင်း။

ယနေ့တပ်မတော်အစိုးရ၏ နေ့ညမနား၊ အပင်ပန်းခံပြီး ကြိုးစားပမ်းစား ဆောင်ရွက်နေ၍ ဖြစ်ထွန်းပေါ်ပေါက်လာသော အသီးအပွင့် ဖွံ့ဖြိုးတိုးတက်မှုများကို မိမိတို့ပြည်သူအားလုံး ခံစားနေရခြင်းသည် မည်သူမျှ မငြင်းနိုင်သည့်အချက် ဖြစ်ကြောင်း။

အလေးထားဆောင်ရွက်ပေးထား

ယခုကဲ့သို့ တိုင်းပြည်ထူထောင်ရေးလုပ်ငန်းများကို တစ်ဖက်က လုပ်ကိုင်ဆောင်ရွက်ရင်း တိုင်းပြည် တည်ငြိမ်အေးချမ်းရေးကိုလည်း တစ်ချိန်တည်းမှာ အလေးထားဆောင်ရွက်ပေးထား၍ မည်သည့်ခေတ် မည်သည့်ကာလနှင့်မျှ မတူအောင် အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် နေကြရခြင်းဖြစ်ကြောင်း။

တပ်မတော်အစိုးရသည် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး၏ အကျိုးစီးပွားမှန်သမျှ ထာဝစဉ် သယ်ပိုးမည်ဆိုသောစိတ်ဓာတ်ဖြင့် ဘက်စုံထောင့်စုံက ဟာကွက်မရှိအောင် ဂရုတစိုက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့်လည်း ပြည်သူတို့ လိုလားတောင့်တလျက်ရှိသော ဒီမိုကရေစီနိုင်ငံတော်သစ်ကို ရောက်ရှိရေးအတွက် အမျိုးသားညီလာခံကြီးကို စီစဉ်ကျင်းပပေးလျက်ရှိခြင်း ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်သူလူထု ကိုယ်စားပြု ကျင်းပပေးလျက်ရှိသော အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း တင်သွင်းသွားသည့် အဆိုကို ထပ်ဆင့်ထောက်ခံပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

အမျိုးသားနိုင်ငံရေးတာဝန်

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို မန္တလေးတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ဒေါက်တာမိုးသူဝင်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် အမျိုးသားညီလာခံကြီးသည် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ လူတန်းစားနှင့် အလွှာပေါင်းစုံ၊ နိုင်ငံရေးပါတီပေါင်းစုံတို့က နိုင်ငံတော်၏ အနာဂတ်ကံကြမ္မာကို ပြဋ္ဌာန်းရန်အတွက် တွေ့ဆုံဆွေးနွေးနေကြသည့် အမျိုးသားနိုင်ငံရေး၏ အလှည့်အပြောင်းဗဟိုချက်မဖြစ်ကြောင်း၊ အမျိုးသားညီလာခံ၌ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးကြသည့် စစ်မှန်သော မျိုးချစ်စိတ်ရှိကြသူများ၊ ပြည်ထောင်စုစိတ်ဓာတ်ရှိကြသူများက အမျိုးသားနိုင်ငံရေးတာဝန်ကို ကျေကျေပွန်ပွန် ထမ်းဆောင်နေကြသည်ကို မိမိတို့က အလွန်ပင် နှစ်ထောင်းအားရရှိလှကြောင်း။

မိမိတို့ တစ်မျိုးသားလုံး၏အရေးကို ဖော်ဆောင်ပေးမည့် စစ်မှန်ပြီး၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လုပ်ငန်းစဉ်(၁)အရ အမျိုးသားညီလာခံကြီး ကျင်းပလျက်ရှိသည်ကို မိမိတို့ ပြည်သူတစ်ရပ်လုံးကလည်း ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲများမထားဘဲ အမျိုးသားရေးအမြင်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်အဝဖြင့် တက်တက်ကြွကြွ လိုလိုလားလား ပူးပေါင်း ဆောင်ရွက်ကြမည်ဖြစ်ကြောင်းကို တင်ပြအပ်ပါကြောင်း။

အားသွန်ခွန်စိုက်ဆောင်ရွက်

မိမိတို့က တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအမှန်တကယ်ဖြစ်ထွန်းမည့် အမျိုးသားညီလာခံကြီးမှချအောင်မြင်လိမ့်မည်ဆိုသည်ကို ယုံကြည်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရကလည်း ကိုယ့်တိုင်းပြည်တွင်းက ပြည်သူလူထုအားကို အလေးထားယုံကြည်ပြီး တစ်စိုက်မတ်မတ် အားသွန်ခွန်စိုက်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

ဒီမိုကရေစီနိုင်ငံတော်သစ်ကို ရောဂါဘယကင်းဝေးပြီး ကျန်းမာသန်စွမ်းသော နိုင်ငံသူ နိုင်ငံသားများဖြင့် ထူထောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဤအချက်ကိုမမေ့မလျော့ အစဉ်တစိုက်အားထုတ်ခဲ့ကြောင်း၊ ဤသို့ အားထုတ်မှုကြောင့်လည်း မြန်မာတိုင်းရင်းသားများ ယခင်ကထက် ကျန်းမာရေးအဆင့်အတန်း ပိုမိုမြင့်မားလာပြီး အသက်ပိုရှည်လာကြောင်း။

ပြည်သူလူထုအသက်ရှည်ရှည်သာမက ရောဂါဘယကင်းဝေးကျန်းမာရန်အတွက် ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကို မြန်မာနိုင်ငံအမျိုးသားကျန်းမာရေးကော်မတီ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ဤအမျိုးသားစီမံကိန်းချမှတ်ဆောင်ရွက်မှုကြောင့် ၁၉၈၈ ခုနှစ်တွင် ဆေးရုံ ၆၃၁ ရုံ ရှိခဲ့ရာမှ ယခု ၈၂၄ ရုံ၊ ကျန်းမာရေးဌာနဆိုလျှင် ၁၉၆၄ ဌာန တိုးတက်လာခဲ့ကြောင်း၊ ကျန်းမာရေးဆိုင်ရာတက္ကသိုလ်ဆိုလျှင် ယခင်က သုံးခုသာရှိခဲ့ရာက ယခုတက္ကသိုလ် ၁၅ ခုအထိ တိုးတက်ခဲ့ကြောင်း။

ယခင်က တိုင်းရင်းဆေးခန်း ၈၁ ခု ရှိခဲ့ရာမှ ယခု ၂၅၁ ခုအထိ တိုးတက်လာပြီး ကျန်းမာရေးသင်တန်းကျောင်းဆိုလျှင်လည်း ၁၉၈၈ ခုနှစ်မတိုင်မီက ၂၆ ကျောင်းသာရှိခဲ့ရာမှ ယခု ၄၃ ကျောင်းရှိလာပြီဖြစ်ကြောင်း၊ တိုင်း၊ ခရိုင်မြို့ကြီးများ၌ အထူးကုဆေးရုံကြီးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အထူးကုဆရာဝန်ကြီးများကုသမှု၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည်ကို အားလုံးမြင်တွေ့နေကြသည့်အတိုင်းပင် ယခုဆိုလျှင်မြန်မာ့မြေပေါ်၌ ကျောက်ကြီးရောဂါ၊ အနာကြီးရောဂါ၊ ပိုလီယိုရောဂါများ ပျောက်ကွယ်သွားကြပြီဖြစ်ကြောင်း။

အစွမ်းကုန်လှုပ်ရှားဆောင်ရွက်

မြန်မာနိုင်ငံ၌ HIV/AIDS ရောဂါကာကွယ်တားဆီးပပျောက်ရေးအတွက် အမျိုးသားရေးလူထုလှုပ်ရှားမှုအသွင်ဖြင့် ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာ အဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ ကြက်ခြေနီအသင်းစသည့် လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းပြီး အစွမ်းကုန်လှုပ်ရှား ဆောင်ရွက်လျက်ရှိသည်ကို အားလုံး မြင်တွေ့ကြသည့် အတိုင်းပင်ဖြစ်ကြောင်း။

မိမိတို့တစ်တွေက ကျန်းမာရေးကဏ္ဍအပါအဝင် ကဏ္ဍအားလုံး၌ မြန်မာတစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်နေသည်ကို မျက်ဝါးထင်ထင် မြင်တွေ့နေရကြောင်း၊ ယခုကျင်းပနေသော အမျိုးသားညီလာခံကြီးသည်လည်း ချောမောအောင်မြင်၍ နိုင်ငံတော်နှင့်ပြည်သူများ၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သည့် စည်းကမ်းပြည့်ဝသော

စာမျက်နှာ ၁၂ ကော်လံ ၁

အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း(၈)

ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပ... အခြေခံမှုများနှင့် အသေးစိတ်အခြေခံရမည့်မှုများကို ညီလာခံကိုယ်စားလှယ်များက ... ပေးလျက်ရှိနေပါသည်။ အဆိုပါ အခြေခံမှုများနှင့် အသေးစိတ်အခြေခံရမည့်မှုများ... အားဖြင့် အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်ပုံဖော်... ယင်းသို့ အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်နိုင်... ညီလာခံဆိုင်ရာ ဆောင်းပါးများကို နေ့စဉ်ဖော်ပြသွားမည်ဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ပေါ်ထွန်းလာရေးကို ရှေးရှုဖော်ဆောင်နေသော နိုင်ငံတော်အစိုးရက ပြည်သူလူထု၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီးပွားရေးဦးတည်ချက်(၄)ရပ် ချမှတ်ပြီး နှစ်တိုနှစ်ရှည်စီမံကိန်းများဖြင့် စနစ်တကျ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိနေပါသည်။

နိုင်ငံတော်နဲ့ပြည်သူလူထု၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင်–

- **စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊**
- **ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊**
- **ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊**
- **နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး**

ဟူသည့် ဦးတည်ချက်များဖြင့် ကြိုးပမ်းဆောင်ရွက်နေကြောင်း တွေ့ရှိနိုင်ပါသည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်ရေးကို အထောက်အကူပြုစေမည့် စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ပင်ဖြစ်သည်။ ထို့ကြောင့် ဈေးကွက်စီးပွားရေးစနစ်ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်က လိုအပ်သည့်စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။ အလားတူပင် အနာဂတ်နိုင်ငံတော်ကို ဖော်ဆောင်ရာ၌လည်း စီးပွားရေးကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍတို့နှင့် စပ်လျဉ်းပြီး ပြည်ထောင်စုကဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များက ဆောင်ရွက်ရမည့် ကိစ္စရပ်များဟူ၍ ရှိလာမည်ဖြစ်သည်။

သို့ဖြစ်၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် လည်းကောင်း အာဏာခွဲဝေအပ်နှင်းထားသည့် စီးပွားရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များနှင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ ကိစ္စရပ်များကို မေးမြန်းဆွေးနွေးတင်ပြလိုက်ရပါသည်။

စိုးမြကျော် – ဘကြီးခင်ဗျာ။ အနာဂတ်နိုင်ငံတော်ရဲ့ စီးပွားရေးကဏ္ဍဆိုင်ရာ ကိစ္စရပ်များနဲ့ စပ်လျဉ်းပြီး ရှင်းပြပေးပါဦး။

ဘကြီးစိုး – နိုင်ငံတစ်နိုင်ငံမှာ စီးပွားရေးဟာ နိုင်ငံရေးနဲ့လူမှုရေးတို့ကို ချိတ်ဆက်ပေးတဲ့ အဓိက ကွင်းဆက်ဖြစ်တာကြောင့် စီးပွားရေးကွင်းဆက်အားကောင်းဖို့ လိုအပ်ပါတယ်။ စီးပွားရေးကွင်းဆက် အားကောင်းမှ နိုင်ငံရေးနဲ့လူမှုရေး ကွင်းဆက်တွေလည်း ခိုင်ခိုင်ခံ့ခံ့နဲ့ အချိတ်အဆက်မိနေမှာဖြစ်တယ်။

ကြီးကြီးမြ – ၁၉၈၈ ခုနှစ်နောက်ပိုင်းကစပြီး မြန်မာ့စီးပွားရေး အဆောက်အအုံမှာ ဈေးကွက်စီးပွားရေးစနစ်ရဲ့ အခြေခံတွေကို တည်ဆောက်နိုင်ဖို့အတွက် စီးပွားရေးနဲ့ဥပဒေဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို နိုင်ငံတော်က ဆောင်ရွက်ပေးနေတာ ကြီးကြီးတို့ ကိုယ်တွေ့ပဲ မဟုတ်လား။

စိုးမြကျော် – မှန်ပါတယ်ခင်ဗျာ။ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရာမှာ တပ်မတော်အစိုးရဟာ စီးပွားရေးဦးတည်ချက် (၄)ရပ်ချမှတ်ပြီး ကြိုးပမ်းဆောင်ရွက်ပေးနေတာ တစ်နိုင်ငံလုံးမှာ မျက်မြင်ထင်ရှားပါပဲ။

ကြီးကြီးမြ – ဒါဟာ အနာဂတ်နိုင်ငံတော်အတွက် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံကို အုတ်မြစ်ချ တည်ဆောက်ပေးနေတာလည်း ဖြစ်ပါတယ်။

ဘကြီးစိုး – အမျိုးသားညီလာခံကလည်း စီးပွားရေးနဲ့စပ်လျဉ်းပြီး–

(၁) **နိုင်ငံတော်၏စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်၊**

(၂) **နိုင်ငံတော်သည် အမျိုးသားစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစု အားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်၊**

(၃) **နိုင်ငံတော်သည် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့် ယှဉ်ပြိုင်မှုကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့က ဖြစ်စေ လက်ဝါးကြီးအုပ် ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှု ပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်**

ဆိုပြီး အခြေခံမှုတွေ ချမှတ်ပေးထားပါတယ်။

ကြီးကြီးမြ – တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ လူနေမှုဘဝတွေ တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက် လာစေဖို့အတွက် တစ်နိုင်ငံလုံးမှာ ကွက်လပ်မကျန်အောင်လွှမ်းခြုံဆောင်ရွက်ပေးရမှာဖြစ်လို့ ပြည်ထောင်စုအဆင့်က စီးပွားရေးမူဝါဒတွေ ချမှတ်ပေးပြီး လိုအပ်တဲ့ ဥပဒေတွေပြဋ္ဌာန်းပေးခြင်း၊ စီမံကိန်းများ ရေးဆွဲဖော်ဆောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

အမျိုးသားညီလာခံကလည်း စီးပွားရေးနဲ့စပ်လျဉ်းပြီး–
(၁) နိုင်ငံတော်၏ စီးပွားရေးစနစ်သည်ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်၊
(၂) နိုင်ငံတော်သည် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုသည်၊
(၃) နိုင်ငံတော်သည် စီးပွားရေးလုပ်ငန်းများတွင် တရားသဖြင့်ယှဉ်ပြိုင်မှုကို ပျက်ပြားစေရန် တစ်ဦးတစ်ယောက်က ဖြစ်စေ၊ အစုအဖွဲ့က ဖြစ်စေ လက်ဝါးကြီးအုပ် ဆောင်ရွက်မှု သို့မဟုတ် ဈေးကစားမှု ပြုခြင်းဖြင့် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေခြင်းမှ တားဆီးကာကွယ်မည်
ဆိုပြီး အခြေခံမှုတွေ ချမှတ်ပေးထားပါတယ်။

ဘကြီးစိုး – ဒါကြောင့်မို့ အမျိုးသားညီလာခံက စီးပွားရေးကဏ္ဍနဲ့ စပ်လျဉ်းပြီး ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ–

(၁) **စီးပွားရေး၊**

(၂) **ကူးသန်းရောင်းဝယ်ရေး၊**

(၃) **သမဝါယမ၊**

(၄) **ကော်ပိုရေးရှင်း၊ ဘဏ်အဖွဲ့၊ လုပ်ငန်း၊ ကုမ္ပဏီ၊ အစုအစပ်၊**

(၅) **သွင်းကုန်၊ ထုတ်ကုန်နှင့်ယင်းကုန်ပစ္စည်းများ၏ အရည်အသွေးသတ်မှတ်ခြင်း၊**

(၆) **ဟိုတယ်နှင့် တည်းခိုခန်း၊**

(၇) **ခရီးသွားလာရေးလုပ်ငန်း**

ဆိုပြီး ဥပဒေပြုရေးဆိုင်ရာ အာဏာတွေ ခွဲဝေအပ်နှင်းထားပါတယ်။

စိုးမြကျော် – တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာကော ဘကြီး။

ဘကြီးစိုး – စီးပွားရေးကဏ္ဍနဲ့ စပ်လျဉ်းပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဥပဒေပြုစာရင်းမှာ–

(၁) **ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် စီးပွားရေးကိစ္စများ၊**

(၂) **ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ရေးကိစ္စများ၊**

(၃) **ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဆောင်ရွက်သည့် သမဝါယမကိစ္စများ**

ဆိုပြီး ဥပဒေပြုရေးဆိုင်ရာ အာဏာတွေ ခွဲဝေအပ်နှင်းပေးထားပါတယ်။

စိုးမြကျော် – ဟုတ်ကဲ့ပါ ဘကြီး။ အဲဒီဥပဒေပြုစာရင်းမှာ ဖော်ပြထားချက်တွေဟာ ဥပဒေပြဋ္ဌာန်းနိုင်ဖို့အတွက်သာ အဓိကရည်ရွယ် သတ်မှတ်ထားတာဖြစ်တယ်။ ဒီလို ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတွေနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်ရတာက စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းတွေပဲ ဖြစ်တယ်ဆိုတာ သဘောပေါက်ပါတယ်။ ပိုပြီး ရှင်းရှင်းလင်းလင်းသိရအောင် ဆွေးနွေးပေးပါဦး။

ကြီးကြီးမြ – ပြည်ထောင်စုက ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေတစ်ရပ်အရ စီမံခန့်ခွဲရေးဆိုင်ရာလုပ်ငန်းတွေကို အကောင်အထည်ဖော်နိုင်ဖို့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဒေသဆိုင်ရာ အာဏာပိုင်တွေကို လုပ်ပိုင်ခွင့်ပေးပြီး ဆောင်ရွက်သွားရမှဖြစ်ပါတယ်။

ဘကြီးစိုး – ဥပမာ–ခရီးသွားလုပ်ငန်းဆိုပါစို့။ တစ်ပြည်လုံး ဒေသအသီးသီးမှာ ခရီးသွားလုပ်ငန်းကို ဆောင်ရွက်နေကြတာဖြစ်တယ်။ အဲဒီခရီးသွားလုပ်ငန်းနဲ့ စပ်လျဉ်းလို့ ပြည်ထောင်စုက တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ လွှမ်းခြုံပြီး ဥပဒေပြဋ္ဌာန်းပေးမှာဖြစ်တယ်။ အဲဒီပြဋ္ဌာန်းလိုက်တဲ့ ဥပဒေအရ စီမံခန့်ခွဲရေးဆိုင်ရာ လုပ်ပိုင်ခွင့်တွေကို တိုင်းဒေသကြီး အစိုးရတွေ၊ ပြည်နယ်အစိုးရတွေ အပါအဝင် လုပ်ပိုင်ခွင့်အပ်နှင်းခြင်းခံရတဲ့ အဖွဲ့အစည်းတွေက အကောင်အထည်ဖော် ဆောင်ရွက် သွားရမှာပဲဖြစ်တယ်။

ကြီးကြီးမြ – အဲဒီလို တစ်နိုင်ငံလုံးကို ...
ပြည်ထောင်စုလွှတ်တော...
ပြည်နယ်အသီးသီးက ...
လည်း ပါဝင်နေကြတာ...
အလိုက် သင့်လျော်ကေ...
တင်ပြခွင့်ရရှိနေမှာပဲ ဖြ...

စိုးမြကျော် – ရှင်းပါပြီခင်ဗျာ တချို့ကိ...
တစ်ရွာတစ်ပုဒ်ဆန်းမဖြ...
လွှမ်းခြုံပြီး ပြည်ထောင်စု...
တွေအရ လုပ်ငန်းတွေ...
တိုင်းဒေသကြီး သို့မ...
ဆောင်ရွက်ကြရမယ်။ ...
ထူးခြားတဲ့ အခြေအနေ...
ကိုယ်စားလှယ်တွေက ...
ဆွေးနွေးတင်ပြခွင့်ရှိတ...
အဲဒီတင်ပြချက်တွေကို ...
ဖြစ်အောင် ဆုံးဖြတ်...
မဟုတ်လား ဘကြီး။

ဘကြီးစိုး – မှန်ပါတယ်။ အခုဆက်...
ကဏ္ဍအကြောင်း ဆွေး...

စိုးမြကျော် – ကျွန်တော်တို့နိုင်ငံတေ...
(၄)ရပ်အနက် ပထမ...
**"စိုက်ပျိုးရေးကိုအခြေခံ...
ကိုလည်း ဘက်စုံဖွံ့ဖြိုး...
ရေး"**ဖြစ်ပါတယ်။

ဘကြီးစိုး – အမျိုးသားညီလာခံက "...
**မှ စက်မှုလယ်ယာသို့...
အရင်း အနှီး၊ စက်ပစ္စည်...
အတတ်နိုင်ဆုံး ဖြည့်ခ...**
စပ်လျဉ်းပြီး အသေးစိ...
ပေးထားပါတယ်။

ကြီးကြီးမြ – စိုက်ပျိုးရေးမှာအရေးပါ...
ရည်မှန်းချက်တွေက ပြ...
အတွက် သီးနှံများတိုးချဲ...
စက်မှု လက်မှုလုပ်ငန်း...
ကုန်ကြမ်းသီးနှံများ စို...
လယ်ယာ ထွက်ကုန်သီး...
ကြိုးပမ်း ဆောင်ရွက်ဖို့ဖြ...
ဖွံ့ဖြိုးရေးကို အထောက်...
တွေကိုပါ တိုးချဲ့ဆောင်ရွ...

စိုးမြကျော် – အဲဒီ ရည်မှန်းချက်တေ...
ပြည်ထောင်စု တစ်ဝန်း...
စပ်လျဉ်းပြီး မူဝါဒချမှ...
ပြဋ္ဌာန်းပေးခြင်းတို့ကို ...
တယ်။

ဘကြီးစိုး – အနာဂတ်မှာလည်း ဖြ...
မြေကေပေါင်း ၁၆၇သန်...
ခန့်ခွဲမှုကို ပြည်ထောင...
အစည်းတွေက ဆွေးနွေ...
ပြဋ္ဌာန်းပေးမှတစ်နိုင်ငံလုံ...

င်း(၈)

စိုးမြကျော်

င် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးအတွက် ကို ညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး ချမှတ် အသေးစိတ်အခြေခံရမည့်မူများကို လေ့လာကြည့်ရှုခြင်း နှင့် အနှစ်သာရကို ရှုမြင်ပုံဖော်လာနိုင်မည်ဖြစ်ပါသည်။ နှင့် အနှစ်သာရကို ရှုမြင်နိုင်ရေးအတွက် အမျိုးသား ားမည်ဖြစ်သည်။

ကြီးကြီးမြ – အဲဒီလို တစ်နိုင်ငံလုံးကို လွှမ်းခြုံပြီး ဥပဒေပြဋ္ဌာန်းခွင့်ရှိတဲ့ ပြည်ထောင်စုလွှတ်တော်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးက လွှတ်တော်ကိုယ်စားလှယ်တွေလည်း ပါဝင်နေကြတာဖြစ်လို့ မိမိတို့ရဲ့ နယ်မြေဒေသအလိုက် သင့်လျော်ကောင်းမွန်တဲ့ အကြံပြုချက်တွေကို တင်ပြခွင့်ရရှိနေမှာပဲ ဖြစ်တယ်ကွယ့်။

စိုးမြကျော် – ရှင်းပါပြီခင်ဗျာ တချို့ကိစ္စတွေမှာတစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းမဖြစ်ရအောင် တစ်နိုင်ငံလုံးအတွက် လွှမ်းခြုံပြီး ပြည်ထောင်စုက ဥပဒေပြုပေးမယ်။ အဲဒီဥပဒေတွေအရ လုပ်ငန်းတွေ အကောင်အထည်ပေါ်အောင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတွေက ဆောင်ရွက်ကြရမယ်။ နယ်မြေဒေသအခြေအနေအရ ထူးခြားတဲ့ အခြေအနေတွေရှိရင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေက ပြည်ထောင်စု လွှတ်တော်မှာ ဆွေးနွေးတင်ပြခွင့်ရှိတယ်။ ပြည်ထောင်စုလွှတ်တော်က အဲဒီတင်ပြချက်တွေကို လေ့လာသုံးသပ်ပြီး အကောင်းဆုံးဖြစ်အောင် ဆုံးဖြတ်ပေးသွားမှာပဲဖြစ်တယ်။ အဲဒီလို မဟုတ်လား ဘကြီး။

ဘကြီးစိုး – မှန်ပါတယ်။ အခုဆက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအကြောင်း ဆွေးနွေးကြရအောင်။

စိုးမြကျော် – ကျွန်တော်တို့နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက် (၄)ရပ်အနက် ပထမဆုံး ဦးတည်ချက်တစ်ရပ်က **"စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး"**ဖြစ်ပါတယ်။

ဘကြီးစိုး – အမျိုးသားညီလာခံက **"နိုင်ငံတော်သည်လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရန် နည်းပညာ၊ အရင်း အနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို အတတ်နိုင်ဆုံး ဖြည့်ဆည်းမည်"**ဆိုတဲ့ စိုက်ပျိုးရေးနဲ့ စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မူတစ်ရပ် ချမှတ်ပေးထားပါတယ်။

ကြီးကြီးမြ – စိုက်ပျိုးရေးမှာအရေးပါတဲ့ လယ်ယာကဏ္ဍရဲ့အဓိကရည်မှန်းချက်တွေက ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံစေရေးအတွက် သီးနှံများတိုးချဲ့စိုက်ပျိုးထုတ်လုပ်ဖို့၊ ပြည်တွင်းစက်မှု လက်မှုလုပ်ငန်းတွေအတွက် လိုအပ်တဲ့ စက်မှုကုန်ကြမ်းသီးနှံများ စိုက်ပျိုးထုတ်လုပ်ဖို့နဲ့ ပြည်ပကိုလယ်ယာ ထွက်ကုန်သီးနှံတွေ ပိုမိုတင်ပို့နိုင်ရေး အတွက် ကြိုးပမ်း ဆောင်ရွက်ဖို့ဖြစ်တယ်။ ဒါ့အပြင် နယ်စပ်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုမယ့် စိုက်ပျိုးရေးလုပ်ငန်းတွေကိုပါ တိုးချဲ့ဆောင်ရွက်သွားမယ်လို့ သိထားပါတယ်။

စိုးမြကျော် – အဲဒီ ရည်မှန်းချက်တွေ အောင်မြင်ဖို့ အခုအခါမှာ ပြည်ထောင်စု တစ်ဝန်းလုံးအတွက် မြေယာစီမံခန့်ခွဲမှုနဲ့ စပ်လျဉ်းပြီး မူဝါဒချမှတ်ခြင်း၊ လိုအပ်တဲ့ ဥပဒေများ ပြဋ္ဌာန်းပေးခြင်းတို့ကို ဆောင်ရွက်ပေးနေတာ တွေ့ရပါတယ်။

ဘကြီးစိုး – အနာဂတ်မှာလည်း ပြည်ထောင်စုတစ်ဝန်းလုံးမှာရှိတဲ့ မြေဧကပေါင်း ၁၆၇သန်းကျော်နဲ့ စပ်လျဉ်းပြီး မြေယာစီမံခန့်ခွဲမှုကို ပြည်ထောင်စုရဲ့ အမြင့်ဆုံးဥပဒေပြု အဖွဲ့အစည်းတွေက ဆွေးနွေးညှိနှိုင်းပြီး လိုအပ်တဲ့ဥပဒေတွေ ပြဋ္ဌာန်းပေးမှတစ်နိုင်ငံလုံးအနေနဲ့တူညီမှုရှိမှာမဟုတ်လား။

စိုးမြကျော် – မှန်ပါတယ်ဘကြီး။

ဘကြီးစိုး – ဒါကြောင့်မို့ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍနဲ့စပ်လျဉ်းပြီး ပြည်ထောင်စု ဥပဒေပြုစာရင်းမှာ–

(၁) **မြေယာစီမံခန့်ခွဲမှု၊**

(၂) **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများဖော်ထုတ်ခြင်း၊**

(၃) **ကြေးတိုင်နှင့်မြေစာရင်း၊**

(၄) **မြေတိုင်း၊**

(၅) **ပြည်ထောင်စုက စီမံခန့်ခွဲသည့် ဆည်မြောင်း၊ တာတမံနှင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းများ၊**

(၆) **မိုးလေဝသ၊ ဇလဗေဒနှင့် မြေငလျင်တိုင်းတာရေး၊**

(၇) **စာချုပ်စာတမ်းမှတ်ပုံတင်ခြင်း၊**

(၈) **စက်မှုလယ်ယာ၊**

(၉) **စိုက်ပျိုးရေးသုတေသန၊**

(၁၀) **ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်ရေး၊**

(၁၁) **ပင်လယ်ငါးလုပ်ငန်း၊**

(၁၂) **တိရစ္ဆာန်မျိုးပွားရေး၊ ရောဂါကာကွယ်ရေး၊ ကုသရေးနှင့် သုတေသနလုပ်ငန်းများ**

ဆိုပြီး ဥပဒေပြုရေးဆိုင်ရာ အာဏာတွေ ခွဲဝေအပ်နှင်းပေးထားပါတယ်။

စိုးမြကျော် – တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ အာဏာခွဲဝေအပ်နှင်းထားတဲ့ ကိစ္စရပ်တွေကိုလည်း သိပါရစေ ဘကြီး။

ဘကြီးစိုး – တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာ အာဏာခွဲဝေအပ်နှင်းထားတဲ့ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာကိစ္စရပ်တွေကတော့–

(၁) **လယ်ယာစိုက်ပျိုးရေး၊**

(၂) **အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေး၊**

(၃) **ဓာတ်မြေသြဇာစနစ်တကျ သုံးစွဲရေးနှင့် သဘာဝမြေသြဇာများ စနစ်တကျထုတ်လုပ် သုံးစွဲရေး၊**

(၄) **စိုက်ပျိုးရေးချေးငွေနှင့် စုငွေများ၊**

(၅) **တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်က စီမံခန့်ခွဲခွင့်ရှိသော ဆည်မြောင်း၊တာတမံ၊ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ၊**

(၆) **ရေချိုငါးလုပ်ငန်း၊**

ဘကြီးစိုး – အဲဒီလို နိုင်ငံတော်က တည်ဆောက်ပေးထားတဲ့ ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းများနဲ့ စိုက်ပျိုးရေရရှိရေးလုပ်ငန်းတွေအနက် အနာဂတ်မှာ ပြည်ထောင်စုကသာ ထိန်းသိမ်းစီမံခန့်ခွဲသွားသင့်တဲ့ ဆည်တမံတွေနဲ့ စိုက်ပျိုးရေရရှိရေးလုပ်ငန်းတွေရှိမှာဖြစ်တယ်။ အလားတူပဲ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေက ထိန်းသိမ်းစီမံခန့်ခွဲသွားရမယ့် ဆည်တမံတွေ၊ ရေကန်တွေ၊ ရေနုတ်မြောင်းတွေနဲ့ စိုက်ပျိုးရေရရှိရေးလုပ်ငန်းတွေလည်း ရှိမှာဖြစ်တယ်။ ဒါ့အပြင် အနာဂတ်မှာဆက်လက်တည်ဆောက်ပြီး စီမံခန့်ခွဲသွားရမယ့် စီမံကိန်းလုပ်ငန်းတွေလည်း ရှိလာလိမ့်ဦးမယ်။ ဒါကြောင့်မို့ **ပြည်ထောင်စုက စီမံခန့်ခွဲသည့် ဆည်မြောင်း၊ တာတမံနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ**နဲ့ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကစီမံခန့်ခွဲခွင့်ရှိသော ဆည်မြောင်း၊ တာတမံ၊ ရေကန်၊ ရေနုတ်မြောင်းနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ** ဆိုပြီး ဥပဒေပြု စာရင်းနှစ်ခုစလုံးမှာ ထည့်သွင်းဖော်ပြပေးထားတာ ဖြစ်ပါတယ်။

စိုးမြကျော် – ဟုတ်ကဲ့ခင်ဗျာ။ ပြည်ထောင်စုဥပဒေပြုစာရင်းမှာ **စက်မှုလယ်ယာ** ကိစ္စရပ်ကိုလည်း ထည့်သွင်းထားတာ တွေ့ရပါတယ်။ အသေးစိတ်ရှင်းပြပေးပါဦး။

ကြီးကြီးမြ – တပ်မတော်အစိုးရလက်ထက်မှာ အနာဂတ်နိုင်ငံတော်အတွက် လမ်းခင်းဖော်ဆောင် ပေးနေတဲ့ လုပ်ငန်းဆိုင်ရာကိစ္စတွေ အမြောက်အမြားရှိနေရာမှာ **စက်မှုလယ်ယာ** ကိစ္စရပ်လည်း ပါဝင်တာပေါ့ကွယ်။ ဒါကြောင့် နိုင်ငံတော်မှာ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ပြီး တောင်သူလယ်သမားတွေ ဝင်ငွေတိုးတက်စေဖို့နဲ့ လုပ်ငန်းခွင်မှာ အချိန်ကုန်လူပန်းမဖြစ်ရစေဖို့ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် တပ်မတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။

ဘကြီးစိုး – လယ်ယာသီးနှံ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား တိုးတက်အောင် ရှေးဟောင်းသမားရိုးကျနည်းလမ်းတွေအစား ခေတ်မီတိုးတက်တဲ့ စက်မှုနည်းပညာတွေကို အသုံးပြုပြီး စိုက်ပျိုးရေးကဏ္ဍ ထွန်းကားလာဖို့အတွက် နိုင်ငံတော်က ဆောင်ရွက်ပေးနေပါတယ်။

အဲဒီလုပ်ငန်းတွေကတော့–

(၁) **လယ်ယာမြေသီးနှံစိုက်ပျိုးထုတ်လုပ်ရေးတွင် စက်မှုတပ်ဆင်ပြီး ထွန်ယက်၊ ရိတ်သိမ်း၊ ခြွေလှေ့ ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခြင်း၊**

(၂) **ပြည်တွင်းပြည်ပမှ လယ်ယာသုံး စက်ကိရိယာများ ဝယ်ယူပြီး တောင်သူလယ်သမားများသို့ ဖြန့်ဖြူးရောင်းချခြင်း၊**

(၃) **မြန်မာ့လယ်ယာလုပ်ငန်းများနှင့် ကိုက်ညီဆီလျော်သော လယ်ယာသုံးစက်ကိရိယာများကို တီထွင်စမ်းသပ်ခြင်း၊**

(၄) **မြန်မာ့လယ်ယာလုပ်ငန်းများနှင့် ကိုက်ညီဆီလျော်သော လယ်ယာသုံး စက်ကိရိယာအများအပြား ထုတ်လုပ်ပြီး တောင်သူလယ်သမားများသို့ ဖြန့်ဖြူးရောင်းချခြင်း၊**

(၅) **လယ်ယာမြေတိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် မြေယာသစ်များကို စက်ကိရိယာ အကူအညီများဖြင့် ဖော်ထုတ်ပေးခြင်း၊**

(၆) **သီးနှံစိုက်ပျိုးထုတ်လုပ်ခြင်း လုပ်ငန်းများအတွက် မြေအောက်ရေရှာဖွေတူးဖော်ပေးခြင်း**

စတဲ့ လုပ်ငန်းတွေပဲဖြစ်ပါတယ်။

> တပ်မတော်အစိုးရလက်ထက်မှာ အနာဂတ်နိုင်ငံတော်အတွက် လမ်းခင်းဖော်ဆောင်ပေးနေတဲ့ လုပ်ငန်းဆိုင်ရာကိစ္စတွေ အမြောက်အမြားရှိနေရာမှာ စက်မှုလယ်ယာ ကိစ္စရပ်လည်း ပါဝင်တာပေါ့ကွယ်။ ဒါကြောင့် နိုင်ငံတော်မှာ လယ်ယာကုန်ထုတ်လုပ်မှု တိုးတက်ပြီး တောင်သူလယ်သမားတွေ ဝင်ငွေတိုးတက်စေဖို့နဲ့ လုပ်ငန်းခွင်မှာ အချိန်ကုန်လူပန်းမဖြစ်ရစေဖို့ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် တပ်မတော်အစိုးရက စီစဉ်ဆောင်ရွက်ပေးနေတာ ဖြစ်ပါတယ်။
>
> လယ်ယာသီးနှံ စိုက်ပျိုးထုတ်လုပ်မှုစွမ်းအား တိုးတက်အောင် ရှေးဟောင်းသမားရိုးကျနည်းလမ်းတွေအစား ခေတ်မီတိုးတက်တဲ့ စက်မှုနည်းပညာတွေကို အသုံးပြုပြီး စိုက်ပျိုးရေးကဏ္ဍ ထွန်းကားလာဖို့အတွက် နိုင်ငံတော်က ဆောင်ရွက်ပေးနေပါတယ်။

(၇) **ပြည်ထောင်စုက ပြဋ္ဌာန်းသည့် ဥပဒေနှင့်အညီ တိရစ္ဆာန် မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေး**

တို့ပဲ ဖြစ်တယ်။

စိုးမြကျော် – ဘကြီး ရှင်းပြသွားတဲ့ ပြည်ထောင်စုဥပဒေပြုစာရင်းမှာရော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းမှာပါ **ဆည်မြောင်း၊ တာတမံနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ**ဆိုတာ ပါနေတာတွေ့ရပါတယ်။ တပ်မတော်အစိုးရလက်ထက်မှာ ၁၉၈၈–၈၉ ဘဏ္ဍာရေးနှစ်ကနေ ယနေ့အချိန်အထိ ဆည်မြောင်း၊တာတမံစီမံကိန်းပေါင်း ၁၈၁ ခုကို အောင်မြင်စွာ တည်ဆောက်ပေးခဲ့ပါတယ်။ အဲဒီဆည်မြောင်း တာတမံတွေကတစ်ဆင့် စိုက်ပျိုးမြေဧကသိန်းပေါင်းများစွာကို စိုက်ပျိုးရေပေးဝေနိုင်ခဲ့တဲ့အတွက် နိုင်ငံတော်ရဲ့ လယ်ယာစီးပွားရေးကဏ္ဍ သိသိသာသာ တိုးတက်လာပြီး တောင်သူလယ်သမားတွေနဲ့ ပြည်သူတွေ အကျိုးကျေးဇူးများစွာ ရရှိခံစားနေကြရပါတယ် ဘကြီး။

စိုးမြကျော် – ကျွန်တော်တို့မျက်မြင်ကိုယ်တွေ့ပါပဲခင်ဗျာ။ လယ်ယာလုပ်ငန်းခွင်မှာ စက်ကိရိယာတွေ တိုးချဲ့တပ်ဆင်အသုံးပြုခြင်းဖြင့် စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းလာနိုင်ရေး အတွက် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းပြီးဒေသဆိုင်ရာကော်မတီတွေရဲ့ ကြိုးကြပ်မှုနဲ့ နိုင်ငံတစ်ဝန်းမှာ စက်မှုဇုန်တွေ ထူထောင်အားပေးနေတာ အားရစရာပါပဲ။

ကြီးကြီးမြ – အခုကတည်းက အရှိန်ရနေတဲ့ နိုင်ငံတော်ရဲ့ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုကို အနာဂတ်မှာ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်အောင် ဖော်ဆောင်ပေးထားတာမို့ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေး၊ ပြည်ပပို့ကုန်တိုးချဲ့တင်ပို့နိုင်ရေးနဲ့ ပြည်တွင်းစက်ရုံအလုပ်ရုံများအတွက် လိုအပ်သောကုန်ကြမ်းများ ဖြည့်ဆည်းပေးရေးဆိုတဲ့ ကြိုးပမ်းဆောင်ရွက်ချက်တွေလည်း ပိုမိုတိုးတက်အောင်မြင်လာမှာ သေချာပါတယ်။

ဘကြီးစိုး – အနာဂတ်မှာ ပြည်ထောင်စုအဆင့်အနေနဲ့ လယ်ယာစိုက်ပျိုးရေးမူဝါဒတွေ၊ လုပ်ငန်းစီမံကိန်းတွေကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ချမှတ်ပေးလိုက်တဲ့အခါ တိုင်းဒေသကြီးတွေ၊ ပြည်နယ်တွေက မိမိတို့နယ်မြေအတွင်း လယ်ယာစိုက်ပျိုးရေးဆိုင်ရာလုပ်ငန်းတွေကို အနီးကပ်ကြီးကြပ် ဆောင်ရွက်သွားကြရမှာဖြစ်တယ်။ အဲဒီလိုဆောင်ရွက်တဲ့နေရာမှာ တက်ညီလက်ညီနဲ့ ဟန်ချက်ညီညီအကောင်အထည်ဖော်နိုင်အောင် ကြိုတင်မျှော်မှန်းပြီး အသေးစိတ်အခြေခံရမည့်မူတွေ ချမှတ်ပေးနေတာပဲဖြစ်ပါတယ်။ ။

ခြစ်ညပ်ရိုးကြက်ဆူဆီဖြင့် လယ်ယာသုံးစက်နှင့်တီအီးယာဉ်များ စမ်းသပ်မောင်းနှင် အဆင့်မြင့်မော်တော်ယာဉ်များတွင် အသုံးပြုနိုင်ရေးအဆင့်ဆင့်သုတေသနပြုလုပ်

ရန်ကုန် ဇန်နဝါရီ ၁၆

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသီသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း သန်လျင်မြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)သို့ သွားရောက်ပြီး ခြစ်ညပ်ရိုးကြက်ဆူဆီကို ဒီဇယ်ဆီအစား အသုံးပြုနိုင်ရေးအတွက် သုတေသနပြု စမ်းသပ်မှုအခြေအနေကို စစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးအား ရေနံချက်စက်ရုံရှင်းလင်းဆောင်၌ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသောင်းမြင့်က ခြစ်ညပ်ရိုးကြက်ဆူပင်မှရရှိသော ကြက်ဆူဆီနှင့် ဒီဇယ်ဆီတို့၏ ဂုဏ်သတ္တိများ၊ ဓာတ်ခွဲစမ်းသပ်တွေ့ရှိမှုနှင့် လက်တွေ့မော်တော်ယာဉ်ကို စမ်းသပ်မောင်းနှင်မှုအခြေအနေနှင့် တွေ့ရှိချက်များ၊ ဆက်လက်သုတေသနပြုလုပ်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြောင်းလဲအသုံးပြု

ထို့နောက် ဝန်ကြီးကပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဒီဇယ်ဆီအစား ခြစ်ညပ်ရိုးကြက်ဆူဆီကို ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုနိုင်ရေးအတွက် စနစ်တကျသုတေသနပြုစမ်းသပ်သွားရန်ဖြစ်ကြောင်း၊ လယ်ယာသုံးစက်များ၊ တီအီးမော်တော်ယာဉ်များတွင် စတင်စမ်းသပ်မောင်းနှင်နေပြီဖြစ်သကဲ့သို့ အဆင့်မြင့်မော်တော်ယာဉ်များတွင်လည်း အသုံးပြုသွားနိုင်ရေးအတွက် အဆင့်ဆင့်စမ်းသပ်သုတေသနပြုလုပ်သွားရမှာဖြစ်ကြောင်း၊ ကြက်ဆူဆီမှ ဘိုင်အိုဒီဇယ်ဆီအဖြစ် ပြောင်းလဲအသုံးပြုသွားနိုင်ရေးအတွက် လက်ရှိစမ်းသပ်တွေ့ရှိချက်များအပြင် ဆက်လက်၍အသေးစိတ်သုတေသနပြုလုပ်သွားရန်ဖြစ်ကြောင်း မှာကြားသည်။ ယင်းနောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် ခင်းကျင်းပြသထားသော သုတေသနပြုစမ်းသပ်တွေ့ရှိချက်များ၊ ဘိုင်အိုဒီဇယ်ဆီစမ်းသပ်မှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုပြီး ရေစုပ်စက်၊ လယ်ယာသုံးထွန်စက်နှင့် တီအီး–၂၁မော်တော်ယာဉ်များကို ကြက်ဆူဆီဖြင့် စမ်းသပ်မောင်းနှင်ပြသမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် သန်လျင်ရေနံချက်စက်ရုံဝင်းအတွင်းရှိ ဓာတ်မြေဩဇာထည့်ရန်အတွက် ပီပီအိတ်ထုတ်လုပ်သည့်စက်ရုံသို့ သွားရောက်စစ်ဆေးရာ စက်ရုံမှူးက ထုတ်လုပ်မှုနည်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် စက်ရုံအတွင်းထုတ်လုပ်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးကစက်ရုံစွမ်းအားပြည့် လည်ပတ်နိုင်ရေးအတွက် မိမိတို့ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးစားဆောင်ရွက်သွားကြရန်မှာကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း ဟိုင်းကြီးတပ်နယ်ရှိ ရော်ဘာပင်များကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

● **ကျောဖုံးမှ**

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ငွေကြေးချို့တဲ့သော လူနာများအား ဆေးဝါးအခမဲ့ ကုသနိုင်ရေးအတွက် ဆေးပဒေသာပင်အလှူငွေကို ယခုထက် ပိုမိုရှာဖွေ စုဆောင်းထားရန် မှာကြားကာ ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းကို ဆေးရုံတာဝန်ခံ ဆရာဝန် ဒေါက်တာဇော်မင်းသိုက်သို့ပေးအပ်လှူဒါန်းသည်။

ပြောင်းရွှေ့စိုက်ပျိုး

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဟိုင်းကြီးတပ်နယ်ရှိ တပ်ရင်းတပ်ဖွဲ့များ၏ ငရုတ်ကောင်းအပင် ၁၈၀၀ စိုက်ခင်းနှင့် ရော်ဘာပျိုးပင် ၃၆၆၄၅ ပင် ပျိုးခင်းသို့ရောက်ရှိပြီး အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ငရုတ်ကောင်းပင်နှင့် ရော်ဘာပျိုးပင်များကို ကြည့်ရှုစစ်ဆေးကာ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ရော်ဘာပျိုးပင်များကို သင့်တင့်သည့် အရွယ်တွင် စိုက်ခင်းသို့ ပြောင်းရွှေ့စိုက်ပျိုးရေး တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တပ်ရင်း၊ တပ်ဖွဲ့များမှ စိုက်ပျိုးထားသည့် ကွမ်းသီးပင် ၅၁၆၃ ပင်စိုက်ခင်းနှင့် ငရုတ်ကောင်းခြံအမှတ်(၁)ရှိ ငရုတ်ကောင်း အပင် ၂၀၀၀ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးပြီး ဟိုင်းကြီးတပ်နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ထပ်မံတိုးချဲ့ဆောင်ရွက်ရေးနှင့် ခြစ်ညပ်ရိုးကြက်ဆူပင်ကိုလည်း တိုးချဲ့စိုက်ပျိုးကြရေး တာဝန်ရှိသူများအား မှာကြားသည်။

ဟိုင်းကြီးတပ်နယ်တွင် ရော်ဘာ ၁၂၀၃၈ ပင်ကို စိုက်ပျိုးထားပြီး တိုးချဲ့စိုက်ပျိုးရန်အပင်ငါးသောင်းပျိုးထောင်ထားရှိသည်၊ ငရုတ်ကောင်းပင် ၄၇၁၄၀ ကို မြေ ၅၃ ဧက၌ စိုက်ပျိုးထားပြီး အောင်မြင် ဖြစ်ထွန်းလျက်ရှိသည်။ ထို့အပြင် ခြစ်ညပ်ရိုး ကြက်ဆူပင် ၁၀၉၆၀၀ နှင့်ကွမ်းသီးပင် ၆၆၆၉၉ ပင်တို့ကိုလည်း စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း တွေ့ရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် ထွက်ခွာ၍ နံနက် ၁၁ နာရီတွင် ငပုတောမြို့နယ် ခရင်ဝါးချောင်းကျေးရွာအုပ်စု ပေါ်ဖောကျေးရွာသို့ ရောက်ရှိကြရာ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများက ကြိုဆိုကြသည်။

ပံ့ပိုးကူညီသွားမည်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအား မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ဝိုင်းဝန်းပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ရေယာဉ်ဖြင့် ဆက်လက် ထွက်ခွာလာကြရာ မွန်းလွဲ ၁၂ နာရီခွဲတွင် ငပုတောမြို့နယ် ပုသိမ်တောင် သစ်ထုတ်ရေးဒေသမြစ်တစ်ရာသစ်ထုတ်နယ်ဝါးကလောသစ်ဆိပ်သို့ ရောက်ရှိကြသည်။

စနစ်တကျထိန်းသိမ်း

ယင်းနောက် ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းအား မြန်မာ့သစ်လုပ်ငန်း တိုင်းမန်နေဂျာ ဦးအောင်သောင်းက ဝန်ထမ်းအင်အား၊ လုပ်ငန်းဆောင်ရွက်သည့် အင်အား၊ သစ်မာထုတ်လုပ်သည့် ကြိုးဝိုင်းသစ်ကွက်များ၊ လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု၊ ထုတ်လုပ်ထားသည့် ပစ္စည်းများလွှဲအပ်မှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ငပုတောမြို့နယ် သစ်တောဦးစီးမှူး ဦးတင်မောင်ကြည်က ဖြည့်စွက်ရှင်းလင်းတင်ပြပြီးဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက သစ်ထုတ်လုပ်ရေးကို လိုအပ်ချက်အရ စနစ်တကျ ဆောင်ရွက်သွားကြရန်နှင့် သစ်တောများကိုလည်း စနစ်တကျ ထိန်းသိမ်း၍ ပြန်လည်စိုက်ပျိုးသွားကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မော်တင်–ပုသိမ်လမ်းမှ တစ်ဆင့် ပုသိမ်–ငွေဆောင်လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ မိုင်တိုင် အမှတ်(၂၅) အနီးရှိ ဗောဓိကုန်း ယုဇနပုစွန်မွေးမြူရေး အဖွဲ့သို့ ရောက်ရှိကြသည်။

ဖြည့်စွက်မှာကြား

ယင်းနောက် ယုဇနပုစွန်မွေးမြူရေးအဖွဲ့က ခြစ်ညပ်ရိုး ကြက်ဆူပင်မျိုးစေ့ ၄၀၀၀ နှင့် ပျိုးကိုင်း ၂၀၀၀ ပျိုးထောင်စိုက်ပျိုးမှုကို ကြည့်ရှုစစ်ဆေးရာ ပုသိမ်မြို့နယ် ယုဇနကုမ္ပဏီ လီမိတက် အထွေထွေမန်နေဂျာက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များကို ဖြည့်စွက် မှာကြားသည်။

ထို့နောက် ဆက်လက်ထွက်ခွာလာကြရာ ပုသိမ်ခရိုင် ငွေဆောင်မြို့သို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ငွေဆောင်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ငွေဆောင်မြို့ရှိ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ စက်သုံးဆီလိုအပ်မှုကို တစ်တပ်တစ်အား ပါဝင်အထောက်အကူပြုနိုင်သည့် ခြစ်ညပ်ရိုးကြက်ဆူပင် စိုက်ပျိုးမှုကိုလည်း နှစ်စဉ်တိုးချဲ့စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း၊ ဤဒေသ၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည့် ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းလုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှသာ ဒေသဖွံ့ဖြိုးတိုးတက်မည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း။

အေးချမ်းသာယာရေး

ဒေသဆိုင်ရာတာဝန်ရှိသူများကလည်း လုပ်ငန်းကဏ္ဍအလိုက် ညှိနှိုင်းပြီး တစ်နှစ်ချင်းစီမံကိန်းများရေးဆွဲကာ အောင်မြင်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ငွေဆောင်ကမ်းခြေတွင်လာရောက်အပန်းဖြေကြသော နိုင်ငံခြားသားများ၊ မြန်မာပြည်အဝန်းမှ လာရောက်ကြသူများဖြင့် စည်ကားလျက်ရှိရာ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ဂရုပြု ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားပြီး အခမ်းအနားကို ညနေ ၅ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇–၁–၂၀၀၆ (အင်္ဂါနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တစ်သက်တာစိတ်ချမ်းသာဖို့ ဥယျာဉ်ခြံမြေစိုက်ပျိုးစို့
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၀	ကျန်းမာရေးအတွက် သန့်လေးသန့် (အပိုင်း–၁)
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	Say It in English
၈း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	လေးဖက်နာနှင့် နလုံးရောဂါအကြောင်း ဟောပြောချက် (အပိုင်း–၁)
၈း၂၅	တေးဂီတအစီအစဉ်
၈း၃၀	လွယ်ကူသက်သာ မြန်မာ့ဟင်းလျာ
၈း၅၀	မိုးလေဝသခန့်မှန်းချက်
၈း၅၅	ဇော်ဂျီရေထိန်းဆည်
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	Sunday Talk
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
၁၀း၁၅	ပြည်တွင်းသတင်းအကျဉ်း
၁၀း၂၀	တေးဂီတအစီအစဉ်
၁၀း၂၅	ဖိနပ်စက်ရုံ(ကျောက်ဆည်)
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	Celebrity Profile (တက္ကသိုလ်လဲ့လဲ့၊ ဒေါက်တာဇော်သန်း)
၁၁း၂၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၃၀	အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ (စက်မှုဒီဇိုင်း)
၁၁း၃၅	တေးဂီတအစီအစဉ်
၁၁း၄၀	**ကျေးဇူးတင်ပါတယ် ဒီအိုတီအက်စ်** (ဇာတ်လမ်းတို) (လွင်မိုး၊ ထွန်းထွန်းဝင်း၊ အိန္ဒြာကျော်ဇင်၊ ခင်သန်းနွယ်)
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

FA Cup ဘောလုံးပွဲစဉ်

ညပိုင်း အစီအစဉ်		လိုင်း
၂း၀၀	Leeds United-Wingan	5-Sports(Live)

မြို့ရွာတစ်ခွင် သာခေချင် မီးတွင်မပေါ့နှင့်

အချပ်ပိုလေးမျက်နှာဖော်ပြပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက် အချပ်ပိုလေးမျက်နှာ ပူးတွဲဖော်ပြပါရှိပါသည်။ (မြန်မာ့အလင်း)

ဓမ္မစေတီဆရာတော် တရားတော်များဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လမဟာဓမ္မာစရိယ၊ M.A (Buddhism) သည် ဇန်နဝါရီ ၁၅ရက်မှ ၂၁ရက်အထိ သထုံမြို့၊ ၂၃ရက်၌ ပုသိမ်မြို့ မြောင်းမြကျောင်း၊ ၂၄ရက်တွင် ဦးဖိုးထူးလမ်း ကြည့်မြင်တိုင်၊ ၂၅ရက်တွင် သီတာလမ်း၊ ကျောက်မြောင်းနှင့် ပုဇွန်တောင် ရွှေဘုန်းပွင့်စေတီတော်၊ ၂၆ရက်တွင် သုံးဆယ်မြို့၊ ၂၇ရက်၌ သုံးခွမြို့၊ ၂၈ရက်တွင် ကြည့်မြင်တိုင် ပန်းလှိုင်အိမ်ရာနှင့် လှိုင် ၁၁ရပ်ကွက်၊ ၂၉ ရက်နှင့် ၃၀ ရက်တို့တွင် ပုသိမ်မြို့၊ ၃၁ရက်တွင် မြတ်သစ္စာဓမ္မာရုံဒဂုံမြို့သစ်တောင်ပိုင်းတို့၌တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရှိရ သည်။ **(သတင်းစဉ်)**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ သုံးနှစ်အတွင်းကြက်ဆူပင်ဧကငါးသိန်းစိုက်ပျိုးနိုင်ရေး မျိုးသန့်မျိုးပွားဇုန်များဖြင့် ဒေသခံတောင်သူများအား စဉ်ဆက်မပြတ်ပညာပေး စိုက်ပျိုးအောင်မြင်ရေး အမျိုးသားရေးတာဝန်အဖြစ် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၆

အမျိုးသားညီလာခံအား ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကြက်ဆူပင်ဧက ၁၀၀ စုပေါင်းစိုက်ပျိုးပွဲကို ဇန်နဝါရီ၁၅ရက် မွန်းလွဲ၂နာရီခွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အမှတ်(၃)ကုန်းမြင့်ယာမြေ ကြက်ဆူပင်စံပြ မျိုးသန့်ဧက ၁၀၀၀စိုက်ခင်းအတွင်း၌ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ခင်အောင်မြင့်၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြသည်။

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဧည့်ပရိသတ်များ ကြက်ဆူပျိုးပင်၊ ကြက်ဆူဆီ၊ ကြက်ဆူစေ့နှင့် ကြက်ဆူဆီသုံးမီးဖိုနှင့် မီးအိမ်များကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

အား ကြက်ဆူပင်စိုက်ပျိုးရန် ကြက်ဆူပျိုးကိုင်းများကို ဝေငှပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များသည် သတ်မှတ်နေရာများ၌ ကြက်ဆူ ပျိုးကိုင်းပင်များကိုယ်တိုင် ပါဝင် စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများက တပျော်တပါး ကြက်ဆူပင်တစ်သိန်းနှစ်သောင်း စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်၊ ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းတို့သည် လားရှိုးမြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသည့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံသည့် မြေစိုက်ပိုစတာ ဆိုင်းဘုတ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးကြသည်။

တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ဧည့်ပရိသတ်များ အင်ဂျင်စက်နှင့် မော်တာသုံး ကြက်ဆူဆီ ကြိတ်စက်ဖြင့် ကြက်ဆူဆီထုတ်လုပ်ပုံ အဆင့်ဆင့်ကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် လားရှိုးမြို့နယ် နောင်မွန်ကျေးရွာအနီး လင်းထွန်းကုမ္ပဏီလီမိတက်၏ ဘိန်းအစားထိုးသီးနှံ ဆင်းရွှေလီပျားလိမ္မော်ဧက ၃၀၀ စိုက်ခင်းသို့သွားရောက်၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပျားလိမ္မော်ပင်များကိုကြည့်ရှုအားပေးကြရာရှင်းလင်း

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းတို့ ဒေသခံတောင်သူများအား ကြက်ဆူပင်စိုက်ပျိုးရန် ကြက်ဆူပျိုးကိုင်းများ ဝေငှပေးစဉ်။ (သတင်းစဉ်)

အစီအစဉ်အရ တိုင်းစစ်ဌာနချုပ်မှ စိုက်ပျိုးရေးတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး နေလင်းအောင်က စွမ်းအင်အစားထိုး ဇီဝလောင်စာ ဆီထုတ်လုပ်ရန်အတွက် တပ်နယ်အလိုက်၊ တပ်ရင်း တပ်ဖွဲ့များအလိုက် ကြက်ဆူပင် စိုက်ပျိုးနိုင်ရေး စီမံဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ပြည်နယ် အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက ပြည်နယ်အတွင်း မြေလွတ်မြေရိုင်းများကို ဖော်ထုတ်၍ ကြက်ဆူပင်ဧကငါးသိန်းကို သုံးနှစ်စီမံကိန်းဖြင့် စိုက်ပျိုးဆောင်ရွက်သွားမည့်အစီအစဉ်များကိုလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးဝင်းလှိုင်ဦးက ကြက်ဆူပင်၏ အသုံးဝင်ပုံနှင့် စိုက်ပျိုးနည်းစနစ်များကို ရှင်းလင်းတင်ပြသည်။

တက်ညီလက်ညီပူးပေါင်း

ယင်းနောက် ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက စွမ်းအင် အစားထိုးဇီဝလောင်စာဆီထုတ်လုပ်ရန်အတွက် ကြက်ဆူပင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းအောင် အမျိုးသားရေးတာဝန်အဖြစ် ဌာနဆိုင်ရာများနှင့် ပြည်သူများ တက်ညီလက်ညီပူးပေါင်း ပါဝင်ဆောင်ရွက်ကြရေး တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ သုံးနှစ်အတွင်း ကြက်ဆူပင်ဧကငါးသိန်း အပြည့်အဝစိုက်ပျိုးနိုင်ရေးနှင့် စံပြ မျိုးသန့်စိုက်ခင်းများ၊ မျိုးသန့်မျိုးပွားဇုန်များဖြင့် ဒေသခံတောင်သူများအား စဉ်ဆက်မပြတ် ပညာပေးဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသူများသည် စိုက်ခင်းအတွင်း ကြက်ဆူဆီကို အသုံးပြု၍ အင်ဂျင်စက်နှင့် မော်တာသုံး ကြက်ဆူဆီကြိတ်စက်ဖြင့် ကြက်ဆူဆီထုတ်လုပ်ပုံအဆင့်ဆင့်ကို ကြည့်ရှုအားပေးကြပြီးနောက် ကြက်ဆူပင် စိုက်ပျိုးနည်းပညာပေးခင်းကျင်း ပြသထားသော ကြက်ဆူပျိုးပင်၊ ကြက်ဆူဆီ၊ ကြက်ဆူစေ့နှင့် ကြက်ဆူဆီသုံးမီးဖိုနှင့် မီးအိမ်များကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ထို့နောက် တက်ရောက်လာကြသူများ၏ သိလို၍ မေးမြန်းချက်များအပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က ရှင်းလင်းဖြေကြားကြသည်။

ပျိုးကိုင်းများဝေငှ

ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် တက်ရောက်လာကြသူများ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက် အထွေထွေအတွင်းရေးမှူး သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း အမျိုးသားညီလာခံကြိုဆိုထောက်ခံသည့် မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အစီအစဉ်အရ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံသည့် မြေစိုက်ပိုစတာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆောင်၌ လင်းထွန်းကုမ္ပဏီလီမိတက် စိုက်ပျိုးရေး တာဝန်ခံ ဦးဝင်းဇော်က ဆင်းရွှေလီ ပျားလိမ္မော်ပင်များ စိုက်ပျိုးထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့်ဝန်ကြီးတို့က လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၇–၁–၂၀၀၆(အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၆။ ကဗျာပန်းဥယျာဉ်
၈း၀၀ ၇။ အတီးပြိုင်ပွဲ
၈း၁၀ ၈။ နှောင်းခေတ်တေးပဒေသာ
၈း၂၀ ၉။ အကပြိုင်ပွဲ
၈း၂၅ ၁၀။ မအီချောင်းတံတား
၈း၃၀ ၁၁။ International News
၈း၄၅ ၁၂။ Let's Go

ညပိုင်း

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အတီးပြိုင်ပွဲ
၁၆း၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒ၊သတ္တဗေဒ အထူးပြုများ) [ဓာတုဗေဒ]
၁၆း၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၀၀ ၆။ သားငါးဖွံ့ဖြိုးပြည့်အကျိုး
၁၇း၁၀ ၇။ **“အားဆေး”** မိုးဒီ၊ဇော်သက်အောင်၊ဆောင်းအိန္ဒြေထွန်း (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၇း၁၅ ၈။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၁၇း၂၅ ၉။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀ ၁၀။ ညနေခင်းသတင်း
၁၈း၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး”** (အပိုင်း–၅၆)
၁၈း၅၅ ၁၃။ ကြက်ဆူရိုင်းမှ ဘိုင်အိုဒီဇယ်
၁၉း၀၅ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“အချစ်လှေကားထစ်လေးများ”** (အပိုင်း–၃၁)
၁၉း၅၀ ၁၅။ လောင်စာစွမ်းအင်အသုံးဝင် ခြံစည်းရိုးကြက်ဆူပင် (ကြက်ဆူရိုင်းမှ ဘိုင်အိုဒီဇယ်)
၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ပျော်ရွှင်ဖွယ် နေ့ကလေးများ”** (အပိုင်း–၂)

17-1 (11).p65 1 3/24/1905, 9:58 PM

စာမျက်နှာ ၇ မှ

ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ထွန်းပေါ်ပေါက်လာပြီး မိမိတို့အားလုံး စိတ်ချမ်းသာ ကိုယ်ကျန်းမာဖြင့် နေထိုင်ကြမည်ဆိုသည်ကို ဒိဋ္ဌယုံကြည်လျက်ရှိကြောင်း။

ထို့ကြောင့် မိမိတို့အနေဖြင့် အမျိုးသားညီလာခံကြီးကို ကြိုဆိုထောက်ခံပါကြောင်း အဆိုကို လှိုက်လှိုက်လှဲလှဲထောက်ခံပါကြောင်းနှင့် မိမိတို့ ပြည်သူအားလုံးက ရည်မှန်းချက်ပန်းတိုင်အရောက် ချီတက်ရာတွင် ကျရာအခန်းကဏ္ဍကနေပြီး အမျိုးသားနိုင်ငံရေးအသိအမြင်ဖြင့် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေးတင်ပြသွားသည်။

အောင်မြင်အောင်ဆောင်ရွက်နေ

ထို့နောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို မန္တလေးစက်မှုဇုန်မှ စက်မှုလုပ်ငန်းရှင် ဦးဝင်းထွန်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် မြန်မာနိုင်ငံ၌ တပ်မတော်အစိုးရသည် တပ်မတော်ဖွဲ့စည်းတည်ထောင်ခဲ့စဉ်က ပြည်သူ့အကျိုး သယ်ပိုးထမ်းဆောင်တတ်သော အစဉ်အလာကောင်းကို အမွေဆက်ခံရယူပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘက်စုံကဏ္ဍစုံတွင် အခြေအနေကောင်းများ ဖန်တီးဖော်ဆောင်ပေးလျက်ရှိကြောင်း၊ အားလုံးကို ခြုံငုံပြီးပြောရလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် တည်ဆောက်နေခြင်းပင်ဖြစ်ကြောင်း၊ ဤသို့တည်ဆောက်သည့်နေရာတွင် ပန်းခင်းသောလမ်းကို လျှောက်လှမ်းရသကဲ့သို့ သက်သောင့်သက်သာ လွယ်လွယ်ကူကူဖြင့်ဆောင်ရွက်ရခြင်း မဟုတ်ပါကြောင်း၊ ပိတ်ဆို့မှုများ၊ အခြားအခက်အခဲ အမျိုးမျိုးများကြားထဲကနေပြီး မည်သူတရားပျက်ပျက် ကိုယ်မပျက်ဘူးဆိုသည့် စိတ်ဓာတ် စေတနာ အရင်းခံဖြင့် အောင်မြင်အောင် ဆောင်ရွက်နေသည်ကို မိမိတို့အားလုံး တွေ့မြင်သိရှိနေကြကြောင်း။

တပ်မတော်အစိုးရက ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်ရေးအတွက် စက်မှုကဏ္ဍသည် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ကြောင်း ခံယူပြီး စက်မှုဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အခြားကဏ္ဍများနည်းတူ အစွမ်းကုန် အထူးအလေးပေး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၌ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းပြီး ဦးဆောင်စီမံဆောင်ရွက်နေကြောင်း၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်းအင်အားအပေါ် အခြေခံတည်ဆောက်ပေးနေသည်ကို မိမိတို့စက်မှုလုပ်ငန်းရှင်များက တပ်မတော်အစိုးရ၏ ဖွဲ၊ လုံ့လ၊ ဝီရိယနှင့် နိုင်ငံတော်အပေါ်ထားရှိသည့် စေတနာ၊ မေတ္တာကို အသိအမှတ်ပြု ဂုဏ်ယူပါကြောင်းကို ပြောကြားလိုကြောင်း။

ကြိုးပမ်းလိုက်နာအကောင်အထည်ဖော်

ယခုဆိုလျှင် မြန်မာတစ်နိုင်ငံလုံး၌ စက်မှုဇုန် ၁၈ ဇုန်အထိ တည်ထောင်ပေးထားပြီးဖြစ်ကြောင်း၊ စက်ရုံများ တိုးတက်မှုအပိုင်းကိုကြည့်လျှင် ၁၉၈၈ ခုနှစ်က နိုင်ငံပိုင်စက်ရုံ ၆၂၄ ရုံသာရှိခဲ့ရာ ယခု ၇၉၂ ရုံအထိရှိလာပြီး မိမိတို့ ပုဂ္ဂလိကစက်ရုံများသည် ၁၉၈၈ ခုနှစ်က ၃၅၀၀၀ သာရှိခဲ့ရာက ယခု ၈၀၀၀၀ လောက်အထိ အများကြီးတိုးတက်လာခဲ့ကြောင်း၊ စက်မှုဇုန်များအနက် မန္တလေးစက်မှုဇုန်၊ မုံရွာစက်မှုဇုန်နှင့် တောင်ကြီး အေးသာယာစက်မှုဇုန်များ ခေတ်မီသံရည်ကျိုပုံလောင်း၊ ပုံဖော်စက်ရုံကြီးများကို အဆင့်မြင့်မြင့် တည်ထောင်ပေးထားကြောင်း၊ ယင်းစက်ရုံကြီးများက တစ်နှစ်ကို သံတန် ၁၀၀၀ ကျော် ကျိုနိုင်အားရှိကြောင်း၊ ထို့ကြောင့် ခေတ်မီစက်ကိရိယာများအပြင် စက်မှုလက်ယာဖွံ့ဖြိုးရေးအတွက် လယ်ယာသုံးကိရိယာများပါ ပိုမိုထုတ်လုပ်ဖြန့်ဖြူးပေးနိုင်လာပြီဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **"စက်မှုကုန်ပစ္စည်းများ ထုတ်လုပ်ရာမှာ လက်ရာလက်သားကောင်းမွန်ရမယ်၊ သုံးစွဲတဲ့ သံနှင့် သတ္တုအရည်အသွေး မှန်ကန်ရမယ်၊ သပ်ရပ်သေချာ တိကျမှုရှိရမယ်၊ တီထွင်ကြံဆဆန်းသစ်နေရမယ်၊ အမြဲခေတ်မီနေရမယ်"**ဟု မိန့်ကြားလမ်းညွှန်ထားချက်နှင့်အညီ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလိုက်နာ အကောင်အထည်ဖော်လျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော် ခေါင်းဆောင်များသည် စက်မှုဇုန်များကို အခါမလပ် လှည့်လည်ကြည့်ရှုပြီး လိုအပ်ချက်များကို အားပေးဖြည့်ဆည်းဆောင်ရွက်ပေးနေခြင်းကြောင့်လည်း ယခုကဲ့သို့ စက်မှုကဏ္ဍသည် တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လာခြင်းပင်ဖြစ်ကြောင်း။

နောက်ပြီး ဤမန္တလေးမြို့၊ ကျောက်ဆည်မြို့၊ ပြင်ဦးလွင်မြို့ ပတ်ဝန်းကျင်၌လည်း စက်ရုံကြီးများ အမြောက်အမြားတွေ့ရှိနေရကြောင်း၊ ယင်းတို့သည် တစ်ချိန်က မိမိတို့ အိမ်မက်တောင်မမက်နိုင်ခဲ့သည့် အရာများဖြစ်ကြောင်း၊ မိမိ မရှိသည်ကို အရှိလုပ်ပြီး ပြောနေခြင်းမဟုတ်ကြောင်း၊ ပြည်သူများအားလုံး မြင်တွေ့ အကျိုးခံစားနေရသည့် စက်မှုဖွံ့ဖြိုးတိုးတက်မှုများထဲက အောင်မြင်မှုတစ်စိတ်တစ်ပိုင်း လက်တွေ့လုပ်ငန်းများပင်ဖြစ်ကြောင်း။

လူ့စွမ်းအားအရင်းအမြစ်

နောက်တစ်ချက် တင်ပြလိုသည်မှာ တပ်မတော်အစိုးရ၏ ပညာရေးကဏ္ဍဆောင်ရွက်ချက်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် ပညာတတ် လူ့စွမ်းအားအရင်းအမြစ်ရှိရန်အတွက် ပညာရေးကဏ္ဍကို အစွမ်းကုန်မြှင့်တင် ဆောင်ရွက်ခဲ့ကြောင်း။

ခြိမ့်ခြိမ့်သဲသဲကျင်းပ

တပ်မတော်အစိုးရသည် နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားအတွက် စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရည်မြင့်မားရေးတို့ကို ဆောင်ရွက်ပေးနေသကဲ့သို့ နိုင်ငံရေးပိုင်းတွင်လည်း နိုင်ငံတော်အာဏာကို ပြည်သူလူထုထံ ပြန်လည်အပ်နှံနိုင်ရန်အတွက် အမျိုးသားညီလာခံကြီးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ခြိမ့်ခြိမ့်သဲသဲကျင်းပလျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ မြန်မာနိုင်ငံ၌ မြို့ပြများ ဖွံ့ဖြိုးတိုးတက်နေသကဲ့သို့ ကျေးလက်ဒေသများ၌လည်း တစ်စထက်တစ်စ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း၊ တပ်မတော်အစိုးရကလည်း နိုင်ငံ၌ လူအများစုနေထိုင်သည့် ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း မမေ့မလျော့ ဆောင်ရွက်ပေးနေမှုကြောင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတွင် မိမိတို့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပျော်ရွှင်ချမ်းမြေ့စွာဖြင့် နေထိုင်နိုင်ကြရတော့မှာ မလွဲကေန်ပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ဖြစ်ပေါ်ရေးအတွက် အရေးကြီးဆုံး ပထမအဆင့်ဖြစ်သော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်း တင်သွင်းသွားသည့် အဆိုကို ထပ်ဆင့်ထောက်ခံကြောင်းဖြင့် ဆွေးနွေးတင်ပြသွားသည်။

ဒို့တာဝန်အရေးသုံးပါးဦးထိပ်ပန်ဆင်

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို မန္တလေးတိုင်း ဒုတိယ တိုင်းဥပဒေအရာရှိ ဒေါ်မိမိသက်က ထောက်ခံ ဆွေးနွေးတင်ပြကြရာတွင် အမျိုးသားညီလာခံကြီးအကြောင်း ပြန်ပြောင်းတင်ပြရလျှင် ၁၉၉၃ ခုနှစ် ဇန်နဝါရီလကစ၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး ၁၉၉၆ ခုနှစ် မတ် ၃၁ ရက်အထိ ကျင်းပခဲ့ကာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့်မူ(၁၀၄)ချက်ကို အတည်ပြုချမှတ်နိုင်ခဲ့ကြောင်း၊ ယင်းနောက် ယာယီအားဖြင့် ခေတ္တရပ်ဆိုင်းခဲ့ရကြောင်း၊ သို့သော်လည်း နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသော ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းရေး မျှော်မှန်းချက်ကို မျက်ခြည်ပြတ်မခံဘဲ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကြေညာခဲ့ပြီး ပထမအဆင့်အဖြစ် အမျိုးသားညီလာခံကျင်းပရေးကို ထည့်သွင်းခဲ့ကြောင်း၊ ၂၀၀၄ ခုနှစ် မေ ၁၇ ရက်မှ ဇူလိုင် ၉ ရက်အထိ အမျိုးသားညီလာခံကို ပြန်လည်ကျင်းပခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အသေးစိတ်အခြေခံရမည့် အခြေခံမူတချို့ကို ညှိနှိုင်းဆွေးနွေးကြကြောင်း၊ တစ်ခါ ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဆက်လက်ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌လည်း အသေးစိတ်အခြေခံရမည့်မူတချို့ကို ထပ်မံညှိနှိုင်းခဲ့ကြပြီးဖြစ်ကြောင်း၊ ယခုတစ်ခါ ယနေ့ကျင်းပဆဲဖြစ်သော အမျိုးသားညီလာခံကြီး၌ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံကိုယ်စားလှယ်များက ဝါဒစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲများ မထားရှိဘဲ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ ညှိနှိုင်းဆွေးနွေး ချမှတ်ခဲ့ကြပြီးဖြစ်ကြောင်း။

ယနေ့ အမျိုးသားညီလာခံကြီး၌ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရန် လုပ်ငန်းပမာဏအားဖြင့် ၇၀ ရာခိုင်နှုန်းခန့်ပြီးစီးအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်းကို အားရဖွယ်သိရှိနေရပါကြောင်း။

ဒီမိုကရေစီ၏အနှစ်သာရသည် အများဆန္ဒကိုလေးစားလိုက်နာခြင်းပင်ဖြစ်ကြောင်း၊ ယနေ့ ပြည်သူများ၏ ဆန္ဒကလည်း ခေတ်မီအေးချမ်းသာယာသော နိုင်ငံထူထောင်ရေးဖြစ်ကြောင်း။

လူ့အခွင့်အရေးပြည့်စုံ

မိမိတို့နိုင်ငံ၌ နိုင်ငံသားတိုင်းသည် သိက္ခာသမာဓိရှိရှိ ဝမ်းဝဝ ခါးလုံလုံဖြင့် ကိုယ်ယုံကြည်ရာ လွတ်လပ်စွာကိုးကွယ်ပြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် လူ့အခွင့်အရေးပြည့်စုံစွာဖြင့် နေထိုင်ရလျက်ရှိကြောင်း၊ နိုင်ငံတော်အေးချမ်းတည်ငြိမ်ပြီး တရားဥပဒေစိုးမိုးလျက်ရှိသည့် နိုင်ငံ၌ မိမိတို့ နေထိုင်ကြကြောင်း၊ နောက်ပြီး မိမိတို့ လူမှုအဖွဲ့အစည်းသည် မေတ္တာစေတနာ လွှမ်းမိုးပြီး ကာလရှည် ကြာကတည်းက စနစ်ရှိသော လူမှုအဖွဲ့အစည်းဖြစ်ကြောင်း၊ မိဘဝတ်၊ သားသမီးဝတ်၊ တပည့်ဝတ်၊ ဆရာဝတ် မည်သူများသည် မည်သည့်ဝတ္တရားများနှင့် ညီရမည်ဆိုသည်ကို အတိအကျပြဋ္ဌာန်းထားသော လူမျိုးဖြစ်ကြောင်း၊ ထို့ပြင် အမျိုးသမီးများ၊ ကလေးသူငယ်များ၏ အခွင့်အရေးသည် နိုင်ငံတကာ၌ တိုက်ပွဲဝင်ယူမှရသော်လည်း မိမိတို့လူမျိုးတွင် မွေးရာပါအခွင့်အရေးများအဖြစ် ရရှိပြီးဖြစ်ကြောင်း။

မန္တလေးတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့မှ ဒေါက်တာမိုးသူဝင်း အမျိုးသားညီလာခံအား ကြိုဆို ထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ထောက်ခံဆွေးနွေး တင်ပြစဉ်။
(သတင်းစဉ်)

ယခုကျင်းပနေသော အမျိုးသားညီလာခံကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံရမည့်မူများ၌လည်း မိမိတို့ မြန်မာတိုင်းရင်းသားအမျိုးသမီးများ၊ ကလေးသူငယ်များ၏ အခွင့်အရေးများကိုလည်း အာမခံချက်ပေးထားသည်ကို တွေ့ရှိရသည့်အတွက် အလွန်ပင် အားရကျေနပ်မိကြောင်း။

နိဂုံးချုပ်အနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးသို့ အရောက်ပို့ဆောင်ပေးမည့် အမျိုးသားညီလာခံကြီးအား ကြိုဆိုထောက်ခံကြောင်းကို ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးတင်ပြသည်။

အုတ်မြစ်ချပေးနေ

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ်မှ မြို့မိမြို့ဖ ဒေါက်တာစိုးလင်းက ထောက်ခံဆွေးနွေးတင်ပြရာတွင် ယနေ့ နိုင်ငံတော်အစိုးရသည် တပ်မတော်နှင့် ပြည်သူက ကြည်ဖြူစွာလက်ခံထားရုံမျှမကဘဲ ၅၄ သန်းရှိသည့် ပြည်ထောင်စုသားအားလုံး၏ အကျိုးကို ရှေးရှုပြီး ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ အနာဂတ်တွင် ပေါ်ထွန်းလာမည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို အခြေခံကစပြီး အုတ်မြစ်ချပေးနေသည့်ကာလဟု ပြောဆိုလျှင်ရကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အတိုက်အခိုက်ရပ်စဲပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ ဤသို့ တည်ငြိမ်အေးချမ်းမှုရရှိရန် ဆောင်ရွက်မှု၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အဘက်ဘက်က တည်ဆောက်မှုများသည် တိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေး၊ အသက်ရှင်ရေး၊ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးအတွက် ကာယကံမြောက် ကြိုးပမ်းဆောင်ရွက်ပေးနေမှုများ ဖြစ်ကြောင်း။

ပီပြင်စွာအကောင်အထည်ဖော်

ယခုအခါ တိုင်းပြည်နှင့် လူမျိုးအတွက် တကယ့်လက်တွေ့ အကျိုးကျေးဇူးရှိမည့် နိုင်ငံရေးအနှစ်သာရပြည့်ဝသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို အဆင့်ဆင့်ပြဋ္ဌာန်းပေးနိုင်ခဲ့ကာ လက်တွေ့ဘဝတွင်လည်း အခြေခံအကျဆုံးဖြစ်သော ပထမအဆင့်ကို ပီပြင်စွာအကောင်အထည်ဖော်လျက်ရှိနေကြောင်း၊ မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ကျင်းပနေဆဲဖြစ်သည့် အမျိုးသားညီလာခံကြီးသည် ယနေ့တိုင်းပြည်၏ ပကတိပြယုဂ်ဖြစ်ကြောင်း၊ သမိုင်းမှတ်ကျောက်လည်း ဟုတ်ကြောင်း။

၅၄ သန်းရှိသည့် တိုင်းရင်းသားမျိုးနွယ်စုအားလုံးသည် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ဇာတိမာန်အပြည့်ဖြင့် ရင်းနှီးချစ်ခင်ကြည်ဖြူစွာနှင့် နိုင်ငံတော်၏ရှေ့ရေးအတွက် လက်ရည်တစ်ပြင်တည်း တိုင်ပင်ညှိနှိုင်း ဆွေးနွေးနေကြပြီဖြစ်ကြောင်း၊ မကြာမတင်ကာလတွင် မိမိတို့အားလုံး မျှော်မှန်းခဲ့ကြသည့် အနာဂတ် နိုင်ငံတော်သစ်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဥပဒေများ ပေါ်ထွန်းထွက်ပေါ်လာတော့မည်ဖြစ်၍ မိမိတို့အားလုံးက ကြိုဆိုထောက်ခံကြောင်း။

ဆုံးဖြတ်လုပ်ကိုင်နိုင်စွမ်းရှိ

နိုင်ငံတော်နှင့် ပြည်သူ့ အကျိုးစီးပွားဆောင်ရွက်မည်ဆိုလျှင် မူဝါဒလမ်းစဉ်၊ ဦးတည်ချက်၊ ရည်ရွယ်ချက် ခိုင်မာပြတ်သား တိကျရန် အထူးအရေးကြီးကြောင်း၊ ကိုယ့်တိုင်းပြည် ကိုယ့်ရေမြေသဘာဝနှင့်ကိုက်ညီသည့် လုပ်ငန်းစဉ်များကို ဆုံးဖြတ်လုပ်ကိုင်နိုင်စွမ်းရှိရန်လည်း လိုအပ်ကြောင်း။

လက်ရှိ နိုင်ငံတော်အစိုးရသည် တိကျသည့် အမျိုးသားရေးမူဝါဒအဖြစ် ဒို့တာဝန်အရေးသုံးပါးကို ခံယူထားပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်(၁၂)ရပ်ချမှတ်ပြီး လက်တွေ့ကျကျအကောင်အထည်ဖော်လျက်ရှိကြောင်း။

လုံခြုံမှုအပြည့်အဝရှိ

ယခုကျင်းပနေသော အမျိုးသားညီလာခံကြီးက ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် ချမှတ်ပြီးသည့် အခြေခံမူများကို လေ့လာသောအခါ နိုင်ငံသားအားလုံးအတွက် လူ့အခွင့်အရေးများ၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုများ၊ အမျိုးသားရေး အကျိုးစီးပွားများ ပြည့်ပြည့်စုံစုံပါဝင်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် အနာဂတ် ဒီမိုကရေစီနိုင်ငံတော်၌ မြန်မာနိုင်ငံသားအားလုံး၏ ဘဝသည် သာသာယာယာရှိမည်၊ လုံခြုံမှုအပြည့်အဝရှိမည်၊ ဖွံ့ဖြိုးတိုးတက်မည်ဆိုသည်ကို မိမိ ရဲရဲကြီးပြောရဲကြောင်း၊ ကိုယ့်အင်ကိုယ့်အားဖြင့် နိုင်ငံတော်သစ်ကြီးကို မုချမလွှဲမသွေ ထူထောင်နိုင်မည်ဆိုသည်ကို ယုံကြည်ကြောင်း။

ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံကြီးသည် မိမိတို့ ပြည်သူအများ လိုလားတောင့်တသည့် လူ့အခွင့်အရေးများရရန်၊ ပြည်သူတစ်ရပ်လုံး သာယာဝပြောရန် ဆောင်ရွက်ပေးမည့် ညီလာခံကြီးဖြစ်ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မြဲရန် ဖန်တီးပေးမည့် ညီလာခံကြီးဖြစ်သကဲ့သို့ ပြည်ထောင်စုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ပေးမည့် ညီလာခံကြီးဖြစ်ကြောင်း၊ ထို့အပြင် အမျိုးသားညီလာခံကြီးသည် မြန်မာနိုင်ငံ၏ အနာဂတ်အရေးအရာသေချာရန်၊ လုပရန် ဖန်တီးပေးမည့် ညီလာခံဖြစ်ကြောင်း၊ မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားများအတွက် ရတောင့်ရခဲ၊ ဖြစ်တောင့်ဖြစ်ခဲ အခွင့်အလမ်းကြီးတစ်ခုပဲဖြစ်ကြောင်း။ ဤစစ်မှန်သည့် ကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး ရေးဆွဲကြသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံနှင့်လူမျိုးအတွက် စစ်မှန်သည့် ဒီမိုကရေစီ အခွင့်အရေးများကို ဖော်ဆောင်ပေးမည်ဆိုသည်မှာ သေချာကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံး ပါဝင်ဆင်နွှဲသင့်သော ညီလာခံကြီးဖြစ်ကြောင်း၊ တကယ်တမ်း စစ်မှန်သည့်ဒီမိုကရေစီကို လိုလားသူမှန်သမျှ ပါဝင်ဆောင်ရွက်သင့်သော ညီလာခံကြီးဖြစ်ကြောင်း။

အားရကျေနပ်ဝမ်းမြောက်

ယနေ့ နိုင်ငံတော်အစိုးရသည် ပိတ်ဆို့တားဆီးမှုများ၊ နှောင့်ယှက်ဖျက်ဆီးမှုများကို ကျော်ဖြတ်လာနိုင်ခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စက်မှုလက်မှု၊ စိုက်ပျိုးရေး၊ ပညာရေး၊ ကျန်းမာရေးပါမကျန် မြို့ပြနှင့် ကျေးလက်အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရုံသာမက မိမိတို့လိုလားသည့် စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ပေါ်ရေးကိုပါ အကောင်အထည်ဖော်လာပြီဖြစ်၍ အားရကျေနပ် ဝမ်းမြောက်ဝမ်းသာရှိလှကြောင်း။

ထို့ကြောင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပဓာန အကျဆုံးဖြစ်သည့် ပထမဦးဆုံးအဆင့် "အမျိုးသားညီလာခံကြီး"ကို ထပ်ဆင့်ကြိုဆိုထောက်ခံပြီး စစ်မှန်သော မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ပြည့်ဝစွာဖြင့် လက်တွဲညီညီ ချစ်ချစ်ခင်ခင် ပါဝင်ပူးပေါင်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးတင်ပြသွားသည်။

ထို့နောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကိုရယူရာ တက်ရောက်လာကြသော ပြည်သူလူထုက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း သဘောဆန္ဒပြုကြသည့်အတွက် လူထုအစည်းအဝေးက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း ကြေညာသည်။

ယင်းနောက် လူထုအစည်းအဝေးသို့တက်ရောက်လာကြသည့် ပြည်သူလူထုက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၉ နာရီ ၁၀ မိနစ်၌ အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမရပူရမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နှင်းရွှေစင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် အောင်မြေသာစံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ခင်လပြည့်တို့ ဆောင်ရွက်ကြစဉ်။
(သတင်းစဉ်)

17-1 (12).p65 1 3/24/1905, 9:58 PM

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃)ဖြန့်ချိ

ရန်ကုန် ဇန်နဝါရီ ၁၆

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃)တွင် ကိုကို(စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ ၆၇ ပေ အလျားရှိသည့် ရောမဝေလငါးကြီး ပေါင်မြို့နယ်အတွင်းရှိ ပင်လယ်ရွာကလေးတွင် ကမ်းတင်သေဆုံး၊ မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့ အမြောက်အမြား ထွက်ရှိနိုင်ကြောင်း ထိုင်းဝန်ကြီးချုပ်ပြောကြား၊ Readere's Debate ကဏ္ဍမှ မြန်မာအမျိုးသမီးတွေ ခေတ်နဲ့အညီ ဝတ်စားဆင်ယင်တာ ကောင်းတယ်/မကောင်းဘူး စသည့် ပြည်တွင်းရေးရာသတင်းများ ဆောင်းပါးများစုံလင်စွာဖြင့် ထွက်ရှိလာသည်။

တရုတ်နိုင်ငံသမ္မတက အကျင့်ပျက်မှုကို တွန်းလှန်ပစ်ရန်တိုက်တွန်း၊ ချစ်မွေး(တိရစ္ဆာန်များလည်း အဝလွန်စစ်ပွဲ၌ အရှုံးပေါ်နေ၊ လောင်စာအကျပ်အတည်းက ဗြိတိန်ကိုလည်း အဏုမြူစွမ်းအင်နှင့်စွမ်းအင်သန့်သို့တွန်းပို့ပြီး ဂျပန်တွင် မကြုံစဖူး ဆီးနှင်းများထူထပ်စွာကျ၊ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တွင် အအေးလှိုင်းဝင် စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ အားကစား၊ ဖျော်ဖြေရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍ စုံလင်စွာဖြင့် e-Empire Media Group ဖုန်း–၅၀၀၇၂၁ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

အားကစားပစ္စည်းဆိုင်သစ် တိုးချဲ့ဖွင့်လှစ်

ရန်ကုန် ဇန်နဝါရီ ၁၆

Winner&Sport Land Co., Ltd.အားကစားပစ္စည်းဆိုင်သစ်တိုးချဲ့ဖွင့်လှစ်ခြင်းအခမ်းအနားကို အမှတ် ၃၅၂/၃၆၆ မဟာဗန္ဓုလပန်းခြံလမ်း (အထက်) ကျောက်တံတားမြို့နယ်တွင် ဇန်နဝါရီ၁၄ရက် နံနက်၈နာရီ ၁၅မိနစ်က ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်နှင့် မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေ (ဥက္ကဋ္ဌ၊ ဇေကမ္ဘာကုမ္ပဏီ)၊ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်း(ဥက္ကဋ္ဌ၊ ACE ဆောက်လုပ်ရေး)နှင့် အမှုဆောင်များ၊ Land Co. Sport & Musical Co., Ltd.၊ မန်နေဂျင်းဒါရိုက်တာ Mrs. Achara Artipanu၊ Winner & Sport Land Co.,Ltd.မှ မန်နေဂျင်းဒါရိုက်တာ ဦးတောက်ထွန်းနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်နှင့် မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် Land Co. Sport & Musical Co., Ltd.၊ မန်နေဂျင်းဒါရိုက်တာ Mrs. Achara Artipanuတို့က ဆိုင်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ Winner & Sport Land Co.,Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးတောက်ထွန်းက စက်ခလုတ်နှိပ်၍ ဆိုင်သစ် ဆိုင်းဘုတ်ကိုဖွင့်လှစ်သည်။ ယင်းနောက် တက်ရောက်လာကြသော ဧည့်သည်များက ဆိုင်ခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

(သတင်းစဉ်)

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ

တပ်မတော်အစိုးရလက်ထက် ရေနံနှင့်သဘာဝဓာတ်ငွေ့ တိုးတက်ထွက်ရှိ

ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ စက်ရုံများတိုးတက်ပေါ်ထွက်

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် ဘက်စုံကဏ္ဍစုံ ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြရာတွင် ကဏ္ဍအသီးသီးရှိ လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ တိုးတက်ဆောင်ရွက်နိုင်ရန်အတွက် အဘက်ဘက်က အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။ ဒေသများသို့လည်းကောင်း၊ဌာနဆိုင်ရာများနှင့် စက်ရုံ၊ အလုပ်ရုံများသို့လည်းကောင်း၊ မြို့နယ် အသီးသီးသို့လည်းကောင်း စက်သုံးဆီနှင့်ရေနံထွက်ပစ္စည်းများ ဖြန့်ဖြူးပေးနိုင်ရန် ရေနံထွက်ပစ္စည်းဆိုင်ရာ စက်ရုံများကို တိုးတက်တည်ဆောက်ပေးလျက်ရှိသည်။

တပ်မတော်အစိုးရ လက်ထက်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့များ တိုးတက်ထွက်ရှိလာမှုနှင့်အတူ နယ်ပယ်ကဏ္ဍအသီးသီးရှိလုပ်ငန်းများတွင် စက်စွမ်းအားဖြည့် လည်ပတ်နိုင်ရေးအတွက် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာစက်ရုံများ တိုးတက် တည်ဆောက်ပေးနိုင်မှုကို ဖော်ပြပါဇယားတွင် ကြည့်ရှုလေ့လာခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည် ဖြစ်ပေသည်။ ။

ညောင်တုန်း၊ ပန်းတနော်၊ မအူပင်ဒေသ ရေနံမြေရှိ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုလုပ်ငန်း ရေနံဓာတ်ငွေ့ရည်စက်ရုံကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)



တည်ဆောက်ပေးလျက်ရှိ

နိုင်ငံတော် တည်ဆောက်ရေး စွမ်းပကားများ အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်နေစေရန်အတွက်ဆောင်ရွက်ကြရာတွင် စွမ်းအင်ကဏ္ဍသည် အရေးပါသောကဏ္ဍမှပါဝင်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတစ်ဝန်း ဖြန့်ကြက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်များသို့လည်းကောင်း၊ နယ်စပ်

တိုးတက်တည်ဆောက်ပေးထားသော ရေနံနှင့်ရေနံထွက်ပစ္စည်းစက်ရုံများ

စဉ်	အမျိုးအမည်	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	ရေနံချက်စက်ရုံ	၃	၃	စက်စွမ်းအားအထူးမြှင့်တင်
၂	ဓာတ်ငွေ့ရည်စက်ရုံ	၁	၃	၂
၃	ဓာတ်မြေသြဇာစက်ရုံ	၃	၄	၁
၄	မက်သနောလ်စက်ရုံ	၁	၁	စက်စွမ်းအားအထူးမြှင့်တင်
၅	ကတ္တရာချက်စက်ရုံ	–	၁	၁
၆	ကာဗွန်ဒိုင်အောက်ဆိုဒ်စက်ရုံ	–	၁	၁

နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၁၆

ပရိယတ်၊ပဋိပတ်သာသနာပြုလုပ်ဆောင်ချက် အထိမ်းအမှတ်နှင့် ဆံချစေတီတော်ကြီးအလှူငွေရေစက်ချ ဓမ္မသဘင်၌ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရက တောင်ကြီးမြို့ မင်းကျောင်း ပရိယတ္တိစာသင်တိုက် ဓမ္မစကြာဓမ္မာရုံတော်ကြီး၌ ဇန်နဝါရီ ၁၉ရက် ည၇နာရီတွင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ တရားနာ ကြွရောက်ပါရန် ဖိတ်ကြား နှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

အင်္ဂပူမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

အင်္ဂပူမြို့နယ်အသင်း(ရန်ကုန်)၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ၂၁ရက်(စနေနေ့)မွန်းလွဲ၁နာရီခွဲတွင် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရားလမ်း (ရွှေတိဂုံဘုရားတောင်ဘက်မုခ်အနီး) သစ်လုပ်ငန်းဓမ္မာရုံတွင် ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြား

အသက်(၇၅)နှစ်အထက် အသင်းဝင်သက်ကြီးပုဂ္ဂိုလ်များ၊၂၀၀၄–၂၀၀၅ တက္ကသိုလ်ဝင်တန်းဂုဏ်ထူးဖြင့် အောင်မြင်ကြသူများ၊ မဟာဘွဲ့၊ ပါရဂူဘွဲ့ အောင်မြင်သူများနှင့် နိုင်ငံတော်ကချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိသူများသည် ဥက္ကဋ္ဌဦးကျော်ဝင်း(အိမ်) ဖုန်း–၃၈၃၆၁၈၊ဒုတိယဥက္ကဋ္ဌ ဦးမြင့်အောင် ဖုန်း–၀၉–၉၉– ၂၂၃၉၅၊ (အိမ်) ၆၆၆၃၅၂၊ တက္ကသိုလ်မောင်မြင့်သိန်း (အိမ်) ဖုန်း–၅၁၃၈၄၁၊အတွင်းရေးမှူး ဦးသောင်းတင် (ရုံး) ဖုန်း–၂၅၄၀၇၀၊ ဘဏ္ဍာရေးမှူး ဦးထွန်းသိန်း(ရုံး)ဖုန်း–၂၂၁၀၈၄၊(အိမ်)ဖုန်း– ၂၉၈၀၅၉၊စာရင်းစစ် ဦးအောင်ကြည် (ရုံး) ဖုန်း–၅၇၃၁၆၈၊ ဦးတင်လှိုင် (ရုံး) ဖုန်း–၅၉၀၁၀၈၊ အမှုဆောင် ဦးခိုင်ဇော်ဝင်း ဖုန်း–၀၉၅၁ ၀၃၀၁၇နှင့် ဦးအောင်မင်း ဖုန်း–၂၀၃၁၀၀နှင့် အမှုဆောင်အဖွဲ့သို့ ဆက်သွယ်သတင်းပို့ကြရန်နှင့် အသင်းဝင်များနှင့် စိတ်ဝင်စားသူနယ်သူနယ်သားများ အခမ်းအနားသို့ တက်ရောက်ကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ဖဲကြိုးဖြတ်ဖွင့်

အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်နှင့် မြားပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် Land Co.Sport & Musical Co., Ltd. မန်နေဂျင်း ဒါရိုက်တာ Mrs. Achara Artipanu တို့ Winner & Sport Land အားကစား ပစ္စည်းဆိုင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(သတင်းစဉ်)

ကွယ်လွန်သူအရာရှိလောင်း မောင်သီဟကျော်(၇–၁၂–၈၂)အား ရည်စူး၍ ရေကြောင်းပညာသိပ္ပံ (C.D 33. C.E 31)မှ သူငယ်ချင်းတစ်စုတို့က ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းနှစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

သာယာမည်

ရန်ကုန်မြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့ သာယာမည်။

တောင်ပိုင်းခရိုင် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်ကျင်းပ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်တောင်ပိုင်းခရိုင် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်သို့ တက်ရောက်၍ ကြက်ဆူစေ့နှင့်မျိုးကိုင်းများကို ပျိုးထောင်ပေးပြီး သန်လျင်မြို့နယ်နှင့် သုံးခွမြို့နယ်တို့ရှိ စိုက်ပျိုးရေးနှင့်ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မွန်းလွဲ ၁နာရီခွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ နန်းဟောဝန်ပျိုးဥယျာဉ်၌ ကျင်းပသည့်ရန်ကုန်တောင်ပိုင်းခရိုင် ကြက်ဆူပင်ပျိုးပွဲတော်သို့ရောက်ရှိလာပြီး အမှာစကားပြောကြားသည်။

ပေးအပ်

ယင်းနောက်ရန်ကုန်တောင်ပိုင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က ခရိုင်အတွင်းရှိမြို့နယ်များ၌ပျိုးထောင်ရန်အတွက် ခြံစည်း ရိုးကြက်ဆူစေ့နှင့်မျိုးကိုင်းများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ခြံစည်းရိုးကြက်ဆူစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးကြပြီး ခြံစည်းရိုးကြက်ဆူကိုင်းမှ အမြစ်နှင့်အညွန့် အထွက်အားကောင်းစေရန် ဟိုမုန်းဆေးစိမ်ခြင်း လက်တွေ့ပြသမှုကို ကြည့်ရှုအားပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ပျိုးပွဲတော်၌ ပြသထားသည့် ခြံစည်းရိုး ကြက်ဆူပင်နမူနာ၊ ခြံစည်းရိုး ကြက်ဆူကိုင်းဖြတ် ပျိုးပင်များ၊ ခြံစည်းရိုးကြက်ဆူအသီးများ၊ အစေ့များနှင့် ကြိတ်ဖတ်များ၊ ကြက်ဆူအစေ့ကြားမျိုးစေ့၊ ခြံစည်းရိုး ကြက်ဆူပင်မှထုတ်လုပ်သည့်ဘိုင်အိုဒီဇယ်ဆီနှင့်ဒီဇယ်ဆီ ယှဉ်တွဲပြသထားရှိမှု၊ ခြံစည်းရိုးကြက်ဆူအစေ့ ပျိုးပင်များကိုလည်းကောင်း၊ ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးရေးပညာပေးမှတ်တမ်းဓာတ်ပုံများကိုလည်းကောင်း၊ပျိုးပွဲတော်အတွင်းဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ပြည်သူများ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူစေ့နှင့် မျိုးကိုင်းများကိုပျိုးအိတ်များအတွင်း ထည့်သွင်း၍ တပျော်တပါး ပျိုးထောင်နေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ ကျင်းပသည့် ရန်ကုန်တောင်ပိုင်းခရိုင် ခြံစည်းရိုးကြက်ဆူပင် ပျိုးပွဲတော်တွင် မျိုးစေ့ပေါင်း ၃၀၀၀၀ နှင့် မျိုးကိုင်းပေါင်း၁၀၀၀၀ ပျိုးထောင် ပေးခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ တိုင်းမှူးသည် စက်မှုလယ်ယာ ဦးစီးဌာန၏ အမှတ်(၁၈) ထွန်စက်စခန်း၌ ကျင်းပသည့်လယ်ယာ(၁၆)လက်တွန်းထွန်စက် လွှဲပြောင်းပေးအပ်ပွဲနှင့် ဂုဏ်ပြုပွဲအခမ်း အနားသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။

လွှဲပြောင်းပေးအပ်

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တိုင်းမန်နေဂျာ ဦးဘဏ်ဝင်းက ရန်ကုန်တောင်ပိုင်းခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်ထံ လယ်ယာ(၁၆) လက်တွန်းထွန် စက်၁၀စီးကို လွှဲပြောင်းပေးအပ်သည်။

အခမ်းအနားအပြီးတွင်တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မြင်းကောင်ရေ ၁၆ကောင်အားရှိသည့် လယ်ယာ (၁၆)လက်တွန်းထွန်စက်၊ လက်တွန်းထွန်စက်တွင် တပ်ဆင်အသုံးပြုသည့် စက်ပစ္စည်း အစိတ်အပိုင်းများနှင့် လွှဲပြောင်းပေးအပ်သည့် လက်တွန်းထွန် စက်များကို ကြည့်ရှုကြသည်။

ထည့်သွင်းပျိုးထောင်

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ထွန်စက်စခန်းဝင်းအတွင်းရှိ ခြံစည်းရိုး ကြက်ဆူပင် ၃၂၀၀ စိုက်ခင်းနှင့် ပျိုးဥယျာဉ်အတွင်း ခြံစည်းရိုးကြက်ဆူစေ့ပျိုးပင် ၁၂၀၀နှင့် မျိုးကိုင်းပျိုးပင် ၁၂၀၀ကိုလည်းကောင်း၊ကြက်ဆူဆီမှထုတ်လုပ်သည့် ဘိုင်အိုဒီဇယ်ဆီဖြင့် လယ်ယာ(၁၆)လက်တွန်းထွန်စက် မောင်းနှင်ပြသမှုကို လည်းကောင်း လိုက်လံကြည့်ရှုကြပြီး**(ဓာတ်ပုံ)** ခြံစည်းရိုးကြက်ဆူစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်းထည့်သွင်း ပျိုးထောင်ပေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သန်လျင်မြို့နယ် အလွမ်းဆွတ် ကျေးရွာအနီး၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အလွမ်းဆွတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသို့ ရောက်ရှိစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များနှင့်ပတ်သက်၍ မှာကြားပံ့ပိုးဖြည့်ဆည်းပေးပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း စိုက်ပျိုးရေပေးဝေနေမှုနှင့် အလွမ်းဆွတ်လျှပ်စစ် မြစ်ရေတင်စီမံကိန်းမှ ရရှိသည့် စိုက်ပျိုးရေဖြင့် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် နွေစပါးစိုက်ခင်းများကို ကြည့်ရှု အားပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အာရှတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ မြန်မာလူငယ်များဗိုလ်လုပွဲအဆင့်သို့တက်ရောက်

ရန်ကုန် ဇန်နဝါရီ ၁၆

အပြည်ပြည်ဆိုင်ရာတင်းနစ်အဖွဲ့ချုပ် အသက်(၁၄)နှစ်နှင့်အောက် အာရှတံခွန်စိုက်တင်းနစ်ပြိုင်ပွဲ ၂၀၀၆ခုနှစ် အုပ်စု(၂)တင်းနစ်ပြိုင်ပွဲ၏ 2nd Tournament အကြိုဗိုလ်လုပွဲများကို ယနေ့နံနက် ၈ နာရီခွဲက ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏အကြိုဗိုလ်လုပွဲများဖြစ်ကြသော အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲ ပြိုင်ပွဲလေးမျိုးစလုံးတွင် မြန်မာလူငယ်များလက်စွမ်းပြကြပြီး အနိုင်ရရှိကြကာ နောက်ဆုံး ဗိုလ်လုပွဲများသို့ တက်ရောက်သွားကြသည်။

ဗိုလ်လုပွဲတက်ရောက်

အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင် အောင်ကျော်နိုင်၊ နှစ်ယောက်တွဲပြိုင်ပွဲတွင် အောင်ကျော်နိုင်နှင့် အောင်ကိုဦးအတွဲတို့က အနိုင်ရရှိကြပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ခိုင်ငြိမ်းသာနှင့်သဏ္ဍာအောင်၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲတွင် ခိုင်ငြိမ်းသာနှင့်သဏ္ဍာအောင်တို့အတွဲကအနိုင်ရရှိကြပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားကြသည်။

ဇန်နဝါရီ ၁၇ရက် **(ယနေ့)**နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ 2nd Tournamentတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

မြောက်ဥက္ကလာပ အထက(၁) ကျောင်းသားဟောင်းများအာစရိယပူဇော်

ရန်ကုန် ဇန်နဝါရီ ၁၆

အထက(၁)မြောက်ဥက္ကလာပမြို့နယ် ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၅ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီက မြောက်ဥက္ကလာပမြို့နယ်ခန်းမကြီး၌ ကျင်းပသည်။

(အောက်ပုံ)

အခမ်းအနားတွင် ဆရာကြီးဦးတင်ဖေ(အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အငြိမ်းစား)နှင့်တကွ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီး ၁၉၀တို့အား တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူဟောင်း ၈၀၀ ကျော်က အလှူတော်ငွေများဖြင့် ပူဇော်ကန်တော့ကြသည်။

ဩဝါဒစကား

ကျောင်းအုပ်ဆရာကြီးများကိုယ်စား ဆရာကြီးဦးတင်ဖေနှင့် ဆရာ၊ ဆရာမများ ကိုယ်စား ဆရာမကြီး ဒေါ်ခင်စမ်းလှ (အငြိမ်းစား)တို့က ဩဝါဒစကားမြွက်ကြားပြီး ဆုတောင်းမေတ္တာပို့သပေးကြသည်။

ဆက်လက်၍ အထက(၁)တွင် လက်ရှိတာဝန်ထမ်းဆောင်ဆဲ ဆရာ၊ ဆရာမများအား လက်ဆောင်ပစ္စည်းများပေးအပ်ပြီး စာပေနှင့်ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူလေးများအား ဆုချီးမြှင့်ပေးအပ်ကြသည်။ အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆုတင်ကကျေးဇူးတင် စကားပြောကြားသည်။ **(မြန်မာ့အလင်း)**







ရုံးဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

၁။ ကွန်ပျူတာကျွမ်းကျင် (မ-၁) ၂။ ရုံးအကူ (မ-၁)

အသက်(၁၈မှ၂၅)နှစ်၊ အနည်းဆုံး ကိုးတန်းအောင်၊ ဆက်ဆံရေးပြေပြစ်သူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဓာတ်ပုံတစ်ပုံနှင့် လူကိုယ်တိုင်လာရန်၊ ကြော်ငြာပါသည့်နေ့မှ ငါးရက်အတွင်း နံနက် ၁၀နာရီမှ မွန်းတည့် ၁၂နာရီအတွင်း။

World Central အမှတ် ၈၃၊ လေးလွှာ၊ ပန်းဆိုးတန်းလမ်း၊ (တရားရုံးချုပ်ရုံးနှင့်ကပ်လျက်တိုက်)။



မြိတ်မြို့၌ ပဋ္ဌာန်းဒေသနာတော် အာဂုံရွတ်ဆိုပူဇော်ပွဲကျင်းပ

မြိတ် ဇန်နဝါရီ ၁၀

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသော ပဋ္ဌာန်းဒေသနာတော် အာဂုံရွတ်ဆိုပူဇော်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၉ရက် နံနက်၈နာရီက မြိတ်မြို့ လေးကျွန်းဆီမီးစေတီတော် သာသနာ့ဗိမာန်၌ ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ စံကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မောင်မောင်ဆွေနှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် နိုင်ငံတော်သြဝါဒါစရိယ စံကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆုပေးပွဲအခမ်းအနားကိုဒီဇင်ဘာ ၃၀ ရက် နံနက် ၈နာရီက မြိတ်မြို့ လေးကျွန်းဆီးမီး စေတီတော် သာသနာ့ဗိမာန်၌ကျင်းပရာ တိုင်းမှူးက ပထမဆုရ တနင်္သာရီရေတပ်စခန်းဌာနချုပ် ဝတ်အသင်း၊ ဒုတိယဆုရ မြိတ်မြို့နယ် ဝတ်အသင်းနှင့် တတိယဆုရထားဝယ်မြို့နယ်ဝတ်အသင်းတို့ကို ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ဆက်လက်၍ တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယကဒေါ်တင်တင်ခွဲ့က သဒ္ဓါတရားထက်သန်ဆုဝတ်အသင်း သုံးသင်းအား ဂုဏ်ပြုဆုနှင့် ဝတ်အသင်းသူများအတွက် လုံချည်၂၅၂ထည်ကို လည်းကောင်း **(ယာပုံ)**၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မျိုးညွန့်က အထူးဆုရ ဝတ်အသင်း ခြောက်သင်းအား ဂုဏ်ပြုဆုနှင့် အမှတ်ပေးဒိုင်များအား ဂုဏ်ပြုလက်မှတ်များကိုလည်းကောင်း ပေးအပ်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

မြဝတီမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၅-၂၀၀၆ ခုဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်လျက်ရှိသော ဇေ့ရှမ်း-ပေါ်လော ကျေးလက်လမ်း ကျောက်ချောခင်းခြင်း အတွက် အမာခံကျောက်ကြီးများခင်းကျင်းနေမှုကို ဇန်နဝါရီ ၂ရက်က ခရိုင်ဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးမြင့်ဦးနှင့် မြို့နယ်ဥက္ကဋ္ဌဗိုလ်ကြီးလှမိုတို့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ ရွှေတောင်၌ ကျင်းပ
အားကစားပြိုင်ပွဲ ဆုရသူများဆုချီးမြှင့်

ရွှေတောင် ဇန်နဝါရီ ၉

(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်က ရွှေတောင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးဝင်း လွတ်လပ်ရေး နေ့အထိမ်းအမှတ် ကျောက်တိုင်ရှေ့ကွင်းပြင်၌ကျင်းပသည်။

အထိမ်းအမှတ်အခမ်းအနား၌ (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်က ဖတ်ကြားသည်။ အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသားကျောင်းသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ထို့နောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ်မီနီမာရသွန်ပြိုင်ပွဲ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဆေးပေးခန်း၌ ကလေးပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြပြီး ဆုများကို ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပလောက်မြို့၌ ကျေးရွာချင်းဆက်တံတားသစ်ဖွင့်

ပလောက် ဒီဇင်ဘာ ၃၁

ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်အရ မြိတ်ခရိုင် ပလောက်မြို့ ဆင်ထိုးကြီးကျေးရွာအုပ်စုရှိ ဘုရင့်တောင်ကျေးရွာနှင့် ဆင်ထိုးငယ်ကျေးရွာတို့ကို ဆက်သွယ်တည်ဆောက်ခဲ့သော ကျေးရွာချင်းဆက် တံတားသစ်ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၆ ရက်နံနက် ၈ နာရီက အဆိုပါတံတားမုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးတင်မြင့်နှင့် ပလောက် မြို့အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်တို့က အမှာစကားပြောကြားကြပြီး တံတားတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောဆေးထိက တံတားနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဖဲကြိုးဖြတ်

ထို့နောက် နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးတင်မြင့်၊ ပလောက်မြို့ အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်နှင့် တံတားတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောဆေးထိတို့က တံတားသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါတံတားသစ်မှာ အရှည် ပေ၃၀၊ အကျယ်၁၅ပေရှိပြီး နိုင်ငံတော် ထောက်ပံ့ငွေကျပ် ၅သိန်းနှင့် ပြည်သူများ ထည့်ဝင်ငွေကျပ် ၂၁သိန်းတို့ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကလောမြို့ အထကကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ရက်က ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးမင်းဇော်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းနှင့် ကလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ထန်းတပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ ခု ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြလမ်း အဆင့်မြှင့်တင်ခြင်း လုပ်ငန်းဖြစ်သော ကုံကော်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၆ ရက်က တာဝန်ခံ အင်ဂျင်နီယာ ဦးကြည်ခင် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ ဂုဏ်ပြု
ရေနံ့ချောင်း၌ ဓမ္မာရုံလမ်း ကတ္တရာလမ်းသစ်ဖွင့်

ရေနံ့ချောင်း ဇန်နဝါရီ ၁၀

(၅၈)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရေနံ့ချောင်းမြို့ မြေနီခင်တောင်ရပ်ကွက်၊ ဓမ္မာရုံလမ်းကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂ ရက်က အဆိုပါလမ်းထိပ် မုခ်ဦး၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်စိုးလွင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးသန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အဆိုပါဓမ္မာရုံလမ်းကတ္တရာ လမ်းသစ်မှာအရှည် ၉၃၅ ပေ၊ အကျယ် ၁၂ ပေဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုရန်ပုံငွေကျပ် ၂၈၀၂၀၀၀၊ မြေနီခင်တောင်ရပ်ကွက် ပြည်သူများထည့်ဝင်ငွေကျပ် ၂၃၀၀၀၀ ဖြင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဇန်နဝါရီ ၂ရက် က ဖျာပုံမြို့ စည်ပင်သာယာ ဈေးရုံအတွင်း မီးဘေးကြိုတင် ကာကွယ်ရေး အတွက် မီးသတ်ရေကန် အတွင်း ရေများဖြည့်ခြင်း၊ ဆေးဘူးများ ဆောင်ရွက်ထားခြင်းတို့ကို ဖျာပုံခရိုင် မီးသတ်ဦးစီးဌာနတပ်စုမှူး ဦးစန်းယုနှင့် ဒုတိယ ဦးစီးမှူး (ဈေး) ဒေါ်တင်မြိုင်တို့ ကြည့်ရှုစစ်ဆေးစဉ်။ (၁၅၈)

သန့်ရှင်းရေး လုပ်ငန်းများ စုပေါင်းဆောင်ရွက်

ပျဉ်းမနား ဇန်နဝါရီ ၄

ပျဉ်းမနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် သန့်ရှင်းရေး လုပ်ငန်းများ စုပေါင်းဆောင်ရွက်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ပျဉ်းမနားခုတင် (၁၀၀)ဆံ့ပြည်သူ့ဆေးရုံဝင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဆေးရုံမှ ဝန်ထမ်းများ ပေါင်းမြက်နှင့် အမှိုက်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။ **(၁၀၁)**

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မူဆယ်မြို့ ကောင်းမူးတုံ(၁)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၄ရက်က ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစိုးဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးရဲလင်းဦးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးရန်နိုင်တို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မူခင်းကင်းစင်ရေးနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တာချီလိတ်၌ ဆိုင်းဘုတ်ဖွင့်

တာချီလိတ် ဒီဇင်ဘာ ၃၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့က ကြီးမှူး၍ မူခင်းကင်းစင်ရေးနှင့် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး(အထူးအဖွဲ့) ဆိုင်းဘုတ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၀ရက် နံနက်ရနာရီခွဲက ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှေ့တွင် ကျင်းပသည်။

ရှေးဦးစွာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်က မြို့နယ်အတွင်း မူခင်းကင်းစင်ရေး ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးက လူကုန်မှုတားဆီးနှိမ်နင်းရေး(အထူးအဖွဲ့) ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်ပြီး ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးက တာချီလိတ်မြို့နယ်အတွင်း မူခင်းကင်းစင်ရေး ရက်သတ္တပတ်လှုပ်ရှားမှုနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး**(အောက်ဝဲပုံ)** ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကြည်ညွန့်က မူခင်းကင်းစင်ရေး ဆောင်ရွက်ရခြင်းနှင့်ပတ်သက်သည့် အကြောင်းအရာများ ရှင်းလင်းတင်ပြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပဲခူးမြို့ ဉာဏဗလပရိယတ္တိစာသင်တိုက် ဗိမာန်ရှင် နာရေးကူညီမှုအသင်းသို့ ဇန်နဝါရီ ၁ရက်က ဆံတော်တွင်းလမ်းမ နန်းတော်ရာရပ်ကွက် ပဲခူးမြို့နေ ဦးခင်မောင်မိသားစုနှင့် ဦးမောင်ဝင်း- ဒေါ်သန်းသန်းဝင်း မိသားစုတို့က ငွေကျပ် ၁၀သိန်းလှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးသက်နိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးသိန်းရွှေနှင့် ဘဏ္ဍာရေးမှူး သီဟသုခမ္မသီဂိ ဒေါ်ညွန့်သန်းတို့က လက်ခံရယူစဉ်။ (ခရိုင် ပြန်/ဆက်)

ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တားဆီးကာကွယ်ရေး တောင်ငူ၌ လေ့ကျင့်ဆွေးနွေးပွဲကျင်းပ

တောင်ငူ ဇန်နဝါရီ ၇

ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ လေ့ကျင့်ဆွေးနွေးပွဲ(ဆင့်ပွား) ဆွေးနွေးပွဲ အခမ်းအနားကို ဒီဇင်ဘာ၂၉နှင့် ၃၀ရက်များတွင် တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင် ဒေါ်ခင်မေအောင်က အဖွင့်အမှာစကား ပြောကြားသည်။(အောက်ပုံ)

ဆွေးနွေးပို့ချ

အခမ်းအနားတွင် ကာလသားရောဂါနှင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ ကာကွယ်တားဆီးရေးအဖွဲ့ ခေါင်းဆောင် ဒေါက်တာအောင်လင်းအေးက ကူးစက်ရောဂါ ကာကွယ်တားဆီးရေးများနှင့် ပတ်သက်၍လည်းကောင်း၊ တောင်ငူပညာရေးကောလိပ်မှ ဒုတိယကျောင်းအုပ်ကြီး ဒေါ်စန်းစန်းမြင့်က ကျောင်းအခြေပြု ကိုယ်စိတ်ကျန်းမာဘဝတာ ကာကွယ်တားဆီးရေး ပညာပေးအစီအစဉ်နှင့် ဘဝအတွက်တာ ကျွမ်းကျင်စရာဘာသာရပ်အားလည်းကောင်း ပညာပေးဟောပြောဆွေးနွေးပို့ချကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ တောင်ငူခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့မှ အဖွဲ့ဝင်၅၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(၁၀၃)**

ဖြူးမြို့ အထက(၁) မြတ်ဆရာပူဇော်ပွဲကျင်းပမည်

ဖြူး ဇန်နဝါရီ ၁၅

ဖြူးမြို့ (အမျိုးသားကျောင်း ၁၉၂၀) အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ အငြိမ်းစား သက်ပြည့်ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲနှင့် ဆဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပနိုင်ရန် အထက(၁) အမျိုးသားခန်းမတွင် ကြိုတင်ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းညှိနှိုင်း ဆွေးနွေးပွဲတွင် ကျောင်းသား ကျောင်းသူဟောင်းများက သက်ပြည့်ဆရာကြီးများအားပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၂၁ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးဆရာကြီး ဆရာမကြီးများ ဖိတ်ကြားရေး၊ အလှူငွေကောက်ခံရေး၊ ပူဇော်ပွဲသို့ မတက်ရောက်နိုင်သော ဆရာကြီး ဆရာမကြီးများ ကော်မတီသို့ ကြိုတင်အကြောင်းကြားရန်နှင့် ရပ်ဝေးကျောင်းသားဟောင်းများက အလှူငွေထည့်နိုင်ရန်အတွက် ဦးမိုက်ကယ်တင်ဋ္ဌေး မြင့်မြတ်သူ တည်းခိုခန်း(ဖြူး) ဖုန်း-၀၅၄-၄၀၃၂၇၊ ဒေါက်တာခင်မောင်မြင့် (ဖြူး)ဖုန်း-၀၅၄-၄၀၃၇၆၊ ဦးအင်းလျောက် (ဖြူး) ဖုန်း-၀၅၄-၄၀၀၉၅၊ ဦးသက်စိန်(ဖြူး) ဖုန်း- ၀၅၄-၄၀၀၄၈၊ ဗိုလ်ကြီးအောင်သန်း ဖုန်း-၅၀၀၂၅၀၊ ဦးမြဦး ဖုန်း-၆၆၀၁၃၁နှင့် ဦးဝမ်းဝမ်း(မန္တလေး) ဖုန်း-၃၂၃၇၈တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကလေးမြို့နယ်တွင် ကြက်ဆူဆီဘိုင်အိုဒီဇယ်ဖြင့် စက်ကိရိယာများစမ်းသပ် မောင်းနှင်သရုပ်ပြ

ကလေး ဒီဇင်ဘာ ၂၈

ကြက်ဆူဆီဘိုင်ဆိုဒီဇယ်ဖြင့် စက်ကိရိယာများ စမ်းသပ်မောင်းနှင်သရုပ်ပြပွဲကို ဒီဇင်ဘာ၁၇ရက်က ကလေးမြို့နယ်ဇင်းကလင်းကျေးရွာ အမက ကျောင်းလယ်မြေတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးစိန်ဝင်းက ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးနည်းစနစ်များကိုလည်းကောင်း၊ ခရိုင်စက်မှုလယ်ယာဦးစီးဌာနဦးစီးမှူး ဦးအောင်သောင်းက ကြက်ဆူဆီဘိုင်အိုဒီဇယ်ဖြင့် စက်ကိရိယာများတွင် သုံးစွဲမှုကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် လယ်ယာ-၁၆ လက်တွန်းထွန်စက်၊ ဒီဇယ်အင်ဂျင် စပါးရိတ်စက်နှင့်စပါးခြွေလှေ့စက်များတွင် ကြက်ဆူဆီဘိုင်အိုဒီဇယ်ဖြင့် စက်မှုလယ်ယာဝန်ထမ်းများက လက်တွေ့မောင်းနှင်ပြသရာ တက်ရောက်လာသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြသည်။ (၄၁၇)

ကဝမြို့နယ် သပြုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာ ကျောင်းသားပညာရေး စုံညီပွဲတော် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဆွေဆွေလှဲ့က တက္ကသိုလ်ဝင်တန်း လေးဘာသာဂုဏ်ထူးရှင် မောင်နိုင်လင်းအောင်အား ဆုချီးမြှင့်စဉ်။

(ပညာရေး)

ညောင်တုန်းမြို့နယ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင် အနိုင်ရအသင်းအား ဆုဖလားနှင့်ငွေသားဆုချီးမြှင့်

ညောင်တုန်း ဇန်နဝါရီ ၈

ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အမျိုးသားအကြီးတန်းဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအဖြစ် အလယ်ချောင်းကျေးရွာဇုန် ဘောလုံးအသင်းနှင့် အမှတ်(၈)ရပ်ကွက် ဘောလုံးအသင်းတို့သည် ဇန်နဝါရီ၄ရက်က မြို့နယ်ပြည်သူ့အားကစားကွင်းတွင် ယှဉ်ပြိုင်ကစားကြရာ အလယ်ချောင်းဇုန်ဘောလုံးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ပေးအပ်ချီးမြှင့်

ပြိုင်ပွဲအပြီးတွင် မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းဇော်**(ယာပုံ)**၊ အတွင်းရေးမှူး ဦးအောင်မြင့်သိန်း၊ ဒုတိယ ဦးစီးမှူး ဦးဆန်းအောင်ထွေး၊ ဘောလုံးပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းတင်နှင့် တာဝန်ရှိသူများက ပထမဆုရ အလယ်ချောင်းကျေးရွာဇုန်အသင်းနှင့် ရပ်ကွက်(၈)အသင်းတို့အား ဆုဖလားနှင့် ငွေသားဆုများကိုလည်းကောင်း၊ ပွဲစဉ်တစ်လျှောက်အကောင်းဆုံး ဘောလုံးသမား ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

(၀၉၈)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

ကြေညာချက်(၇/၂၀၀၅)

ရန်ကုန်မြို့၊ ၁၃၆၇ခု တန်ဆောင်မုန်းလပြည့်ကျော် (၁၁)ရက်
(၂၀၀၅ခုနှစ် နိုဝင်ဘာလ ၂၆ရက်)

အကြောင်းအရာ။ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသော အာမခံစပေါ်ငွေများစာရင်း ရှင်းလင်းပြန်လည်ထုတ်ယူရန်ကိစ္စ။

၁။ သတ္တုတွင်းဝန်ကြီးဌာန ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီသည် နိုင်ငံသား၊ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအနေဖြင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများလုပ်ကိုင်နိုင်ရန်အတွက် အဆိုပြုလွှာများကိုလက်ခံ၍ ခွင့်ပြုမိန့်များ၊ ထုတ်ပေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့် ကြီးကြပ်ရေး လုပ်ငန်းကော်မတီသည် နိုင်ငံသား၊ ပုဂ္ဂလိက၊ ကုမ္ပဏီ၊ အသင်းများအနေဖြင့် သတ်မှတ်ချက်များနှင့်အညီ အဆိုပြုလွှာများ တင်သွင်းနိုင်ရန် ၂၀၀၀ပြည့်နှစ်မှစ၍ အောက်ပါ ကြေညာချက်များကို သတင်းစာများတွင် ထည့်သွင်းဖော်ပြ၍ အဆိုပြုလွှာများ ခေါ်ယူ ခဲ့ပါသည်။

(က)	၂၀၀၀ပြည့်နှစ်၊ ကြေညာချက်	၁/၂၀၀၀(ဖော်ထုတ်သစ်)၊ ၂/၂၀၀၀၊ ၃/၂၀၀၀၊ ၄/၂၀၀၀။
(ခ)	၂၀၀၁ခုနှစ်၊ ကြေညာချက်	၁/၂၀၀၁(ဖော်ထုတ်သစ်)၊ ၂/၂၀၀၁(ဖော်ထုတ်သစ်)၊ ၁/၂၀၀၁၊ ၂/၂၀၀၁၊ ၃/၂၀၀၁။
(ဂ)	၂၀၀၂ခုနှစ်၊ ကြေညာချက်	၁/၂၀၀၂၊ ၂/၂၀၀၂၊၃/၂၀၀၂၊ ၄/၂၀၀၂၊ ၅/၂၀၀၂။
(ဃ)	၂၀၀၃ခုနှစ်၊ ကြေညာချက်	၁/၂၀၀၃၊၂/၂၀၀၃၊ ၃/၂၀၀၃၊ ၄/၂၀၀၃၊ ၅/၂၀၀၃၊ ၆/၂၀၀၃။
(င)	၂၀၀၄ခုနှစ်၊ ကြေညာချက်	၁/၂၀၀၄၊၂/၂၀၀၄၊ ၃/၂၀၀၄၊ ၄/၂၀၀၄၊ ၅/၂၀၀၄။
(စ)	၂၀၀၅ခုနှစ်၊ ကြေညာချက်	၁/၂၀၀၅။

၃။ ကျောက်မျက်ရတနာလုပ်ကွက်များကို ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင်လည်းကောင်း၊ သတ်မှတ်လုပ်ကွက်(အသစ်)၊ ဖော်ထုတ်လုပ်ကွက်(အသစ်) များကို လျှောက်ထားရာတွင်လည်းကောင်း၊ သက်ဆိုင်ရာလုပ်ငန်းရှင်များထံမှ အဆိုပြုလွှာ တစ်စောင် (လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ(Deposit)ငွေကျပ် တစ်သိန်းစီကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းက လက်ခံခဲ့ပြီး ကျောက်မျက်ရတနာ ဥပဒေများနှင့်အညီ အဆိုပြုလွှာများကို လက်ခံခဲ့ပါသည်။

၄။ လုပ်ငန်းရှင်များက ပေးသွင်းခဲ့သော အာမခံစပေါ်ငွေများနှင့်ပတ်သက်၍ အာမခံစပေါ်ငွေ ပေးသွင်းရေး၊ သတ်မှတ်ထားသည့် ညွှန်ကြားချက်၊ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ရရှိသော လုပ်ကွက်များအတွက် စပေါ်ငွေများကို ခုနှိမ်ပေးသွင်းခြင်း၊ လုပ်ကိုင်ခွင့်မရရှိသော လုပ်ကွက်များအတွက် အာမခံစပေါ်ငွေများ ပြန်လည်ထုတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပါသည်။ ထို့ပြင် ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး စစ်ဆေးရေးနှင့် ကြီးကြပ်ရေးလုပ်ငန်းကော်မတီမှ သတ်မှတ်ခွင့်ပြုသည့် ကာလအတွင်း လာရောက်ဆက်သွယ်မှုမပြုခြင်း၊ သတ်မှတ်ကာလအတွင်း အဆိုပြုငွေ ပေးသွင်းရန် ပျက်ကွက်ခြင်း၊ တင်သွင်းထားသော အဆိုပြုလွှာ၊ လျှောက်လွှာများကို ပယ်ဖျက်ခွင့်တင်ပြခြင်း၊ ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်သောလုပ်ကွက်များအတွက် လုပ်ငန်းရှင်မှ တစ်စုံတစ်ရာ ပြန်ကြားခြင်းမပြုဘဲ လူကိုယ်တိုင် လာရောက်ဆယ်သွယ်မှု မပြုခြင်းတို့အတွက် ပေးသွင်းထားသော အာမခံစပေါ်ငွေများကို ဥပဒေ၊ စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ နိုင်ငံတော် ဘဏ္ဍာငွေစာရင်းသို့ ပေးသွင်းခဲ့ပါသည်။

၅။ သို့ဖြစ်ပါ၍ အထက်စာပိုဒ်(၂)ပါ ကြေညာချက်များအရ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသည့် အာမခံစပေါ်ငွေများနှင့်ပတ်သက်၍ ရရန်၊ ပေးရန်ရှိသည်များကို သက်ဆိုင်ရာလုပ်ငန်းရှင်များအနေဖြင့် ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁ရက်မှ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၂၈ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့် ဆက်သွယ်၍ အမြန်ဆုံးစာရင်းရှင်းလင်းဆောင်ရွက်ကြရန်နှင့် အကယ်၍ လုပ်ငန်းရှင်များ အနေဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်း (ရုံးချုပ်)နှင့်ဆက်သွယ်၍ စာရင်းရှင်းလင်းခြင်းမပြုပါက မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ ပေးသွင်းထားသော အာမခံစပေါ်ငွေများကို နိုင်ငံတော် ဘဏ္ဍာငွေစာရင်းသို့ ပေးသွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း။**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးကိုခဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်မြို့၊ လသာမြို့နယ် တရားရုံးတော်၌
၂၀၀၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၃

၁။ လင်လီဟွေ (ခ) ဒေါ်အေးအေးဝင်း ဦးသော်ဇင်
၂၊ လင်ကာဝိုး (ခ) ဒေါ်ငွေငွေဝင်း
၃။ လင်ဟွာဝိုး (ခ) ဒေါ်မြမြဝင်း **နှင့်**
၄။ လင်စိန်ဟုတ် (ခ) ဦးသန်းစိန်
၅။ လင်စိန်ဝှက် (ခ) ဦးသန်းအောင်
(တရားလိုကိုယ်တိုင်နှင့်(၂)(၃)(၄)(၅)တရားလို များ၏ အထွေထွေ ကိုယ်စားလှယ်စာရသူ)

တရားလို **တရားပြိုင်**

အထက်အမည်ပါ တရားပြိုင် ဦးသော်ဇင်၊ အမှတ်(၄၃၄)၊ မင်းလမ်း၊ ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့(ယခုလိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုများမှ မြေနှင့်အိမ်အရောင်းအဝယ် စာချုပ်အမှတ်-၄၆၁/၁၉၅၈သည် အမည်ငှား(ဘီနာမီ)စနစ်ဖြင့် ဝယ်ယူထားသည့်စာချုပ်ဖြစ်ကြောင်း မြွက်ဟကြေညာ၍ တရားလိုများ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်နေ့(၁၃၆၇ခုနှစ်၊တပို့တွဲလပြည့်ကျော်၅ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၀၆ခုနှစ် ဇန်နဝါရီလ ၁၇ရက်နေ့တွင် ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်ညိုမိစံ (မြို့နယ်တရားသူကြီး)
လသာမြို့နယ်တရားရုံး၊ ရန်ကုန်မြို့။



အများသိစေရန်ကြေညာချက်

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာစီစာကုံးပြိုင်ပွဲ ဆုရသူများဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁၆

လှိုင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဦးမောင်မောင် (ရွှေစံအိမ်)စာပေဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ရက် နံနက် ၉ နာရီက ဘူတာရုံလမ်းရှိ အထက(၁)ဘုရင့်နောင်ခန်းမ၌ ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဝင်း (မောင်သက်အောင်)နှင့် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးစောအောင်မြဝင်းတို့က အမှာစကားပြောကြားကြပြီး ဦးမောင်မောင် (ရွှေစံအိမ်)က စာပေဆုအတွက် လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

လှူဒါန်း

ထို့နောက် အထက်တန်းနှင့် အလယ်တန်း စာစီစာကုံးပြိုင်ပွဲ ဆုရကျောင်းသား ကျောင်းသူ၁၆ဦးနှင့် မြို့နယ်အတွင်းမှ တက္ကသိုလ်ဝင်တန်း မြန်မာစာနှင့် အင်္ဂလိပ်စာအမှတ်အများဆုံးရသူ နှစ်ဦးတို့အား ဆုများပေးအပ်ချီးမြှင့်ပြီး ဦးမောင်မောင်(ရွှေစံအိမ်)မိသားစုက ရာသက်ပန်နှစ်စဉ် စာပေများ ဆုချီးမြှင့်နိုင်ရန် ငွေကျပ်၁၅သိန်းကို မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌအား လည်းကောင်း၊ ၁၃ရပ်ကွက် မီးလောင်ရာတွင် နေအိမ်များပါသွားကြသော စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဝင်သုံးဦးအားတစ်ဦးလျှင် ကျပ်၁၅၀၀၀စီကို လည်းကောင်း လှူဒါန်းကြောင်း သိရသည်။ **(အပေါ်ပုံ) (က-ပ)**

သမိုင်းဝင် မော်ဘီ ရွှေမော်တင်စေတီတော် ပြုပြင်မွမ်းမံရေး အလှူငွေများလှူဒါန်းနိုင်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း မော်ဘီမြို့နယ် သမိုင်းဝင် ရွှေမော်တင်စေတီတော် မြတ်ကြီး၏ ပစ္စယာသုံးဆင့်မှ ကြာမှောက်ကြာလန်အထိ ဖြစ်ပေါ်နေသော အက်ကွဲကြောင်းများအား သံကူကွန်ကရစ်ချုပ်တန်းများဖြင့် ပြန်လည်ပြုပြင်တည်ဆောက်ပြီး ရွှေထီးတော်နှင့် ငှက်ပျောဖူးအား ရွှေသင်္ကန်းကပ်လှူပူဇော်မည် ဖြစ်သည်။

အဆိုပါပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများတွင် ကုသိုလ်ယူပါဝင်လှူဒါန်းလိုသူများသည် ဦးဇော်စိုး ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဖုန်း-၆၂၀၀၄၂၊ ဦးသန်းတင် ဥက္ကဋ္ဌ ရွှေမော်တင်ဂေါပကအဖွဲ့ ဖုန်း-၆၂၀၁၁၈၊ ဦးတင်ဦး အတွင်းရေးမှူး ရွှေမော်တင်ဂေါပကအဖွဲ့ ဖုန်း-၆၂၀၅၃၉၊ဦးခင်အောင် ဦးစီးကော်မတီ ဖုန်း-၆၂၀၄၁၃၊ ဦးမောင်မောင်ရင် ဈေးအလှူခံဌာန တာဝန်ခံ ဖုန်း-၆၂၀၃၀၀Ex-၂၈၇တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရန်ကုန်မြို့ အထက(၂)ကမာရွတ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေလှရီနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများက ဘိုးဘွားများနေ့ အထိမ်းအမှတ် အလံကလေးများအတွက် အလှူငွေကျပ်သုံးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဒေါက်တာ ဦးယဉ်ထွန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အေးမြချမ်းသာဆရာတော်၏ ဝိဇာတ အလှူဓမ္မပူဇာ တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း ဒဂုံမြို့သစ် အရှေ့ပိုင်း မြို့နယ် ၇ ရပ်ကွက်၊ ကျန်စစ်သားလမ်းမကြီး တောင်ငူလမ်းမှတ်တိုင်အနီးရှိ အေးမြချမ်းသာမဟာစည် သာသနာ့ရိပ်သာ ပဓာန နာယက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တသိရီဓမ္မ(BA.ပါဠိဂုဏ်ထူး)ဆရာတော်၏ ဝိဇာတ အလှူဓမ္မပူဇာ တရားစခန်းဖွင့်မည် ဖြစ်ရာ(၁၃၆၇ခု တပို့တွဲလဆန်း ၁ ရက်မှ တပို့တွဲ လပြည့်နေ့ထိ ညတရားပွဲများကို ပြည်တွင်း၊ ပြည်ပအကျော် ဓမ္မကထိဆရာတော်များက ဟောကြားမည်ဖြစ်သည်။ တပို့တွဲလဆန်း ၅ ရက်တွင် တရားစခန်းဝင် ယောဂီများအား စရိတ်ငြိမ်းလှူဒါန်း၍ ဒုလ္လဘရဟန်း သင်္ကန်းနှင့် သီလရှင်ဝတ်စုံများလည်း လှူဒါန်းမည်ဖြစ်ပြီး တပို့တွဲလပြည့်နေ့တွင် (၁၁) ကြိမ်မြောက်သံဃာ့ဒါနဆွမ်းကြီးလောင်းလှူမည်ဖြစ်ရာ ယောဂီများ ကြိုတင်စာရင်းသွင်းကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုသည့် အလှူရှင်များသည် ရိပ်သာ ဖုန်း-၅၈၅၀၄၃သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ၆ရက်က ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် အမက (၈)၌၂၀၀၅-၂၀၀၆ပညာသင်နှစ်တွင် ဘက်စုံပထမ ငါးနှစ်ဆက်တိုက် ဆုရ စတုတ္ထတန်းကျောင်းသူ မအေးမိစံအား ကျောင်းအုပ် ဆရာမကြီး ဒေါ်သန်းသန်းအေးက ဆုချီးမြှင့်စဉ်။ (က-ပ)

ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားဟောင်းအာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်စက်မှုတက္ကသိုလ် ၁၉၇၅ ခုနှစ်တွင် ပညာသင်ကြားခဲ့သူများနှင့် ၁၉၈၁ ခုနှစ်တွင် ဘွဲ့ရသူများမည်သည့်နှစ်တွင်မဆို ဘွဲ့ရခဲ့သော အင်ဂျင်နီယာနှင့် ဗိသုကာကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၂ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် ရန်ကုန်နည်းပညာတက္ကသိုလ် စက်မှုခန်းမ၌ကျင်းပမည်ဖြစ်ရာ မှတ်တမ်းစာအုပ်ပြုစုရန် လိပ်စာ၊ ဖုန်းနံပါတ်နှင့် အလှူငွေများကို ဦးလှိုင်မြင့် ဖုန်း-၀၉-၉၉-၂၆၀၄၅၊ ဒေါ်သူဇာမြင့် ဖုန်း-၀၁-၆၆၇၀၈၈၊ ဦးရွှေသန်းစိုး ဖုန်း-၀၉-၅၁-၁၂၉၁၇၊ ဦးကျော်ဆန်း ဖုန်း-၀၉-၅၀-၀၃၈၁၆၊ ဦးအောင်နိုင်မြင့် ဖုန်း-၀၉-၉၀-၃၀၂၅၃၊ ဦးရဲမြင့် ဖုန်း-၀၉-၅၀-၀၆၃၇၁၊ ဦးငွေစိုး ဖုန်း-၀၁-၂၂၂၄၇၄၊ ဦးဝင်းနိုင် ဖုန်း-၀၁-၇၂၇၉၀၀၊ ဦးတင်မြင့်လွင် ဖုန်း-၀၉-၉၉-၂၄၂၀၅၊ ဦးစောမောင် ဖုန်း၀၁-၆၄၂၃၆၃၊ ဦးသန်းလင်း ဖုန်း-၀၁-၂၄၆၄၂၆၊ ဦးသန်းအောင် ဖုန်း-၀၁-၂၉၀၆၇၇၊ ဦးတင်နွယ်စိုး ဖုန်း-၀၁-၅၃၈၆၉၇၊ ဒေါ်တင့်တင့်သိန်း ဖုန်း-၀၁-၇၀၄၈၈၉၊ ဒေါ်မိမိဝင်း ဖုန်း-၀၉-၂၀-၀၀၃၄၉၊ ဦးစန်းလွင် ဖုန်း-၀၂-၃၄၁၅၄နှင့် ဦးကျော်ဦး ဖုန်း-၀၉-၂၀-၀၄၉၃၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စက်သုံးဆီလိုအပ်မှုကို အထောက်အကူပြုနိုင်မည့် ကြို့ပင်ရိုးကြက်ဆူပင် နှစ်စဉ်စိုက်ပျိုး ဒေသ၏အဓိကစီးပွားရေးဖြစ်သည့် ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလုပ်ငန်း တိုးချဲ့လုပ်ကိုင် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းကဏ္ဍအလိုက် ညှိနှိုင်းပြီး စီမံကိန်းများရေးဆွဲဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၁၆

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ဟိုင်းကြီးတပ်နယ်မှ ဗိုလ်မှူးကြီးအေးဖေနှင့် တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် ဇန်နဝါရီ ၁၄ ရက် နံနက် ၇ နာရီခွဲတွင် ဟိုင်းကြီးကျွန်းတိုက်နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ တာဝန်ခံဆရာဝန် ဒေါက်တာဇော်မင်းသိုက်နှင့် သူနာပြုဆရာမများ၊ ဝန်ထမ်းများက ကြိုဆိုကြသည်။

ရှင်းလင်းပြသ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ဆေးရုံရှိ အမျိုးသားလူနာခန်း၊ ဓာတ်ခွဲခန်း၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်း၊ မီးဖွားခန်း၊ အမျိုးသမီးလူနာခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံဆရာဝန်က လိုက်လံရှင်းလင်းပြသသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ ●

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ မန္တလေးတက္ကသိုလ် မြန်မာစာဌာန ပါမောက္ခ ဦးမောင်မောင်လေး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အကျိုးစီးပွားအတွက် ဒီမိုကရေစီနိုင်ငံ ထူထောင်ရန် အမျိုးသားညီလာခံကျင်းပပြီး ညှိနှိုင်းဆောင်ရွက်ခြင်းသည် တစ်ခုတည်းသော နည်းလမ်းဖြစ် တိုင်းပြည်၏အနာဂတ် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ထွန်းရေး ပူးပေါင်းညှိနှိုင်းဆုံးဖြတ်ခြင်းသည် သဘာဝကျ

အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေး မန္တလေးတိုင်း မန္တလေးမြို့၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ဇန်နဝါရီ ၁၄ ရက် နံနက် ၇ နာရီ ၃၅ မိနစ်တွင် မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပသည်။

အဆိုပါ လူထုအစည်းအဝေးသို့ မန္တလေးတိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးနှင့် အလုပ်အမှုဆောင်များ၊ မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်နှင့် ညောင်ဦးခရိုင်တို့မှ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊

စာမျက်နှာ ၅ ကော်လံ ၁ ■

မြန်မာ့အလင်း
ဆောင်းပါး အညွှန်း

❒ တစ်နိုင်ငံလုံးကို လွှမ်းခြုံပြီး ဥပဒေပြုဌာန်းခွင့်ရှိတဲ့ ပြည်ထောင်စုလွှတ်တော်မှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အသီးသီးက လွှတ်တော်ကိုယ်စားလှယ်တွေလည်း ပါဝင်နေကြတာဖြစ်လို့ မိမိတို့ရဲ့နယ်မြေဒေသအလိုက် သင့်လျော်ကောင်းမွန်တဲ့ အကြံပြုချက်တွေကို တင်ပြခွင့်ရရှိနေမှာပဲ ဖြစ်တယ်။

❒ တချို့ကိစ္စတွေမှာ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းမဖြစ်ရအောင် တစ်နိုင်ငံလုံးအတွက် လွှမ်းခြုံပြီး ပြည်ထောင်စုက ဥပဒေပြုပေးမယ်။ အဲဒီဥပဒေတွေအရ လုပ်ငန်းတွေ အကောင်အထည်ပေါ်အောင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရတွေက ဆောင်ရွက်ကြရမယ်။ နယ်မြေဒေသအခြေအနေအရ ထူးခြားတဲ့ အခြေအနေတွေရှိရင် သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေက ပြည်ထောင်စုလွှတ်တော်မှာ ဆွေးနွေးတင်ပြခွင့်ရှိတယ်။ ပြည်ထောင်စုလွှတ်တော်က အဲဒီ တင်ပြချက်တွေကို လေ့လာသုံးသပ်ပြီး အကောင်းဆုံးဖြစ်အောင် ဆုံးဖြတ်ပေးသွားမှာပဲဖြစ်တယ်။

စိုးမြကျော်၏ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း(၈)ဆောင်းပါး (စာ ၈ နှင့် ၉)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်း

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၉ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံ ပြုချက်စာတမ်းနှင့် စပ်လျဉ်း၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဦးကျော်လှိုင်၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

(ယမန်နေ့ကအဆက်)

၁၇။ (က) (၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်း ကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ လွှတ်တော်ကော်မတီတို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ လွှတ်တော်ကော်မတီများတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင် ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ်တစ်ဦးကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၂) ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ ဖြစ်စေ၊ ပြည်သူ့ လွှတ်တော်ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးသို့ဖြစ်စေ တက်ရောက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့ အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သော်လည်းကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော်ကော်မတီများတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့ လွှတ်တော်ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ် များအား ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြား ဥပဒေအရ အရေးယူခြင်းမပြုရ။

(၃) အထက်အပိုဒ်ခွဲငယ်(၁)နှင့်(၂)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိ လက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် လည်းကောင်း မဆန့်ကျင်လျှင် အမျိုးသားလွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီတို့တွင် လွတ်လပ်စွာ ပြောဆို ခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ အမျိုးသားလွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီများတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၂) အမျိုးသားလွှတ်တော် အစည်းအဝေးသို့ဖြစ်စေ၊ အမျိုးသား လွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးသို့ ဖြစ်စေ တက်ရောက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့ အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် သော်လည်းကောင်း မဆန့်ကျင်လျှင် အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကော်မတီများတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၃) အထက်အပိုဒ်ခွဲငယ် (၁)နှင့်(၂)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိ လက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၁၈။ (က) (၁) ပြည်သူ့လွှတ်တော်အစည်းအဝေး တက်ရောက်နေသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကို ဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက် အထားကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၂) ပြည်သူ့လွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေး တွင်သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသော ကော်မရှင် သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးတွင် သော်လည်းကောင်း အစည်းအဝေး တက်ရောက်နေသည့် ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင် တစ်ဦးအား ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက် အထားကို သက်ဆိုင်ရာကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏အကြီးအကဲမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက် မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၃) ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော်ကော်မတီ သို့မဟုတ် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသော ကော်မရှင်နှင့် အဖွဲ့အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ပြည်သူ့လွှတ် တော် ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ဖမ်းဆီး ခြင်းနှင့်စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် အစည်းအဝေးတက်ရောက်နေသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို ဖြစ်စေ၊ လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက် အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ် တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၂) အမျိုးသားလွှတ်တော်ကော်မတီ တစ်ရပ်ရပ်၏ အစည်း အဝေးတွင်သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်က ဖွဲ့စည်းသော ကော်မရှင် သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်း အဝေးတွင်သော်လည်းကောင်း အစည်းအဝေး တက်ရောက် နေသည့် ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏အကြီးအကဲမှတစ်ဆင့် အမျိုးသား လွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၃) အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော် ကော်မတီ သို့မဟုတ် အမျိုးသားလွှတ်တော်က ဖွဲ့စည်းသော ကော်မရှင်နှင့် အဖွဲ့အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီး ပါက ထိုသို့ဖမ်းဆီးခြင်းနှင့်စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

၁၉။ (က) ပြည်သူ့လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံ စာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

(ခ) အမျိုးသားလွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရ သော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ

တို့ဖြစ်ပါကြောင်း၊ ယင်း(၁၉)ရပ်ကို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲ ရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်သူ့လွှတ်တော်၊ အမျိုးသား လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း မိမိတို့ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့အနေဖြင့် အကြံပြုတင်ပြအပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဌာနမှ ဦးသိန်းလွင်၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ ဦးသိန်းလွင် ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

မိမိတို့ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့အနေဖြင့် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်း ပြောကြားချက်များကို အချိန်ယူ၍ အသေးစိတ်လေ့လာမှုများကို ပြုလုပ်ခဲ့ ပါကြောင်း၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်း ပြောကြားချက်များသည် နိုင်ငံအများအပြား၏ ဖွဲ့စည်းပုံအခြေခံဥပဒေများ၊ လွှတ်တော်များမှ လက်ခံကျင့်သုံးလျက်ရှိသောမူများ၊ မိမိတို့နိုင်ငံ၌ ကျင့်သုံး ခဲ့သည့် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေများမှ ဆိုင်ရာကဏ္ဍအလိုက် တွေ့ရှိချက်များကို ဖော်ပြထားပြီး မြန်မာနိုင်ငံ၏ လက်ရှိပကတိအခြေအနေနှင့် ကိုက်ညီဆီလျော်အောင် ပြုစု ရေးသားထားကြောင်း တွေ့ရှိရပြီး ပြည့်စုံမှုရှိကြောင်း တွေ့ရပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများကို အစုအဖွဲ့အနေဖြင့် အောက်ဖော်ပြပါ အပိုင်းများအလိုက် လေ့လာဆွေးနွေးခဲ့ကြပါကြောင်း။

- **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ သက်တမ်း၊**
- **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်များ၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ခေါ်ယူရန် တာဝန်အပ်နှင်းသင့်သော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၊**
- **လွှတ်တော်ကိုယ်စားလှယ်များ သက်ဆိုင်ရာလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေး၌ ကတိသစ္စာပြုရန်ကိစ္စရပ်များ၊**
- **လွှတ်တော်အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံး ကျင်းပရမည့် အကြိမ်သတ်မှတ်ချက်၊**
- **လွှတ်တော်အစည်းအဝေးများတွင် ဆောင်ရွက်ရမည့် ကိစ္စရပ်များ** ကို ဆွေးနွေးခဲ့ကြပါကြောင်း။ ဆက်လက်၍ –

အချပ်ပို (ခ) သို့

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး၌ နိုင်ငံတော်သမ္မတကပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌကခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်းကိစ္စရပ်များ ဆောင်ရွက်သည်

အချပ်ပို (က) မှ

- အထူးအစည်းအဝေးများ၊ အရေးပေါ် အစည်းအဝေးများ ခေါ်ယူကျင်းပခွင့်ရှိရေး၊
- လွှတ်တော်အစည်းအဝေးတစ်ရပ် အထမြောက်ရန် လွှတ်တော်ကိုယ်စားလှယ်ဦးရေ သတ်မှတ်ထားရှိရေး၊
- အဆုံးအဖြတ်ပေးရမည့် ကိစ္စရပ်များကို ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များ၏ ဆန္ဒရယူဆုံးဖြတ်ရေး၊
- သက်ဆိုင်ရာ လွှတ်တော်အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် လွှတ်တော်ကိုယ်စားလှယ်များကို ဆိုင်ရာလွှတ်တော်က မည်သို့ အရေးယူခွင့်ရှိကြောင်း သတ်မှတ်ရေး၊
- **လွှတ်တော်ကိုယ်စားလှယ်နေရာများ လစ်လပ်နေစေကာမူ လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိစေသင့်သည့်ကိစ္စ များကို ဆွေးနွေးခဲ့ကြပါကြောင်း။ ဆက်လက်၍ –**
- လွှတ်တော်၏ ဆွေးနွေးဆုံးဖြတ်ချက်များ၊ ဆောင်ရွက်ချက်များကို **အများပြည်သူ သိရှိခွင့်ရစေရေးကိစ္စ၊**
- ဥပဒေပြုအာဏာ ခွဲဝေမှုအပိုင်း အပါအဝင် တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊
- သက်ဆိုင်ရာ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်အပ်နှင်းရေးကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးခဲ့ကြပါကြောင်း၊ ထို့အပြင်
- **လွှတ်တော်၏ ဆုံးဖြတ်ချက် သို့မဟုတ် သဘောတူညီချက် သို့မဟုတ်** အတည်ပြုချက်ရယူရန်ကိစ္စများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန်များ၊
- လွှတ်တော်တွင် ဥပဒေကြမ်းများ တင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ **အတည်ပြုခြင်းတို့နှင့် စပ်လျဉ်း၍ ဆောင်ရွက်ရန်အချက်များ၊**
- လွှတ်တော်ကိုယ်စားလှယ်များ၏ သက်ဆိုင်ရာ လွှတ်တော်တွင် ဥပဒေကြမ်း တင်သွင်းခွင့်၊
- တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေသုံးငွေ လျာထားချက်ကို **လွှတ်တော်သို့ တင်သွင်းခြင်းကိစ္စ၊**
- လွှတ်တော်က အတည်ပြုသော ဥပဒေကြမ်းများကို ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရေး၊
- ဥပဒေပြုရေးဆိုင်ရာ ဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်တို့ကို ဆွေးနွေးခဲ့ကြပါကြောင်း၊ ယင်းနောက်–
- **လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊**
- လွှတ်တော်ကိုယ်စားလှယ်များ၏ အခွင့်အရေးများ၊
- **လွှတ်တော်က ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ် ဆွေးနွေးခဲ့ကြပါကြောင်း။**

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့အနေဖြင့် လေ့လာဆွေးနွေးခဲ့ကြရာ အချက်အလက်များကို ဘက်စုံ၊ ထောင့်စုံ၊ ရှုထောင့်စုံတို့မှ အသေးစိတ်ရှင်းလင်းဖော်ပြထားသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ပါဝင်ရမည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများအဖြစ် အောက်ပါအတိုင်း တင်ပြအပ်ပါကြောင်း–

၁။ (က) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သက်တမ်းစတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်း စတင်သည့် နေ့ရက်ဖြစ်သည်။**

(ခ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ပထမ အကြိမ်ပုံမှန် အစည်းအဝေးကို ယင်းလွှတ်တော်၏သက်တမ်း စတင်သည့်နေ့မှ ၁၅ ရက်အတွင်း ကျင်းပရမည်။**

၂။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမအကြိမ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို **နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက** ခေါ်ယူကျင်းပရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင်လျက်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

၃။ (က) ပထမအကြိမ် ကျင်းပသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ကိုယ်စားလှယ်များသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာ ပြုရမည်။

(ခ) ကတိသစ္စာမပြုရသေးသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များသည် စတင်တက်ရောက်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတွင် လွှတ်တော် ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာ ပြုရမည်။

၄။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ် **နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂ လထက် မပိုစေရ။**

၅။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များ ဆောင်ရွက်သည်–

(က) **နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊**

(ခ) **နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော** အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ဃ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(င) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရလည်းကောင်း တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(စ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းသည့် **အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊**

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(ဈ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း၊

၆။ (က) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အထူးအစည်း** အဝေးကို ဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန် လိုအပ်လျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပနိုင်သည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို **ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်** ဝန်ကြီးချုပ်က အကြောင်းကြားလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌသည် လွှတ်တော်အထူးအစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ် အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံး ခေါ်ယူကျင်းပရမည်။

(ဂ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို** ခေါ်ယူကျင်းပပေးရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုလျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက အထူးအစည်းအဝေးကို အမြန်ဆုံး **ခေါ်ယူကျင်းပရမည်။**

၇။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တစ်ရပ်၏ပထမနေ့တွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ **တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။** အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး **အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေး** များတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးကို တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံးသုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံ အခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်း **မရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့်** တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ တိုင်းဒေသကြီး သို့မဟုတ် **ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်** နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၉။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် တစ်ဦးသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံးရက်ပေါင်း ၁၅ရက် တစ်ဆက်** တည်းပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ နေရာလစ်လပ်သည်ဟု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ကြေညာနိုင်သည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ ရက်ကို ရေတွက်ရာ၌ အစည်းအဝေးရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုရ။

၁၀။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အခွင့်အရေးမရှိသူတစ်ဦးက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် **လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခဲ့ခြင်း၊ ဆန္ဒမဲပေးခဲ့ခြင်း** သို့မဟုတ် လွှတ်တော်လုပ်ငန်း တစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၁၁။ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့်** မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၁၂။ **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် “တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း”တွင်ဖော်ပြသော ကိစ္စရပ်များနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ဝန်းလုံးအတွက်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်စိတ်တစ်ဒေသ အတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့်ရှိသည်”**

၁၃။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် ဥပဒေတစ်ရပ် ပြဋ္ဌာန်းသည့်အခါ–

(၁) **ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ** နှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်၊

(၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို **အပ်နှင်းနိုင်သည်။**

(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့်လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း **ညီညွတ်မှုရှိရမည်။**

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်း ဥပဒေတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာ **အဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံးကျင်းပသော တိုင်း** ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ပုံမှန်အစည်းအဝေး ကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်း **ဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ်** ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်း **ဥပဒေ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀အတွင်း လွှတ်တော်ကိုယ်စားလှယ်များက တိုင်းဒေသကြီး သို့မဟုတ်** ပြည်နယ်လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(င) **နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ** တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆုံးဖြတ်ပါက ထိုသို့ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်းမရှိစေရ။

၁၄။ (က) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်၏ အဆုံးအဖြတ်ရယူမည့်ကိစ္စရပ်များ၊ သဘောတူညီချက်ရယူမည့် ကိစ္စရပ်များ၊ အတည်ပြုချက်ယူမည့်ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်း**အဝေး ကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌** ဆွေးနွေးဆုံးဖြတ်ရမည်၊

(၂) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်း**အဝေး ကျင်းပဆဲကာလ မဟုတ်လျှင် အနီးကပ်ဆုံး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ **ဆွေးနွေးဆုံးဖြတ်ရမည်၊**

(၃) အများပြည်သူအကျိုးငှာ အလျင်အမြန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

၁၅။ (က) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းများသည် “တိုင်း

အချပ်ပို (ဂ) သို့

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ နိုင်ငံတော်သမ္မတ ပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်းဆောင်ရွက်သည်

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ၉ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အခြား ဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းနှင့်စပ်လျဉ်း၍ ရွှေပြည်အေး(အမ်တီအေ) အဖွဲ့မှ ဦးစိုင်းခွန်မိန်း၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

မိမိတို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ကိုယ်စား နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး ထောက်ခံချက်စာတမ်းကို အပိုင်း(၃)ပိုင်းခွဲကာ ကိုယ်စားလှယ် (၃)ဦးက ထောက်ခံတင်ပြသွားကြမှာ ဖြစ်ပါကြောင်း။

ယခုကဲ့သို့ ထောက်ခံချက်စာတမ်းတစ်စောင် ရရှိရေးအတွက် မိမိတို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၏ ၂၀၀၅ခုနှစ် ဒီဇင်ဘာ ၁၆ရက်နေ့တွင်ကျင်းပသည့် အစုအဖွဲ့အစည်းအဝေး၌ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး သဘာပတိအဖွဲ့ ဦးဆောင်သောအဖွဲ့ဝင် ၂၃ဦးပါဝင်သည့် "စာတမ်းပြုစုရေးအဖွဲ့"ကို ရွေးချယ်ဖွဲ့စည်းခဲ့ကြပါကြောင်း၊ စာတမ်းပြုစုရေးအဖွဲ့အနေဖြင့် အစုအဖွဲ့တွင် ပါဝင်သည့် ကိုယ်စားလှယ်၈၉ဦးတို့၏ သဘာထားဆန္ဒနှင့်အညီ ပြည့်ပြည့်ဝဝ၊ မှန်မှန်ကန်ကန် ဖော်ထုတ်နိုင်သည့် စာတမ်းတစ်စောင်ရရှိရေး အတွက် အစည်းအဝေး(၂)ကြိမ်ကျင်းပပြီး ဆောင်ရွက်ခဲ့ကြပါကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ရာတွင် လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးမေးမြန်း၊ အကြံပြုခြင်းများ အပြည့်အဝရရှိခဲ့ပြီး အနာဂတ်နိုင်ငံတော်၏ "ဖွဲ့စည်းပုံအခြေခံဥပဒေ" ပေါ်ပေါက်ရေးတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ မိမိတို့အစုအဖွဲ့၏ ထူးခြားမှုနှင့်အညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုးက ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော်နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူ (၂၈)ချက်ကိုလည်းကောင်း၊ ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့မှာ ကျင်းပခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့်စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူ (၁၉)ချက်ကိုလည်းကောင်း၊ ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် စပ်လျဉ်းပြီး ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူ (၂၃)ချက်ကိုလည်းကောင်း ရှင်းလင်းတင်ပြသွားခဲ့ပါကြောင်း။

အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ရွှေပြည်အေး(အမ်တီအေ) အဖွဲ့မှ ဦးစိုင်းခွန်မိန်း ဖတ်ကြား တင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းချက်များတွင်ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် အသေးစိတ်အခြေခံရမည့်မူချမှတ်နိုင်ရေးကို မိမိတို့အနေဖြင့် အသေးစိတ်လေ့လာခဲ့ကြပါကြောင်း၊ ထိုကဲ့သို့လေ့လာရာတွင် တွေ့ရှိရသည့် အချက်များကို တင်ပြသွားမည်ဖြစ်ကြောင်း။

ပြည်ထောင်စုလွှတ်တော် အစည်းအဝေးစတင်ကျင်းပရမည့်အချိန်နှင့် အစည်းအဝေးခေါ်ယူကျင်းပရေးကို လွှတ်တော်နာယက က ဆောင်ရွက်ရန် သတ်မှတ် အကြံပြုထားသည်ကို တွေ့ရှိရပါကြောင်း။

- **ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခေါ်ယူကျင်းပနိုင်သည့် ကာလဆိုင်ရာ အခြေခံရမည့်မူ၊**
- **ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၏ ဆောင်ရွက်နိုင်ရန် လုပ်ငန်းစဉ် (၉)ရပ်၊**

အချပ်ပို (ဃ) သို့

အချပ်ပို (ခ) မှ

ဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း"တွင် ပါရှိသော ကိစ္စရပ်များအနက် မိမိတို့ စီမံခန့်ခွဲသည့်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဒေသန္တရစီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းရမည်။

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်း" တွင် ပါရှိသောကိစ္စရပ်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကသာ ဥပဒေကြမ်းတင်သွင်းရမည်ဟု ဤဖွဲ့စည်းပုံအခြေခံ ဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရက "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၏ ရငွေ–သုံးငွေလျာထားချက်"ကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ တင်သွင်းလာလျှင် အဆုံးအဖြတ်ပေးရမည်။

၁၈။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်သည်–

(၁) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(၂) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့က အတည်ပြုသော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။

(ခ) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့် ကာလအတွင်း ဥပဒေကြမ်းကို ဝန်ကြီးချုပ်က လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်း မပြုလျှင် သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က လက်မှတ်ရေးထိုးပြီးသော ဥပဒေများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်။

၁၉။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်ဖြစ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော်အစည်းအဝေးများတွင် မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သောဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆိုဆွေးနွေးခွင့်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအနက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် မဟုတ်သော အဖွဲ့အစည်းဝင်များသည် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် လွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၂၀။ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌသည်–

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က မိန့်ခွန်း ပြောကြားလိုကြောင်း အကြောင်းကြားလျှင် လိုအပ်သလို စီစဉ် ဆောင်ရွက်ပေးရမည်။

(ဃ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်သို့ တက်ရောက် ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(င) ဤဖွဲ့စည်းပုံအခြေခံ ဥပဒေအရသော်လည်းကောင်း၊ ဥပဒေ တစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြား တာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။

၂၁။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့တို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၊ လွှတ်တော် ကော်မတီနှင့်အဖွဲ့များတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်း တို့နှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေမှအပအခြားဥပဒေအရအရေးယူခြင်းမပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်ကဖွဲ့စည်းသည့် ကော်မတီနှင့် အဖွဲ့များတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီနှင့် အဖွဲ့များတွင် တင်ပြပြောဆိုမှုများနှင့်စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်း မပြုရ။

(ဂ) အထက်အပိုဒ်ခွဲ (က)နှင့် (ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိ လက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲ ဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၂၂။ (က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် အစည်းအဝေး တက်ရောက်နေသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန် လိုအပ် ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင် ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်း မပြုရ။

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဖွဲ့စည်းသော ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေး တက်ရောက် နေသည့် ယင်းကော်မတီ သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦး အား ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာကော်မတီ သို့မဟုတ် အဖွဲ့၏အကြီးအကဲမှ တစ်ဆင့် သက်ဆိုင်ရာ လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ထိုလွှတ်တော် ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်း မပြုရ။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အစည်းအဝေး သို့မဟုတ် လွှတ်တော်က ဖွဲ့စည်းသည့်ကော်မတီ သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အား ဖမ်းဆီးပါက ထိုသို့ဖမ်းဆီးခြင်းနှင့် စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

၂၃။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း၊ ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော် မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ မိမိတို့နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်က ချမှတ်ထားသော ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြည်သူလူထုနှင့် နေ့စဉ်ထိတွေ့ တာဝန်ထမ်းဆောင်နေကြသူများ ဖြစ်ကြပါကြောင်း။ ပြည်သူလူထုနှင့်တစ်သားတည်းဖြစ်နေသည့် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့အနေဖြင့် ယခုတင်ပြခဲ့သော အသေးစိတ် အခြေခံရမည့်မူများသည် နိုင်ငံတော်၏ လက်ရှိပကတိအခြေအနေနှင့် ဆီလျော်ကိုက်ညီမှု ရှိပါကြောင်းနှင့် အနာဂတ်နိုင်ငံတော်သစ်အတွက် လျော်ကန်သင့်မြတ်သော အသေးစိတ်အခြေခံရမည့်မူများ ဖြစ်ပါကြောင်း သုံးသပ်တင်ပြရင်း အကြံပြု တင်ပြချက်ကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။

(သတင်းစဉ်)

အချပ်ပို (ဂ) မှ

- ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ခေါ်ယူကျင်းပရေးဆိုင်ရာ အခြေခံမူအနေဖြင့်–
- ပြည်ထောင်စုလွှတ်တော်နာယက က ခေါ်ယူကျင်းပနိုင်ရေး၊
- နိုင်ငံတော်သမ္မတက အကြောင်းကြားချက်ဖြင့် ခေါ်ယူကျင်းပရေး၊
- လွှတ်တော်ကိုယ်စားလှယ်လေးပုံတစ်ပုံက တောင်းဆိုချက်ဖြင့် အထူးအစည်းအဝေး ကျင်းပရေးစသည့် "အစည်းအဝေး ကျင်းပရေးဆိုင်ရာ အခြေခံရမည့်မူ"များကို သတိပြုလေ့လာတွေ့ရှိရပါကြောင်း။ ထို့အပြင်–
- ပြည်ထောင်စုလွှတ်တော်တွင် ကိုယ်စားလှယ်အရေအတွက် မည်မျှ တက်ရောက်ပါက အထမြောက်ကြောင်း အခြေခံမူ၊
- ပြည်ထောင်စုလွှတ်တော်တွင် မဲခွဲဆုံးဖြတ်ခြင်းဆိုင်ရာ အခြေခံမူ၊
- ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ပျက်ကွက်က အရေးယူခြင်းဆိုင်ရာ အခြေခံမူ၊
- ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်သည် ကိုယ်စားလှယ်လစ်လပ်ခြင်း၊ အခွင့်အရေးမရှိသူ တက်ရောက်မှုရှိခြင်းများကြောင့် ဆုံးဖြတ်ချက်များပျက်ပြယ်ခြင်း မရှိစေရေးစသည့် "ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်သည့် အစည်းအဝေးကျင်းပခြင်းနှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူ"များသည် ပြည်ထောင်စုလွှတ်တော်ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ နောင်အငြင်းပွားဖွယ်ကိစ္စရပ်များကို ကြိုတင်ကာကွယ်သည့်အနေဖြင့် ထည့်သွင်းထားခြင်းဖြစ်၍ အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း တွေ့ရှိရပါကြောင်း။ ထို့အပြင်–
- ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များ ထုတ်ပြန်ရေးကိစ္စ၊
- ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုခွင့်၊
- ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါတွင် သက်ဆိုင်ရာအဖွဲ့အစည်းသို့ အမိန့်ကြော်ငြာထုတ်ပြန်ခွင့်အပ်နှင်းရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းစဉ်အခြေခံမူ၊
- နိုင်ငံတော်သမ္မတကတင်ပြသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်သဘောတူညီချက်များအား ဆုံးဖြတ်ခြင်း လုပ်ပိုင်ခွင့်ပေးခြင်းဆိုင်ရာ အခြေခံမူ၊
- ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူရမည့် ကိစ္စရပ်များဆိုင်ရာ လုပ်ငန်းစဉ်အခြေခံမူနှင့် နိုင်ငံတော်သမ္မတ၏ ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်ထုတ်ပြန်ချက်အပေါ် အတည်ပြုရေး၊ မပြုရေးဆိုင်ရာ လုပ်ငန်းစဉ်အခြေခံ မူစသည့် "ပြည်ထောင်စုလွှတ်တော်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဆိုင်ရာ အခြေခံရမည့်မူ" (၅)ချက်သည် ပြည်ထောင်စုလွှတ်တော်နှင့် နိုင်ငံတော်သမ္မတ၊ အာဏာခွဲခြားမှုအပိုင်းကို ပြတ်ပြတ်သားသားတွေ့ရပြီး တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ဆောင်ရွက်သည်ကို တားဆီးထားခြင်းများတွေ့ရ၍ အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်သည်ကို တွေ့ရှိရပါကြောင်း။ ဆက်လက်ပြီး–
- ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ မိမိတို့စီမံခန့်ခွဲသည့် ကိစ္စရပ်များ၊ ဥပဒေကြမ်းများအား ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းနိုင်ခြင်းဆိုင်ရာအခြေခံမူ၊
- ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အရ၊ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်ဆွေးနွေးဆောင်ရွက်ခွင့်ဆိုင်ရာ အခြေခံမူ၊
- ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်တွင် ဆွေးနွေးခြင်းမပြုမီ၊ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတို့အား ပူးပေါင်းလေ့လာစိစစ်စေခြင်း၊လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြဆောင်ရွက်ခွင့်ဆိုင်ရာ အခြေခံမူ၊
- ဥပဒေကြမ်းတစ်ရပ်နှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ခြင်းဆိုင်ရာအခြေခံမူ၊
- နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသည့် ဥပဒေကြမ်းအား အတည်ပြုရေးနှင့် ဥပဒေအဖြစ်ထုတ်ပြန်ကြေညာခြင်းဆိုင်ရာ လုပ်ငန်းအခြေခံမူ၊
- ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်နှင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းအားပြင်ဆင်ရန်၊ အတည်ပြုရန်၊ ဥပဒေထုတ်ပြန်ရန် လုပ်ငန်းဆိုင်ရာ အခြေခံမူ၊
- နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးပြီးသော လက်မှတ်ရေးထိုးပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရေး၊ အာဏာတည်ရေးဆိုင်ရာ အခြေခံမူ၊
- ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များအား ပြည်ထောင်စုလွှတ်တော်တွင် တက်ရောက်၍ မိမိတို့အဖွဲ့အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းအား ဆွေးနွေးခွင့် စသည့် "ဥပဒေကြမ်း တင်သွင်းခြင်းဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူ" (၈)ချက်ကို ထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် အပြန်အလှန်ညှိနှိုင်းပေးထားသည်ကိုတွေ့ရပြီး လွှတ်တော်အချင်းချင်း ဟန်ချက်ညီအောင် ပေါင်းစပ်ဆက်သွယ်နိုင်ရန် စီမံထားခြင်းဖြစ်သည့်အတွက် အသေးစိတ်အခြေခံရမည့်မူအဖြစ် ချမှတ်သင့်သည်ကို တွေ့ရှိရပါကြောင်း။

ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာလုပ်ငန်းများကို ထပ်မံ၍ အသေးစိတ် လေ့လာကြသည့်အခါတွင် ပြည်ထောင်စုလွှတ်တော် နာယက တာဝန်နှင့်လုပ်ပိုင်ခွင့်များ ပါရှိသည်ကိုလည်း တွေ့ရှိရပါကြောင်း။ ယင်းအချက်များမှာ–

ပထမအကြိမ်ကျင်းပမည့် အစည်းအဝေးကို တာဝန်ယူရမည့် ပြည်ထောင်စုလွှတ်တော် နာယကကို မည်သို့မည်ပုံ သတ်မှတ်ရွေးချယ်ခဲ့သည်ကို ဥပဒေပြုရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်း၌–

"ပြည်ထောင်စုလွှတ်တော်သက်တမ်း၏ ပထမလပေါင်း ၃၀ တွင် ပြည်ထောင်စုလွှတ်တော် နာယကတာဝန်ကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ထမ်းဆောင်ရမည်ဖြစ်ကြောင်း" တွေ့ရှိရ၍ ရှင်းရှင်းလင်းလင်း နားလည် သဘောပေါက်ခဲ့ကြကြောင်း။ ထို့အပြင်–

- ပြည်ထောင်စုလွှတ်တော် နာယက၏ တာဝန်နှင့်လုပ်ပိုင်ခွင့်၊
- ပြည်ထောင်စုအဆင့် အဖွဲ့စည်းများ၏ အခြေအနေအရပ်ရပ်ကို နာယက၏ ခွင့်ပြုချက်နှင့် ပြည်ထောင်စုလွှတ်တော်တွင် တင်ပြခွင့်၊
- ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးခွင့်၊ မဲပေးခွင့်နှင့် ကိုယ်ထိလက်ရောက်ကျူးလွန်က အရေးယူခွင့်၊
- ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကိုဖြစ်စေ၊ တက်ရောက်ခွင့်ရှိသူကိုဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက နာယက၏လုပ်ပိုင်ခွင့်၊
- ပြည်ထောင်စုလွှတ်တော်၏ စာရွက်စာတမ်း အစီရင်ခံစာနှင့်ပတ်သက်၍ တရားစွဲဆိုပိုင်ခွင့်မရှိစေရေးစသည့် အခြေခံမူများကိုလည်း လေ့လာတွေ့ရှိရပါကြောင်း။

ယခုကဲ့သို့ မိမိတို့ လေ့လာတွေ့ရှိရသည့်အချက်များသည် အနာဂတ်ဖွဲ့စည်းပုံ အခြေခံဥပဒေအတွက် ပြည်ထောင်စုလွှတ်တော်နှင့် ပတ်သက်သည့် ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့်အသေးစိတ် အခြေခံရမည့်မူများဖြစ်သည်ကို တွေ့ရပါကြောင်း။

မိမိတို့ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တွင်ပါဝင်သည့် ကိုယ်စားလှယ်အသီးသီးတို့က အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရှင်းပြခဲ့သော ပြည်ထောင်စုလွှတ်တော်ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အခြေခံသင့်သည့်မူ (၂၈)ချက်တွင် ပြည်သူများ၏ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူရည်တူရှိမှုများကို စုစည်းဖော်ပြထားသည်ဟု တွေ့ရှိခံစားရသည့်အတွက် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်း။

ထိုကဲ့သို့ ထောက်ခံရာတွင် ပါဝင်သည့် ချမှတ်သင့်သော အသေးစိတ်အခြေခံရမည့်မူများကို စုစည်းဖတ်ကြားတင်ပြရမည်ဆိုပါက–

ပြည်ထောင်စုလွှတ်တော်–

၁။ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်၏ ပထမအစည်းအဝေးစတင်သည့်နေ့မှ ၁၅ရက် အတွင်း ကျင်းပရမည်။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို ပြည်ထောင်စုလွှတ်တော်နာယက က ခေါ်ယူကျင်းပရမည်။

၂။ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကို ပြည်ထောင်စုလွှတ်တော်နာယကက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေးတစ်ကြိမ်နှင့် တစ်ကြိမ်အကြား အရှည်ကြာဆုံးကာလသည် ၁၂လထက် မပိုစေရ။

၃။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်–

(က) နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်းတင်ခြင်း၊

(ခ) နိုင်ငံတော်သမ္မတကပေးပို့သော သဝဏ်လွှာနှင့် နာယကက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဂ) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဃ) ပြည်ထောင်စုလွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်များကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(င) ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(စ) ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(ဆ) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(ဇ) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(ဈ) ပြည်ထောင်စုလွှတ်တော် နာယကက ခွင့်ပြုသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

၄။ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကိုဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ ကျင်းပရန်လိုအပ်လျှင် ပြည်ထောင်စုလွှတ်တော်နာယက က ခေါ်ယူကျင်းပနိုင်သည်။

၅။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကို ခေါ်ယူကျင်းပပေးရန် နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် ပြည်ထောင်စုလွှတ်တော် နာယကသည် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကို ဖြစ်စေ၊ အရေးပေါ်အစည်းအဝေးကိုဖြစ်စေ အမြန်ဆုံးခေါ်ယူ ကျင်းပရမည်။

၆။ ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ခေါ်ယူကျင်းပပေးရန် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက တောင်းဆိုလျှင် ပြည်ထောင်စု လွှတ်တော်နာယကက အထူးအစည်းအဝေးကို အမြန်ဆုံးခေါ်ယူ ကျင်းပရမည်။

၇။ (က) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းရမည်။

(ခ) အပိုဒ်ခွဲ(က)အရ အစည်းအဝေး အထမမြောက်သည့်အတွက် ရွှေ့ဆိုင်းကျင်းပရသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက် ကျင်းပသော အစည်းအဝေးများတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံတက်ရောက်လျှင် အစည်းအဝေးများ အထမြောက်သည်။

၈။ (က) ပြည်ထောင်စုလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် နာယကတာဝန်ထမ်းဆောင်နေသည့် ဒုတိယ နာယကသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်း တူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၉။ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် ပြည်ထောင်စုလွှတ်တော်နာယက၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရန် ပြည်ထောင်စု လွှတ်တော်နာယကက သက်ဆိုင်ရာလွှတ်တော်သို့ အကြောင်းကြားရမည်။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်းထားသည့်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

၁၀။ ပြည်ထောင်စုလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာအချို့ လစ်လပ်နေစေကာမူ ပြည်ထောင်စုလွှတ်တော် လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူတစ်ဦးက ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၁၁။ ပြည်ထောင်စုလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန်ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေတစ်ရပ်ရပ်အရ ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၁၂။ (က) ပြည်ထောင်စုလွှတ်တော်သည် "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ဖော်ပြသော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတစ်ဝန်းလုံးအတွက်သော် လည်းကောင်း၊ ပြည်ထောင်စု၏ တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း အာဏာသက်ရောက်စေရန် ဥပဒေပြုခွင့် ရှိသည်။

(ခ) ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်တင်သွင်းသည့် ဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုလျှင် ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်။

၁၃။ (က) ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ–

(၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့်သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။

(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း ညီညွတ်မှုရှိရမည်။

(ဂ) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်စလုံးက နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်သည် သို့မဟုတ် ပြင်ဆင်စေသည်ဟု မှတ်ယူရမည်။

(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။

(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် အပိုဒ်ခွဲ(ဂ) သို့မဟုတ်(ဃ)အရ ဆုံးဖြတ်ပါက ထိုသို့ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်စေခြင်း မပြုမီ ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်းမရှိစေရ။

၁၄။ ပြည်ထောင်စုလွှတ်တော်သည်–

(က) နိုင်ငံတော်သမ္မတက တင်ပြသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များကို အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။

(ခ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များအနက် မည်ကဲ့သို့သော စာချုပ် သို့မဟုတ် သဘောတူညီချက်အမျိုးအစားကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန်မလိုဘဲ ချုပ်ဆိုခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့ကို ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတအား လုပ်ပိုင်ခွင့် လွှဲအပ်နိုင်သည်။

၁၅။ (က) ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူမည့် ကိစ္စရပ်များ၊ သဘောတူညီချက် ရယူမည့်ကိစ္စရပ်များ၊ အတည်ပြုချက်ရယူမည့် ကိစ္စရပ်များကို အောက်ပါအတိုင်းဆောင်ရွက်ရမည်–

(၁) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပဆဲကာလဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၂) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပဆဲကာလ မဟုတ်လျှင် အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၃) အများပြည်သူအကျိုးငှာ အလျင်အမြန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ် အစည်းအဝေး ခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။

(ခ) ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်တစ်ရပ်ကို ထုတ်ပြန်ပြီး ယင်းအမိန့်ကို အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့်အခါ–

(၁) ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို အတည်ပြုမပြု ဆုံးဖြတ်ရမည်။

(၂) အတည်ပြုရန်ဆုံးဖြတ်ပါက ယင်းအမိန့်ဆက်လက် အာဏာတည်ရမည့်အချိန်ကာလကို သတ်မှတ်ပေးရမည်။

(၃) အတည်ပြုချက်မရရှိလျှင် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်။

(ဆက်လက်ဖော်ပြပါမည်)